# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၆]


ရွေးကောက်ပွဲ ကျင်းပရန် ၂၃ ရက်သာ လိုတော့သည်

# မိမိတို့၏ သမိုင်းတန်ဖိုးက NCA ကို ဘယ်နှဖွဲ့လက်မှတ်ရေးထိုးသည်ဆိုခြင်းထက် အားလုံးလက်ခံထားသည့် သဘောတူညီချက်များကို ဘယ်လောက်ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်သလဲဆိုသည့် မှတ်ကျောက်အပေါ် အခြေခံ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ဒီကနေ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို လက်မှတ်ရေးထိုးရန် တက်ရောက်လာကြတဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းအသိသက်သေများ၊ နိုင်ငံတကာအသိသက်သေများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်အကြီးအကဲများ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ သမိုင်းဝင်နေ့ထူး နေ့မြတ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးအနာဂတ်အတွက် လမ်းသစ်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



NCA စာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် KNU အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းတို့က အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC – 2) ၌ ကျင်းပရာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပအသိသက်သေများက လက်မှတ်ရေးထိုးခဲ့ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သမိုင်းဝင်ငြိမ်းချမ်းရေးအောင်ပွဲနေ့

ကျွန်နုပ်တို့ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ကာ နယ်စပ်ဒေသနေပြည်သူအများစုသည် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးမွေကောင်းမွေများကို ခါးသီးစွာခံစားခဲ့ကြရပါသည်။ ထို့ကြောင့်လည်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးနိုင်ရေး စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်ခွင့်လွှတ်မှုတို့ဖြင့် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြရပါသည်။

ဤသို့ အားလုံးပါဝင်သော ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုရလဒ်များကြောင့်ပင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့ရှိသည့်အနက် ကနဦးအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA)ကိုအောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း ဤစာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်နေကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် တံခါးဖွင့်ထားပါကြောင်း၊ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှေ့ဆက်သွားဖို့သာရှိပြီး နောက်ကြောင်းပြန်လှည့်ရန် မရှိကြောင်းစသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့အတူ KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးကလည်း မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမျှ မရှိဖူးသေးသည့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် ထူးခြားသော ငြိမ်းချမ်းရေး သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့သက်တမ်းတစ်လျှောက် ခါးသီးစွာကြုံတွေ့ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများကို ဒီမှာပဲ ပြည်ဖုံးကားချလိုက်ပြီဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိသက်သေများ ရှေ့မှောက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်၍ ဤလက်နက်ကိုင်ဒေသနေ ပြည်သူများသည် မကြာမီကာလအတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များကို စတင်ခံစားနိုင်တော့မည် ဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများ စတင်လာနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်နိုင်တော့မည်ဖြစ်ပါသည်။ ဤငြိမ်းချမ်းရေးသမိုင်း အောင်ပွဲမှသည် အားလုံးက မျှော်လင့်ထားသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ထောင်သွားနိုင်ရေးခြေလှမ်းသစ်များကို စတင်နိုင်တော့မည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ နဝမအစည်းအဝေးကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနယကအဖွဲ့ ၄၇ ပါးစုံညီ နဝမ အစည်းအဝေးကို ၁၃၇၇ ခုနှစ် တန်ဆောင်းမုန်းလပြည့်ကျော်(၃၊ ၄၊ ၅၊ ၆) ရက်(၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၉၊ ၃၀)ရက်နှင့် ဒီဇင်ဘာ (၁၊ ၂) တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၇၊ ၈)ရက် (၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၊ ၄)ကြာသပတေး၊ သောကြာနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက် စနေနေ့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပေါလ်အာဆီဂါအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# သံအမတ်ကြီး ဦးသာအောင်ညွန့် ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် အဘူဂျာမြို့၌ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး မူဟန်မာန်ဒူ ဘူဟာရီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ဒီပါဝလီနေ့ကို ရုံးပိတ်ရက်အဖြစ်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၅**

၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်) အင်္ဂါနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်အဖြစ် ကြေညာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သင်တန်းသား ရွေးချယ်

**မိုးညှင်း အောက်တိုဘာ ၁၅**

ကချင်ပြည်နယ် ပညာရေးဦးစီးဌာနကြီးကြပ်မှုဖြင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ပထမနှစ်)ဝင်ခွင့် ရေးဖြေစာမေးပွဲကို အောက်တိုဘာ ၁၂ ရက်က မိုးညှင်းခရိုင် မိုးညှင်းမြို့ အမှတ် (၁) အထက်တန်းကျောင်းအောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဆက်လက်ပြီး ကချင်ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဒေါ်ဌေးဌေးရင်နှင့် တာဝန်ရှိသူများသည် မိုးညှင်းမြို့ ပုဂ္ဂလိကကျောင်းများသို့ သွားရောက်စစ်ဆေးပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်လျက်ရှိသော ညောင်ကုန်းရွာ အထက်တန်းကျောင်းခွဲ၊ ကင်းကြီးရွာ မူလတန်းကျောင်း၊ နန့်လှိုင်ရွာမူလတန်းကျောင်း၊ စာထားရွာမူလတန်းကျောင်း၊ ဘုချောင်းရွာ မူလတန်းကျောင်းများ ဆောက်လုပ်ပြီးစီးမှု ဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းသိန်း (မိုးညှင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၆ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

*** ရှေ့ဖုံးမှ**

တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခတွေ မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့ပါတယ်။ ဒီပဋိပက္ခတွေကြောင့် သောင်းနဲ့ချီတဲ့ နှစ်ဖက်စလုံးက တပ်သားတွေ အသက်ဆုံးရှုံးခဲ့ကြရပါတယ်။ လက်နက်ကိုင်ပဋိပက္ခဒေသတွေမှာ နေထိုင်ကြတဲ့ သိန်းနဲ့ချီသော ပြည်သူတွေဟာ စစ်ဘေးစစ်ဒဏ်ကို ခါးစည်းခံခဲ့ရပါတယ်။ အားလုံးဟာ ကိုယ့်တိုင်းရင်းသား ကိုယ့်ပြည်သူတွေပဲ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ အစိုးရတာဝန်စယူခဲ့တဲ့အချိန်မှာ ဒီမိုကရေစီစနစ်ကို ဦးတည်တဲ့ အပြောင်းအလဲတွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ တစ်ဆက်တည်းမှာလည်း ငြိမ်းချမ်းရေးမရရှိဘဲ ဒီမိုကရေစီအပြောင်းအလဲကိုသွားဖို့ ခက်မယ်ဆိုတာကို သဘောပေါက်ခဲ့ပါတယ်။

ဒါ့ကြောင့် အပစ်အခတ်ရပ်စဲရေးအတွက် ၂၀၁၁ ခုနှစ် ဩဂုတ်လမှာ အစိုးရကနေ စတင်ကမ်းလှမ်းခဲ့ပါတယ်။ (၂)နှစ်အတွင်း အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်(၁၄)ဖွဲ့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ်အတွင်းက လက်နက်ကိုင်ပဋိပက္ခတွေကို အတော်များများလျှော့ချနိုင်တဲ့ သဘောတူညီချက်တွေကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့တိုင်းပြည်မှာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရဖို့ အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ ကျွန်တော်တို့ရဲ့ နက်နက်ရှိုင်းရှိုင်းပြဿနာတွေကို အဖြေရှာနိုင်ဖို့ နိုင်ငံရေးဆွေးနွေးပွဲတွေရှိဖို့လိုပါတယ်။ တစ်ဆက်တည်းမှာပဲ ဆွေးနွေးအဖြေရှာနေတဲ့ အချိန်အတောအတွင်းမှာ အပစ်အခတ်ရပ်စဲရေး ခိုင်ခိုင်မာမာဖြစ်စေဖို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေလိုပါတယ်။ ဒါတွေကို အကောင်အထည်ဖော်နိုင်ဖို့ အဓိကအင်အားစုများ လက်ခံတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုရှိဖို့ လိုတယ်ဆိုတာကို ကျွန်တော်တို့ သဘောပေါက်ခဲ့ပါတယ်။

ဒါ့ကြောင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေ ဘယ်လောက်ပဲရှိရှိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement-NCA) ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အားလုံးကျယ်ကျယ်ပြန့်ပြန့်လက်ခံထားတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားညှိနှိုင်းခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလိုဆွေးနွေးညှိနှိုင်းခဲ့တဲ့အခါမှာ အစိုးရဘက်က အသိအမှတ်ပြုမထားတဲ့အဖွဲ့တွေ ပါဝင်ခဲ့ကြပေမယ့် အားလုံးလက်ခံနိုင်တဲ့ ဖြစ်စဉ်တစ်ခုထွက်ပေါ်လာရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အားလုံးပါဝင်ဆွေးနွေးနိုင်အောင် ကြိုးစားခဲ့တာဖြစ်ပါတယ်။ NCA ထဲမှာပါဝင်တဲ့ သဘောတူညီချက်အားလုံးနီးပါးက တိုင်းရင်းသားလက်နက်ကိုင်များဘက်က တင်ပြချက်များအပေါ် အခြေခံပြီး အစိုးရဘက်က ညှိနှိုင်းခဲ့တာ ဖြစ်ပါတယ်။

အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကိုယ်စားလှယ်တို့ရဲ့ ဝိုင်းဝန်းကြိုးပမ်းမှု၊ သည်းခံမှု၊ သဘောထားကြီးမှု၊ အနစ်နာခံကြိုးစားအားထုတ်မှုတွေကြောင့် တစ်နိုင်ငံလုံးပစ်ခတ်

**အားလုံးလက်ခံတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု ပေါ်ပေါက်လာဖို့က လက်မှတ်ရေးထိုးရေးထက် ပိုပြီး အရေးကြီးပါတယ်။ အားလုံးလက်ခံတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အုတ်မြစ်ချနိုင်ရေးက မြန်မာပြည်အနာဂတ်အတွက် အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်လို့ ကျွန်တော်တို့အစိုးရက ခံယူပြီး NCA သဘောတူညီမှုရအောင် အကောင်အထည်ဖော်ခဲ့တာဖြစ်**

**ဒီကနေ့ကစပြီး ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ရဲ့ ဘုံအနာဂတ်အတွက် အတူတကွတာဝန်ရှိသူတွေ ဖြစ်သွားပါပြီ။ ကျွန်တော်တို့ရဲ့သမိုင်းကို အတူတကွ ပုံဖော်ရေးသားကြရတော့မှာပါ။ သမိုင်းရဲ့အောင်မြင်မှု၊ ကျရှုံးမှုတွေကို အတူတကွတာဝန်ခံ၊ တာဝန်ယူကြရတော့မှာပါ။ ဒီကနေ့ လက်မှတ်ရေးထိုးတဲ့ NCA စာချုပ်ဟာဆိုရင် ကျွန်တော်တို့အချင်းချင်းအကြားမှာ တည်ဆောက်ရရှိလာတဲ့ယုံကြည်မှုကို ပြသနိုင်ခဲ့တာ ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေတစ်ခု ချန်ထားနိုင်ခဲ့တာလည်းဖြစ်**

တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ကို ပါဝင်ဆွေးနွေးသူတွေအားလုံးက သဘောတူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ အားလုံးလက်ခံတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုပေါ်ပေါက်လာဖို့က လက်မှတ်ရေးထိုးရေးထက် ပိုပြီးအရေးကြီးပါတယ်။ အားလုံးလက်ခံတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အုတ်မြစ်ချနိုင်ရေးက မြန်မာပြည်အနာဂတ်အတွက် အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်လို့ ကျွန်တော်တို့အစိုးရကခံယူပြီး NCA သဘောတူညီမှုရအောင် အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး မပါနိုင်သေးပေမယ့် ကနဦး ရှေ့ပြေးအနေနဲ့ပါဝင်ပြီး ရှေ့ဆက်သွားဖို့ အဆင်သင့်ဖြစ်နေတဲ့ အဖွဲ့တွေနဲ့ အရင်ဦးစွာ လက်မှတ်ထိုးဖို့ ဆုံးဖြတ်ခဲ့တာပဲဖြစ်ပါတယ်။

ဒါပေမယ့် ကျန်နေသေးတဲ့အဖွဲ့တွေ ပါဝင်နိုင်ရေးကို ကျွန်တော်တို့အားလုံး ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ သူတို့အတွက်လည်း တံခါးဖွင့်ထားပါတယ်။ သူတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးညှိနှိုင်းသဘောတူခဲ့တဲ့အချက်များအပေါ်မှာ အုတ်မြစ်ချထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်တဲ့အတွက်ကြောင့် ဒီဖြစ်စဉ်ကို အကောင်အထည်ဖော်ရာမှာ သူတို့ရဲ့ဆန္ဒတွေကိုလည်း ထင်ဟပ်စေမှာ ဖြစ်ပါတယ်။ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေ တောင်းဆိုလာရင် ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ဆက်လက်လုပ်ဆောင်ရမယ့် လုပ်ငန်းတွေမှာ သူတို့ပါဝင်နိုင်အောင် ကျွန်တော်တို့အစိုးရအနေနဲ့ ညှိနှိုင်းလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

အခုတက်ရောက်လက်မှတ်ရေးထိုးကြတဲ့ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်တွေအနေနဲ့ ကျွန်တော်တို့အားလုံးရဲ့အောင်မြင်မှုကို လှိုက်လှိုက်လှဲလှဲဂုဏ်ယူသင့်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ သမိုင်းတန်ဖိုးက NCA ကို ဘယ်နှဖွဲ့လက်မှတ်ရေးထိုးတယ်ဆိုတာထက် အားလုံးလက်ခံထားတဲ့ သဘောတူညီချက်တွေကို ဘယ်လောက် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်လဲဆိုတဲ့ မှတ်ကျောက်အပေါ်မှာ အခြေခံပါလိမ့်မယ်။

NCA ပါသဘောတူညီချက်တွေကို လက်တွေ့အကောင်အထည်ဖော်မှုအပေါ်အခြေခံပြီး နှစ်ဖက်အကြား ယုံကြည်မှုတည်ဆောက်ရေးကို ပိုမိုခိုင်မာအောင် လုပ်ဆောင်သွားကြဖို့ဖြစ်ပါတယ်။ ကျန်နေသေးတဲ့ အဖွဲ့တွေအနေနဲ့လည်း NCA ပါလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်နိုင်လာတာနဲ့ အမျှ အနှေးနဲ့အမြန်ဆိုသလို ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာကြမှာ ဖြစ်ပါတယ်။

NCA လက်မှတ်ရေးထိုးပြီး ပေါ်ပေါက်လာမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေက ရှေ့ကိုဆက်သွားဖို့ပဲ ရှိပါတယ်။ နောက်ပြန်လှည့်စရာမရှိပါဘူး။ ဒါ့ကြောင့် NCA အပေါ် အခြေခံတဲ့လုပ်ငန်းစဉ်များဟာ မြန်မာပြည်အနာဂတ်သစ်ရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ တစ်ခုတည်းသော လမ်းကြောင်းအဖြစ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

NCA ဟာ နောင်မျိုးဆက်သစ်တွေရဲ့ အနာဂတ်အတွက် သမိုင်းလက်ဆောင်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီပွဲကို စီစဉ်ခဲ့စဉ်အခါမှာ မျိုးဆက်သစ်လူငယ်တွေကိုပါ ဖိတ်ကြားဖို့ ကျွန်တော်တို့ စဉ်းစားခဲ့ပါတယ်။ သူတို့တွေရဲ့ အနာဂတ်အသစ်အတွက် သူတို့ရဲ့ရှေ့မှောက်မှာ ကျွန်တော်တို့တွေ ကတိကဝတ်ပြုကြတာပဲ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ နှစ်တွေရဲ့ စစ်တမ်းတွေအရ မြန်မာနိုင်ငံရဲ့ လူဦးရေ ၁၀ ရာခိုင်နှုန်းဟာ တိုက်ပွဲဖြစ်ပွားရာဒေသတွေမှာ နေထိုင်ကြပါတယ်။ လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်ဟာ လက်နက်ကိုင်ပဋိပက္ခရဲ့ အကျိုးသက်ရောက်မှုရှိတဲ့ ဒေသတွေမှာ နေထိုင်ကြပါတယ်။ NCA လက်မှတ်ရေးထိုးလိုက်ပြီး လုပ်ငန်းစဉ်တွေကို စတင်အကောင်အထည်ဖော်တာနဲ့ ပဋိပက္ခဘေးထွက်ဆိုးကျိုးတွေခံစားနေရတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို အချိန်တိုတိုအတွင်းမှာ ခံစားကြရမှာ ဖြစ်ပါတယ်။

တိုက်ပွဲတွေလျှော့ချရပ်ဆိုင်းနိုင်ဖို့ "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (JMC)"ကို ဖွဲ့စည်းပြီး ထိန်းသိမ်းလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ တိုက်ပွဲတွေ မရှိတော့တဲ့အခါ ဒီဒေသတွေမှာ နေထိုင်တဲ့ပြည်သူလူထုများဟာ အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်နိုင်တော့မှာ ဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ နိုင်ငံတော်အစိုးရအနေနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ပဋိပက္ခအလွန်ဒေသတွေမှာ နိုင်ငံတကာအထောက်အကူတွေ၊ လူထုအကျိုးပြုတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာစေဖို့ ဦးစားပေးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ကို ဖွဲ့စည်းပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်ထားတဲ့ နိုင်ငံရေးဆွေးနွေးပွဲများကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို NCA က ပြဋ္ဌာန်းပေးလိုက်တာ ဖြစ်ပါတယ်။

ယခု လက်ငင်းချက်ချင်းမှာပဲ ကျွန်တော်တို့တစ်တွေအကြားမှာ ကြီးမားတဲ့အောင်မြင်မှုကြီးတစ်ခုရှိနေပါပြီ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို သဘောတူလက်ခံခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရဘက်ကလည်း တိုင်းရင်းသားတွေတောင်းဆိုနေတဲ့ ဒီမိုကရေစီနဲ့ ဖယ်ဒရယ်စနစ်ကိုအခြေခံတဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်ဖို့အတွက် လက်ခံသဘောတူခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ အစိုးရအဆက်ဆက်မှာ တစ်ခါမှမရှိခဲ့ဖူးတဲ့ ကျွန်တော်တို့အကြား ဘုံလက်ခံထားတဲ့ အနာဂတ်ပန်းတိုင်တစ်ခုကို သဘောတူညီနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီဘုံအနာဂတ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် NCA ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရေးက ကျွန်တော်တို့အားလုံးအတွက် အရေးကြီးတဲ့ သမိုင်းပေးတာဝန်ပဲ ဖြစ်ပါတယ်။ NCA ဆိုတာ ကျွန်တော်တို့ ထားရစ်ခဲ့မယ့် သမိုင်းအမွေ ဖြစ်ပါလိမ့်မယ်။

ဒီကနေ့ကစပြီး ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ရဲ့ ဘုံအနာဂတ်အတွက် အတူတကွတာဝန်ရှိသူတွေ ဖြစ်သွားပါပြီ။ ကျွန်တော်တို့ရဲ့ သမိုင်းကို အတူတကွပုံဖော်ရေးသား ကြရတော့မှာပါ။ သမိုင်းရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတွေကို အတူတကွတာဝန်ခံ၊ တာဝန်ယူကြရတော့မှာပါ။ ဒီကနေ့ လက်မှတ်ရေးထိုးတဲ့ NCA စာချုပ်ဟာဆိုရင် ကျွန်တော်တို့ အချင်းချင်းအကြားမှာ တည်ဆောက်ရရှိလာတဲ့ယုံကြည်မှုကို ပြသနိုင်ခဲ့တာ ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေတစ်ခု ချန်ထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ စိတ်ရင်းစေတနာအမှန်ကိုလည်း ထင်ထင်ရှားရှားသက်သေထူနိုင်ခြင်းပဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြသူအားလုံးကို အစိုးရအဖွဲ့ကိုယ်စားလည်းကောင်း၊ နိုင်ငံသားများကိုယ်စားလည်းကောင်း ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ NCA လက်မှတ်ရေးထိုးပွဲကနေ အောင်မြင်တဲ့အကောင်အထည်ဖော်မှု ဖြစ်လာတဲ့အထိ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းရင်း သမိုင်းမှတ်တိုင်ကို အတူတကွစိုက်ထူကြဖို့ ဆန္ဒပြုလိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# အနှိုင်းမဲ့ အလင်းရောင်

* စနစ်အဟောင်း အသစ်ပြောင်းချိန်
ပျော့ပျောင်းညင်သာ သိမ်မွေ့စွာဖြင့်
ကမ္ဘာကြီးက အံ့သြရအောင်
မြန်မာ့သိက္ခာ မြင့်မားလာခဲ့
သာခုခေါ်မီ ဂုဏ်ယူ၏။

* အမျက်ဒေါသ အာဃာတတွေ
လျှော့ချပြေရာ ငြိမ်းချမ်းစွာဖြင့်
မေတ္တာရေစင် အစဉ်သွန်းလောင်း
အကောင်းမြင်ရှု တိုးတက်မှုအတွက်
ပြုစုပျိုးထောင် ပြည်သူ့ခေါင်းဆောင်ပီပါ၏။

* ပြည်သူ့အသံ နာခံရှေးရှု
ပြည်သူ့ဆန္ဒ ကျနသေချာ
လေးစားစွာဖြင့် မြန်မာပြည်သစ်
ရွှေရောင်သစ်ကို စနစ်တကျ
ဦးဆောင်ပြသူ စံပြခေါင်းဆောင်ပီပါ၏။

* မတူကွဲပြား ခြားနားမှုတွေ
ရှိနေသော်ငြား အင်အားအဖြစ်
ချစ်ကြည်စည်းလုံး အပြုံးကိုယ်စီ
ပြည်သစ်တည်ဖို့ ရေရှည်မျှော်တွေး
ဖေးမခေါ်ဆောင် ခေါင်းဆောင်ပီသကြည်ညိုရသည်။

* မြန်မာ့သမိုင်းစဉ်
နှိုင်းမယှဉ်သာ ထူးခြားပါသော
မဟာအလင်းရောင် ခေါင်းဆောင်ဂုဏ်ဒြပ်
လေးစားအပ်သည် ကြီးမြတ်ပါဘိဂုဏ်ယူ၏။

* ကဗျာတစ်စ စာအလှဖြင့်
ရင်မှဆုခြွေ တောင်းဆုဝေလျက်
အသက်ရာကျော် ရှည်ပါစေသတည်း။
ပြည်သူ့အကျိုး ဆတက်တိုး၍
သယ်ပိုးထမ်းရွက် နိုင်ပါစေသတည်း။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်
"အပစ်ရပ်စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အမှတ်တရ"

ဗိုလ်မှူးချုပ် သန်းတင်(ငြိမ်း)

# တောင်အာဖရိကတွင် ဆောက်လက်စတံတားပြိုကျ၊ လူနှစ်ဦးသေဆုံး၊ ၂၃ ဦး ဒဏ်ရာရ



**ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၁၅**

အောက်တိုဘာ ၁၄ ရက်က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်၌ ယာယီတံတားတစ်စင်း ယာဉ်သွားလမ်းမကြီးတစ်ခုပေါ်သို့ ပြိုကျခဲ့ရာ လူနှစ်ဦး သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အခင်းဖြစ်ပွားရာ နေရာ၌ရှိသော ကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။ ကယ်ဆယ်ရေးလုပ်သားများမှာ အပျက်အစီးများကြားမှ လူများကို ဆွဲထုတ်ရန်ကြိုးစားလျက်ရှိရာ လူသေဆုံးမှုနှုန်းမှာ ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

မော်တော်ယာဉ်များမှာ အပျက်အစီးများအောက်တွင် ပိလျက်ရှိကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

တည်ဆောက်နေသော တံတားပတ်ဝန်းကျင်ရှိငြမ်းများသည် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နေစဉ် ပြိုကျခြင်းဖြစ်ကြောင်း ဆေးဘက်အကူအဖွဲ့များက ပြောသည်။

ရဟတ်ယာဉ်တစ်စင်းမှာလည်း ကောင်းကင်တွင် ဝဲပျံလျက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော အကူအညီများပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုသည် ဂျိုဟန်နက်စဘတ်ရှိ စီးပွားရေးမြို့ဖြစ်သော ဆန်တန်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုဖြစ်စဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

တံတားပြိုကျသည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ရဲအဖွဲ့က အသေးစိတ်စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်လျက်ရှိသည်။

**(ဆင်ဟွာ)**

# တရုတ်နိုင်ငံက အီရန်နှင့် ကာကွယ်ရေးပူးပေါင်းရန် ဆန္ဒပြင်းပြ

**ပေကျင်း အောက်တိုဘာ ၁၅**

တရုတ်အစိုးရအနေဖြင့် အီရန်နှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု နက်နက်ရှိုင်းရှိုင်းပြုလုပ်သွားရန် ဆန္ဒပြင်းပြနေကြောင်း တီဟီရန်တွင် ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံအပြီး တရုတ်ထိပ်တန်း ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက ကိုးကားပြောဆိုလိုက်သည်။

တရုတ်နိုင်ငံအနေဖြင့် အီရန်နှင့် ဆက်ဆံရေးတိုးတက်အောင် ကြိုးပမ်း နေကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုတိယအကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ဆန်ဂျန်ဂေါက အီရန်ကာကွယ်ရေးဝန်ကြီး ဟူစိန်ဒက်ဟမ်းကို ပြောကြားခဲ့သည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါ တရုတ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ အီရန်သို့ သွားရောက်လည်ပတ်မှုသည် အီရန်နိုင်ငံနှင့် ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ၏ စစ်ရေးပူးပေါင်းဆောင်ရွက်မှု အမြင်ချင်းဖလှယ်ရေးနှင့် နိုင်ငံတကာကိစ္စများဆွေးနွေးရေးအတွက် ရည်ရွယ်ကြောင်း ဆန်၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ခရီးစဉ်သည် နိုင်ငံတကာ ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို မြှင့်တင်သွားနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်နှင့် အီရန်တို့သည် သံတမန်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ တရုတ်နိုင်ငံက အငြင်းပွားဖွယ် အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သဘောတူညီချက်ရရှိရန် အမေရိကန်နှင့် အီရန်နှစ်ဖက်စလုံးကို တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်။

**(ရိုက်တာ)**



# ဂျပန်နှင့်ဆက်ဆံရေးတိုးမြှင့်ရန် တောင်ကိုရီးယားကို ကန်အရာရှိများ တိုက်တွန်းပြောကြားမည်

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်အဆင့်မြင့်အရာရှိများက လာမည့် အမေရိကန်-တောင်ကိုရီးယားအစည်းအဝေး၌ တောင်ကိုရီးယားကို ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် တိုက်တွန်းမည်ဖြစ်ကြောင်း ပြောသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် လာမည့်သောကြာနေ့တွင် တောင်ကိုရီးယားသမ္မတ ပက်ခ်ဂွန်ဟေးနှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။ အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ၏ အကြီးတန်းညွှန်ကြားရေးမှူးဖြစ်သူ ဒန်နီရယ်ခရစ်တန်ဘရစ်နှင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒန်နီရယ် ရက်စ်ဆဲလ်တို့သည် အောက်တိုဘာ ၁၄ ရက်က အကြိုသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဝါရှင်တန်၌ ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲသို့ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် မတ်ခ်လပ်ပက်တ်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားအရေးကို လာမည့်အစည်းအဝေးပွဲတွင် ဦးစားပေးဆွေးနွေးရမည်ဖြစ်ပြီး အမေရိကန်သည် မြောက်ကိုရီးယား၏ ဒုံးကျည်နှင့် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး တောင်ကိုရီးယားနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်တို့၏ ဆက်ဆံရေးကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးက မြောက်ကိုရီးယားဒုံးကျည်ခြိမ်းခြောက်မှုနှင့်ပတ်သက်ပြီး တောင်ကိုရီးယားကို တရုတ်နှင့် ပူးပေါင်းဆောင်ရွက်မှုဖော်ဆောင်ရန် လမ်းဖွင့်ပေးသကဲ့သို့ဖြစ်ကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရက်စ်ဆဲလ်က ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# မိုဇမ်ဘစ်တောင်ပိုင်းတွင် လူပေါင်း ၅၅၀၀၀ ကျော် ရေဘေးဒုက္ခခံစားနေရ

**မာပူတို အောက်တိုဘာ ၁၅**

ယခုနှစ်မိုးရာသီတွင် မိုဇမ်ဘစ်နိုင်ငံ တောင်ပိုင်းပြည်နယ်ဖြစ်သော မာပူတိုတွင် ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းကျရောက်ခြင်းနှင့် အခြားသဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၅၅၀၀၀ ကျော် အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဒေသတွင်းအစိုးရက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

မိုးအကြီးအကျယ်ရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များသည် လာမည့် မတ်လအထိ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များက ပြောခဲ့သည်။

မာပူတိုဒေသအပါအဝင် ဂါဇာတောင်ပိုင်း၊ ဆိုပလာအလယ်ပိုင်းရှိ တီတီဒေသ၊ မနီကာနှင့် ဇမ်ဘီဇီယာတို့အပြင် နမ်ပူလာ၏ မြောက်ဘက်ဒေသများနှင့် ကာဘိုဒယ်ဂါဒိုဒေသတို့သည် အဓိကရေလွှမ်းမိုးရာသို့မဟုတ် ရေဘေးဒုက္ခကြုံတွေ့ရာနေရာများဖြစ်သည်။

သဘာဝဘေးကိုရင်ဆိုင်ကျော်လွှားရန် မာပူတို အစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခြင်း၊ လှေနှင့် အစားအသောက်ထောက်ပံ့ခြင်းများ ကြိုတင်စီစဉ်ဆောင်ရွက်ထားခြင်း စသည်တို့ကို ပြုလုပ်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# သူပုန်ထိန်းချုပ်မြို့များ ဆီးရီးယားနှင့် ရုရှားဂျက်လေယာဉ်များ ပစ်မှတ်ထားတိုက်ခိုက်



**ဘေရွတ် အောက်တိုဘာ ၁၅**

ရုရှား ဂျက်လေယာဉ်များ၏ ကျောထောက်နောက်ခံ ပစ်ကူတိုက်ခိုက်မှုနှင့်အတူ ဆီးရီးယားနှင့် မဟာမိတ်တပ်များကသူပုန်များ ထိန်းချုပ်ထားသော ဟွမ်းပြည်နယ် မြောက်ပိုင်းမြို့များကို ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိကြောင်း ဆီးရီးယားနိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

ရုရှားတိုက်လေယာဉ်များသည် တယ်ဘီဆက်မြို့ ပတ်ဝန်းကျင်ဒေသများနှင့် အစိုးရထိန်းချုပ်သောမြို့မှ မိုင်အနည်းငယ်အကွာရှိ တီယာမာလာ၊ ဒါခါဘီရာနှင့် ခါလီဒီယာကျေးရွာများကို လေကြောင်းမှ ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အဆိုပါ တိုက်ခိုက်မှုတွင် ဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် လက်ဘနွန်မှ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများ ပါဝင်တိုက်ခိုက်နေကြောင်း၊ ဆီးရီးယားစစ်တပ်က ဟွမ်းပြည်နယ်မြောက်ပိုင်းကို ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

ယင်းတိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးနှင့် သူပုန်တိုက်ခိုက်ရေးသမားခြောက်ဦး သေဆုံးခဲ့ကြောင်း ၎င်းအဖွဲ့က ပြောသည်။

**(ရိုက်တာ)**

# ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အကောင်အထည်ဖော်ရာတွင် ပန်းတိုင်ကို မျက်ခြည်မပြတ်ရန်အရေးကြီး

❒ *ကျော်ဖုံးမှ*

ပြန်လည်ထူထောင်ရေးဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ယနေ့ကျင်းပသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ်များနှင့်အလုပ်အဖွဲ့တို့ကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ယခုအစည်းအဝေးသည် NCA သဘောတူညီချက်အတိုင်း NCA လက်မှတ်ရေးထိုးပြီးပြီးချင်း ဆောင်ရွက်ရမည်ဟု သဘောတူခဲ့သည့်အတိုင်း စာချုပ်အကောင်အထည်ဖော်မှု၏ ပထမဆုံးခြေလှမ်းဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ ကြိုးပမ်းမှုကို သမိုင်းတင်မည့် နိုင်ငံတော်၏ ငြိမ်းချမ်းရေး အနာဂတ်အတွက် ခြေလှမ်းသစ်တစ်ခု ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ယနေ့နံနက် နှစ်ဖက်လက်မှတ်ရေးထိုးခဲ့သည့် NCA စာချုပ်ကို လေးစားလိုက်နာပြီး စာချုပ်ပါသဘောတူညီချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန်ဆန္ဒရှိပါကြောင်း၊ လက်မှတ်မရေးထိုးနိုင်သေးသည့် အဖွဲ့များကိုလည်း လမ်းဖွင့်ကမ်းလှမ်း ကြိုဆိုနေကြောင်းကိုလည်း ဤနေရာမှ အသိပေးလိုပါကြောင်း။

ဤစာချုပ်ကို လက်မှတ်ရေးထိုးသည့် နှစ်ဖက်လုံးက ခိုင်ခိုင်မာမာ အကောင်အထည်ဖော်နိုင်သည့်အပေါ်တွင် ကျန်ခဲ့သည့်အဖွဲ့များကလည်း ဤဖြစ်စဉ်ထဲတွင် ပါဝင်လာကြလိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း၊ ယခုစာချုပ်၏ အကောင်အထည်ဖော်မှုက အားလုံးပါဝင်ရေးအတွက် အရေးပါသည့် ဒေါက်တိုင်တစ်ခုဖြစ်ပါကြောင်း၊ NCA စာချုပ်ကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများစွာနှင့်ရင်ဆိုင်ရမည့် အခြေအနေများရှိလာနိုင်ပါကြောင်း၊ အဆိုပါအခက်အခဲများကို နှစ်ဖက်ပူးပေါင်းပြီး စိတ်ရှည်သည်းခံမှုများဖြင့် ကျော်လွှားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အကောင်အထည်ဖော်ရာတွင် ပန်းတိုင်ကို မျက်ခြည်မပြတ်ရန် အရေးကြီးပါကြောင်း။

အစိုးရအနေဖြင့် ဤစာချုပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်မည်ဟု သန္နိဋ္ဌာန်ချပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များဘက်ကလည်း အလားတူဆန္ဒရှိမည်ကို မိမိတို့ သဘောပေါက်ပါကြောင်း။

ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချရပ်ဆိုင်းနိုင်ရန် JMC အသက်ဝင်လာရန်လိုအပ်ပါကြောင်း၊ ထို့အတူ နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ရန် UPDJC ၏လုပ်ငန်းများ အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ JICM အစည်းအဝေးမှ ဤကော်မတီနှစ်ခုကို နှစ်ဖက်လက်ခံနိုင်သည့်ပုံစံဖြင့် ဖွဲ့စည်းသွားရန် တိုက်တွန်းလိုပါကြောင်း။

NCA ကို အကောင်အထည်ဖော်ရမည့် JICM, JMC, UPDJC စသည့် ကော်မတီများကို လုပ်ငန်းလည်ပတ်ရာတွင် နိုင်ငံရေးပယောဂများ တတ်နိုင်သမျှမပါဘဲ နှစ်ဖက်လက်ခံထားသည့် သဘောတူညီချက်များကိုအခြေခံပြီး အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ယခုပေါ်ပေါက်လာသည့် ကော်မတီနှင့် အလုပ်အဖွဲ့များအနေဖြင့် NCA ကို ဗဟိုပြုထားသည့် အဖွဲ့များဖြစ်ရမည် ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲရန် အစည်းအဝေးများ၊ နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် အဆိုပါကော်မတီများ အသက်ဝင်လာရန် အစွမ်းကုန်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာကလည်း ဤလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုသွားမည်ဟု သိရှိရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခု JICM တွင်ပါဝင်ကြမည့် နှစ်ဖက်ကိုယ်စားလှယ်များအနေဖြင့် NCA ကို ထိထိရောက်ရောက် အကောင်အထည်ဖော်မည့်ကော်မတီများနှင့် အလုပ်အဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အားလုံးလိုလားသည့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မရောက်ရောက်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မက်စ်ဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။**

(သတင်းစဉ်)



**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ဦးသိန်းဇော်တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ဒုတိယဥက္ကဋ္ဌများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များက သတင်းထောက်များ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ ယနေ့တွင် Myanmar Mobile Money သုံးစွဲသူပြည်သူများက အလှူငွေကျပ် ၃၇၂၅၀၀၊ ဥပဒေပြုဌာနကြီးဝန်ထမ်းများ(အမျိုးသားလွှတ်တော်)က အလှူငွေကျပ် ၄၂၀၀၀ လက်ခံရရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးသာကျော်(မိသားစု)၏ အလှူငွေကျပ် ၅၀၀၀၀၀ ကို လက်ခံရရှိခဲ့သည်။ သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၀၇၇၇၀၅၂၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၆၈၄၉၂ ဒသမ ၂၆နှင့် ယူရို ၃၀၀ ဖြစ်သည်။ အဆိုပါလက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများသို့ ဆန္ဒမဲလက်မှတ်များ အချိန်မီရောက်ရှိစေရေး တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မက်မန်းခရိုင်များအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျဉ်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့် မက်မန်းမြို့နယ်များသို့ ဆန္ဒမဲလက်မှတ်များ အချိန်မီ ဆက်လက်ပို့ဆောင်နိုင်ရေးအတွက် အောက်တိုဘာ ၁၅ ရက်တွင် တပ်မတော်မှ သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 နှစ်စင်းဖြင့် ကျိုင်းတုံလေဆိပ်သို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။ အောက်တိုဘာလ ၁ ရက်တွင်လည်း သွားလာရန်ခက်ခဲသည့် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ နောင်မွန်း၊ ခေါင်လန်ဖူးနှင့် မချမ်းဘောမြို့နယ်များရှိ မဲရုံများတွင်အသုံးပြုမည့် မဲရုံသုံးပစ္စည်း ၃ ဒသမ ၃ တန်အား မြစ်ကြီးနားမှ ပူတာအိုသို့ တပ်မတော်မှ သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ဖြင့် ပို့ဆောင်ခဲ့ပြီး ပူတာအိုမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးမည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယား၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အထူးကိုယ်စားလှယ်များ၊ နိုင်ငံခြား သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပရေး ပူးတွဲကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ ပညာရှင်များ၊ NGO / INGOs များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ အမှာစကားကို ရှေ့ဖုံးတွင်ဖော်ပြထားပါသည်။ )**

ထို့နောက် NCA အား လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကိုယ်စား ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက နှစ်ဖက်ညှိနှိုင်း ဆွေးနွေးဖက်များအကြား ရဲရင့်တက်ကြွသည့် အားမာန်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် အဖြေရှာလိုသော အာသီသကို အခြေခံကြ၍ ဤ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA) ကို ရရှိခဲ့ခြင်းဖြစ်ပြီး သမိုင်းစာမျက်နှာသစ်တစ်ခု ပေါ်ပေါက်စေခဲ့ပါကြောင်း။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခြင်းသည် သာမန်အပစ်ရပ် စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခြင်း မဟုတ်ဘဲ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်ရေး လျှောက်လှမ်းရမည့် ခရီးရှည်ကြီး၏ ပထမဦးဆုံးသော အရေးကြီးသည့် ခြေလှမ်းဖြစ်ပြီး စိန်ခေါ်မှုများစွာကလည်း စောင့်ကြိုနေပါကြောင်း။

မိမိတို့အားလုံးသည် စိတ်ရှည်သည်းခံကာ အခက်အခဲအားလုံးကို နောက်မဆုတ်စတမ်း အတူတကွ ကျော်ဖြတ်ကြရန် သက်ဆိုင်သူအားလုံးကို တောင်းဆိုလိုပါကြောင်း။

မိမိတို့ အသီးသီး၏ ဆန္ဒသဘောထားကိုသာ ရှေ့တန်းမတင်ဘဲ အပြန်အလှန် လေးစားတန်ဖိုးထားမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ကာ အားလုံးပါဝင်ကြသည့် နိုင်ငံရေးဆွေးနွေးပွဲများမှ တစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်သည်အထိ ရလဒ်ကောင်းများရရှိရန် ကြိုးစားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့၏ သက်တမ်းတစ်လျှောက်တွင် ခါးသီးစွာ တွေ့ကြုံခံစားလာခဲ့ကြရသည့် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးမွေများအားလုံးကို ဤနေရာတွင် ပြည်ဖုံးကားချပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရန် အုတ်မြစ်ချနိုင်ရေး မဆုတ်မနစ် ကြိုးပမ်းကြပါစို့ဟု ပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် မှတ်တမ်းရုပ်ရှင်ကို ပြသသည်။

ထို့နောက် လက်မှတ်ရေးထိုးပွဲ အစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အသိသက်သေပြု၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ဦးသိန်းဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) စစ်ဦးစီးချုပ် စောလားဘွယ်၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေး ကောင်စီ (KNU / KNLA- PC) ဥက္ကဋ္ဌ စောဌေးမောင်၊ ချင်းအမျိုးသား တပ်ဦး (CNF) ဥက္ကဋ္ဌ ဦးပူးနန်လျန်ထန်၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) နာယက ဦးခွန်ဥက္ကာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ( ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS /SSA-S) ဥက္ကဋ္ဌ ဦးရွက်ဆစ်တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ဖြစ်ကြသော KNU စစ်ဦးစီးချုပ် စောဂျော်နီ၊ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၊ DKBA ဒုတိယ စစ်ဦးစီးချုပ် စောမိုရှေးနှင့် စောစိန်ဝင်း၊ KNU-KNLA PC ဒုတိယ ဥက္ကဋ္ဌ စောထော့လေးနှင့် စောရင်နု၊ CNF အထွေထွေအတွင်းရေးမှူးချုပ် ပူးဇင်ကျုံး၊ ဟရန်သင်ထိုက်၊ PNLO စစ်ဦးစီးချုပ် ခွန်သူရိန်နှင့် နာယက ခွန်ဥက္ကာ၊ ABSDF ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းနှင့် ရဲဘော်ရဲထွတ်၊ APL စစ်ဦးစီးချုပ် ခိုင်ထွန်းဝင်း၊ စောမြရာဇာလင်း၊ RCSS မှ ဒုတိယစစ်ဦးစီးချုပ် ဘောင်ခေး၊ စိုင်းလတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်တွင်းအသိသက်သေများအဖြစ် ဦးဇော်အေးမောင်၊ ဦးစောထွန်းအောင်မြင့်၊ ဦးခွန်သန်းမြင့်၊ ဦးဌေးဦး၊ ဦးတင်နိုင်သိန်း၊ ဦးခင်မောင်ဆွေ၊ ဦးသန်းတင်၊ ဦးစိုင်းအိုက်ပေါင်း၊ ဦးဇိုဇမ်၊ ဒေါ်ချင်းချင်း၊ ဦးစောသိန်းအောင်၊ ဦးစောဒယ်နီရယ်၊ ဒေါ်သန်းသန်းနု၊ ဦးသက်နိုင်ဝင်း၊ ဦးခင်ရီ၊ ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ ဦးသန်းဌေးတို့က လည်းကောင်း၊ နှစ်ဖက်သက်သေအဖြစ် ဦးကိုကိုကြီး၊ ဦးမြအေးတို့ကလည်းကောင်း၊ နိုင်ငံတကာအသိသက်သေများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang ၊ အိန္ဒိယသမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ် H.E. Shri Ajit Kumar Doval ၊ ဂျပန်နိုင်ငံမှ အထူးကိုယ်စားလှယ် H.E. Mr. Yohei SASAKAWA ၊ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် H.E. Mr. Apichart Chinwanno ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Roland Kobia ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားတို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူး ပဒို စောကွယ်ထူးဝင်းတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ( အနှစ်ချုပ်) ကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားကြသည်။

**(တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (အနှစ်ချုပ်) ကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် NCA စာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် KNU အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းတို့က အပြန်အလှန် လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ တက်ရောက်လာကြသူများသည် မြေညီထပ်ရှိ ဧည့်ခန်းမဆောင်၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အနှစ်ချုပ်

၁ ။ ဤသဘောတူစာချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုကိုဦးတည်၍ သဘောတူစာချုပ်ချုပ်ဆိုသော စာချုပ်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးတွင် အကျိုးသက်ရောက်မှုရှိသည်။

၂ ။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယခင်ကချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး အခန်း(၇)ခန်းနှင့် အပိုဒ်ပေါင်း (၃၃)ပိုဒ်ပါရှိပါသည်။

၃ ။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်ပါသည်။

၄ ။ ထို့အပြင် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့်နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ်ထူထောင်ပြီး တန်းတူရည်တူအခွင့်အရေးရရှိမည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံသည့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်သူ အားလုံးပါဝင်သွားရန် သဘောတူကြသည်။

၅ ။ အပစ်အခတ်ရပ်စဲရေးကို ခိုင်ခိုင်မာမာအကောင်အထည်ဖော်နိုင်ရန် နှစ်ဖက်လိုက်နာရမည့် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူလူထုကို အကာအကွယ်ပေးရေးအတွက် လိုအပ်သည့်အချက်များကိုလည်း စာချုပ်တွင် အသေးစိတ်ဖော်ပြထားသည်။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရေးကို နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ရန် သဘောတူကြပါသည်။

၆ ။ သဘောတူညီထားသော စစ်ဘက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို ထိထိရောက်ရောက်လိုက်နာမှုရှိစေရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဖွဲ့စည်းပြီး စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

၇ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံတစ်ခုကိုလည်း သဘောတူညီခဲ့ကြပါသည်။ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံးပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီကို ဖွဲ့စည်း၍ အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ထိုပူးတွဲကော်မတီက နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲ၍ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

၈ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ယုံကြည်မှုတည်ဆောက်နိုင်စေရန်အလို့ငှာ မတရားအသင်းအဖြစ်ကြေညာထားသောအဖွဲ့အစည်းများကို မတရားအသင်းစာရင်းမှ ပယ်ဖျက်ရန်သဘောတူညီခဲ့သည့်အလျောက် ဤစာချုပ်ကို လက်မှတ်ရေးထိုးသောအဖွဲ့အစည်းများကို အစိုးရက မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့ပါသည်။

၉ ။ ထို့အပြင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့်ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် နှစ်ဖက်မှပူးပေါင်းဆောင်ရွက်ရန်သဘောတူညီခဲ့ကြပါသည်။

၁၀။ ဤစာချုပ်သည် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များက လက်မှတ်ရေးထိုးပြီးသည့်အချိန်မှ စတင်၍ အသက်ဝင်မည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုဖော်ဆောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းဝင်သဘောတူစာချုပ်ဖြစ်ပါသည်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဂုဏ်ပြုမှတ်တမ်းတင်ထုတ်ပြန်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**သတင်းထုတ်ပြန်ချက်အမှတ်(၁၃/၂၀၁၅)**

၁ ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့တို့အကြား လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ ကြီးမားသောသမိုင်းဝင်အောင်မြင်မှုတစ်ရပ်အဖြစ် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂ ။ ဤစာချုပ်သည် အပစ်အခတ်ရပ်စဲရေး သက်သက်ထက်ကျော်လွန်ကာ မိမိတို့တိုင်းရင်းသား လူမျိုးစုများအကြား ကာလကြာရှည် ပျောက်ဆုံးနေသည့် ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်ခဲ့သည့် ဆုလာဘ်ဟု ဆိုနိုင်ပါသည်။

၃ ။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းအားလုံးတို့၏ ကာလကြာရှည်စွာကြိုးပမ်းဆောင်ရွက်မှုများကို ကော်မရှင်က ချီးကျူးဂုဏ်ပြုပါသည်။

၄ ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန်ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အဆိုပါသဘောတူစာချုပ်တွင် ဆောလျင်စွာ ပါဝင်လက်မှတ်ရေးထိုးကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

၅ ။ ထိုကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် ရရှိလာသောငြိမ်းချမ်းရေးမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပကာ မိမိတို့မျှော်မှန်းသော ဖယ်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာနိုင်မည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက်ယုံကြည်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအား ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် (Federal Democracy Alliance) က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်

**ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်**

**(Federal Democracy Alliance)၏**

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်**

**လက်မှတ်ရေးထိုးပွဲအခမ်းအနားအားကြိုဆိုထောက်ခံကြောင်း**

**သဘောထားထုတ်ပြန်ကြေညာချက်**

၁ ။ (၁၅-၁၀-၂၀၁၅) ရက်နေ့၊ နေပြည်တော်၌ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်" လက်မှတ်ရေးထိုးချုပ်ဆိုပွဲအခမ်းအနား ကျင်းပမည်ဖြစ် ကြောင်း ကြားသိရပါသည်။

၂ ။ အဆိုပါစာချုပ်ချုပ်ဆိုနိုင်မှုမှတစ်ဆင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး (NCA လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့် အဖွဲ့အစည်းများအပါအဝင်)တို့သည် ပြည်ထောင်စုသားအားလုံး အကျိုးကိုသာ ဦးထိပ်ထားလျက် အပစ်အခတ်ရပ်ရေးအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတွင် ဆောလျင်စွာတက်ကြွပါဝင်ဆောင်ရွက်ကြပါရန် ကျွန်ုပ်တို့ ဒီမိုကရေစီမဟာမိတ် (FDA) က တိုက်တွန်းလိုပါသည်။

၃ ။ ယခုအခါ မြန်မာပြည်ထောင်စုတစ်ဝန်းလုံး အတိုင်းအတာဖြင့် နှစ်ပေါင်း (၇၀)နီးပါး ရှည်ကြာလာခဲ့ပြီးဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြီး ရပ်စဲကာ ဆွေးနွေးညှိနှိုင်းအဖြေရှာသောနည်းကိုင်စွဲလျက်၊ ရေရှည်တည်တံ့ ကျယ်ပြန့်ခိုင်မာသည့် ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန် ထူးကဲသောအခွင့်ကောင်းကြီးတစ်ရပ် အခိုင်အခံ့ပေါ်ပေါက်လာပြီဟု ကျွန်ုပ်တို့ ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် (FDA) က အလေးအနက်ယုံကြည်လျက် ဖော်ပြပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားကြီးကို လှိုက်လှဲဝမ်းမြောက်စွာ ထောက်ခံကြိုဆိုပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရမည်။**

**ပြည်တွင်းငြိမ်းချမ်းရေးအောင်ရမည်။**

**၂၀၁၅ ခုနှစ်-အောက်တိုဘာ(၁၂)ရက်**

**ရန်ကုန်မြို့။**

**ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်(FDA)**

## ဖိလိပိုင်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ဖိလိပိုင်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဖီလီမုန်းကူးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဖိလိပိုင်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖီလီမုန်းကူးကို ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၎င်းသည် တောင်ပစိဖိတ်တက္ကသိုလ်မှ သမိုင်းနှင့် နိုင်ငံရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်မှစတင်၍ ၂၀၀၃ ခုနှစ်အထိ ဖိလိပိုင်သမ္မတနိုင်ငံ၏ အစိုးရဌာနအသီးသီးတွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ ဖိလိပိုင်အမြဲတမ်းကိုယ်စားလှယ်ရုံးတွင် ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ အမြဲတမ်းကိုယ်စားလှယ်ရုံး ယာယီတာဝန်ခံအဖြစ်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၁ ခုနှစ်တွင် မြေယာနှင့် သတ္တုသယံဇာတအရင်းအမြစ်ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်အဖြစ် ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှစတင်၍ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ဖိလိပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဖီလီမုန်းကူးသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားလေးဦးနှင့် သမီးတစ်ဦးရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၆ ရက်တွင် ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ဓာတ်ပုံမှတ်တမ်း



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ် ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လက်မှတ်ရေးထိုးစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လက်မှတ်ရေးထိုးစဉ်။



ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး လက်မှတ်ရေးထိုးစဉ်။



ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဥက္ကဋ္ဌ စောဌေးမောင် လက်မှတ်ရေးထိုးစဉ်။



ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်း လက်မှတ်ရေးထိုးစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang လက်မှတ်ရေးထိုးစဉ်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ဓာတ်ပုံမှတ်တမ်း




တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ တက်ရောက်လာကြသူများ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) မြေညီထပ်ရှိ ဧည့်ခန်းမဆောင်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် လက်မှတ်ရေးထိုးစဉ်။



ဂျပန်နိုင်ငံမှ အထူးကိုယ်စားလှယ် H.E.Mr.Yohei SASAKAWA လက်မှတ်ရေးထိုးစဉ်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား လက်မှတ်ရေးထိုးစဉ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံသို့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ရာမှ စတင်၍ကျင်းပခဲ့သည့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာရေးဆိုင်ရာ ဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အပြီးသတ်သဘောတူနိုင်ခဲ့ကြပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက် (ကြာသပတေးနေ့) မင်္ဂလာအခါတော် နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ယခုရရှိပြီးသည့်အဆင့်မှ ဆက်လက်၍ နိုင်ငံရေးနည်းလမ်းများဖြင့် အဖြေရှာနိုင်ရန် အားလုံးပါဝင်ကြမည့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနည်းလမ်းများကို ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး စသည့် ရည်ရွယ်ချက်ကောင်းများ ထမြောက်အောင်မြင်ရန်နှင့် ပြည်သူအများ လိုလားတောင့်တလျက်ရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်ကြီး ထူထောင်နိုင်ရန်တို့အတွက် NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးပေးကြရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)မှ တာဝန်ရှိသူတို့အား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိစွာဖြင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်**
**စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အဖွဲ့များ**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအဖွဲ့ချုပ်**

# မင်းဘူးမြို့ ရောဝတီတံတား(မကွေး)ယာဉ်ဖြတ်သန်းခကောက်ခံသည့် တိုးလ်ဂိတ်အနီး မြေပြိုမှုဖြစ်ပွား

**မင်းဘူး အောက်တိုဘာ ၁၅**



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဧရာဝတီတံတား (မကွေး) ယာဉ်ဖြတ်သန်းခ ကောက်ခံသည့် တိုးလ်ဂိတ်အနီး မင်းဘူးမှ မကွေးဆိုင်ကယ်သွားလမ်း အရှေ့ဘက်ရှိ တောင်ကမ်းပါးယံ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က မြေပြိုကျမှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

အဆိုပါဖြစ်စဉ်မှာ မင်းဘူးဘက်မှ မကွေးမြို့သို့ ဧရာဝတီတံတား(မကွေး) ဆိုင်ကယ်ဖြတ်သန်းခ ပေးဆောင်ပြီး အမျိုးသမီးလေးဦး ဆိုင်ကယ်နှစ်စီးဖြင့် ဖြတ်သန်းစဉ် လမ်းအရှေ့ဘက်ရှိ တောင်ကမ်းပါးယံ မြေသားနှင့် ကျောက်တုံးများ ပြိုကျလာပြီး ဆိုင်ကယ်စီးနင်းသူနှင့် နောက်မှ လိုက်ပါလာသူများ မြေပြိုပိခဲ့ကြသည်။ ယင်းဖြစ်စဉ်ကို အနီးရှိ တိုးလ်ဂိတ်တွင် တာဝန်ကျဝန်ထမ်းများနှင့် ခရီးသွားပြည်သူများက အမြန်ကယ်ဆယ်ခဲ့ကြသဖြင့် စကုမြို့နေ မသွယ်သွယ်နှင့် မသက်သက်နွယ်တို့မှာ မြေပြိုကျစဉ် ခဲများစဉ်သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရာ မကွေးပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန၌ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးနိုင်ခဲ့သည်။ ထို့အပြင် မြေပြိုပိခံရသည့် မင်းဘူးမြို့ ရွာသာယာကျေးရွာနေ ဒေါ်စန္ဒာဦးနှင့် မထက်ထက်ကိုတို့အား မြေပြိုပိရာမှ အမြန်ကယ်ထုတ်နိုင်ခဲ့ပြီး မင်းဘူးပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု (မစိုးရိမ်ရ) ခံယူလျက်ရှိသည်။ အဆိုပါမြေပြိုမှုဖြစ်စဉ်ကို သက်ဆိုင်ရာတာဝန်ရှိသူများက စက်ယန္တရားများ အသုံးပြု၍ ရှင်းလင်းဖယ်ရှားဆောင်ရွက်ပြီးစီးခဲ့သဖြင့် ယာဉ်များ ပုံမှန်သွားလာနိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ကမ္ဘာလုံးဆိုင်ရာ လက်ဆေးရေးနေ့ အခမ်းအနားကျင်းပ

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်၌ ကျန်းမာရေးဦးစီးဌာနမှ ဦးစီး၍ INGOs တို့နှင့်ပူးပေါင်းပြီး "ကမ္ဘာလုံးဆိုင်ရာလက်ဆေးရေးနေ့" အခမ်းအနားကို လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းထွန်းက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် ကပြတင်ဆက်ကာ ဆုရရှိသည့် ကျောင်းသူလေးများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချဉ်စော်ခါးသီးများနှင့်အတူ ရောနှောသယ်ဆောင်လာသော ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**နောင်ချို အောက်တိုဘာ ၁၅**

အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးနောင်ချိုလှုပ်ရှားဆွယ်မှ ရဲအုပ်ငြိမ်းချမ်းစိုး ဦးစီးသောတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၄ ရက် ည ၉ နာရီခန့်က နောင်ချိုမြို့အဝင် အေးရှားဝေါတိုးလ်ဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မူဆယ်ဘက်မှ ရန်ကုန်မြို့သို့ ခရီးသည်တင်မှန်လုံယာဉ်အမှတ် 6G/ ---- ယာဉ်ကို ရပ်တန့်စစ်ဆေးရာတွင် ခုံအမှတ်(၁၉)၌ စီးနင်းလိုက်ပါလာသူ မဝင်းဝင်း၏ ပီနန်အိတ်အတွင်းမှ ချဉ်စော်ခါးသီးများနှင့် ရောနှောသယ်ဆောင်လာသော ဘိန်းဖြူမှုန့် ၁၃ ဂရမ်စီပါ၊ အလေးချိန် ၁၃၀ ဂရမ်ခန့်ကို ရှာဖွေသိမ်းဆည်းရမိသည်။

မဝင်းဝင်း၏ပြောကြားချက်အရ ယင်းဘိန်းဖြူမှုန့်များကို မိုးညှင်းမြို့သို့ သယ်ဆောင်သွားမည်ဟု သိရသည်။ ဘိန်းဖြူမှုန့်လက်ဝယ်တွေ့ရှိသူ မဝင်းဝင်း (၃၉ နှစ်) ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝဇ၁)**





**တစ်ဦးတည်းဖြစ်ကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်နေ ဦးအောင်ခင်၏သား မောင်စိုးလွင်အောင်နှင့် မောင်စိုးသူရအောင်ခင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်စိုးသူရအောင်ခင်(ခ)မောင်စိုးလွင်အောင်**
**၁၂/ဗတထ(နိုင်)၀၀၈၅၁၁**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်လှမိုး ၁၂/တမန(နိုင်) ၀၄၄၁၈၆ ၏ Passport လက်မှတ်ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၂၆၅၄၉**

**ကျေးဇူးဆပ်ပါမည်**

Han Ideal Trading Ltd. ၏ Thai Nakorn Patana Co.,Ltd. မှ ဆေးဝါးမှတ်ပုံတင်ကတ် Tiffy Syrup DRC No.R 0209A0249 မှာပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၀၆၅၈၀၇**

**တေဇ(၁၉)ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်ပွဲများ**
**ဖိတ်ကြားခြင်း**

တေဇ(၁၉)၏ (၂၃)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ မိတ်ဆုံစားပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သေဆုံး/ကျဆုံးသွားသော သူငယ်ချင်းများ အားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲများအား ၂၄-၁၀-၂၀၁၅ရက်နှင့် ၂၅-၁၀-၂၀၁၅ရက်များတွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများအား တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**- နေထိုင်စားသောက်သွားလာရေးများနှင့်ပတ်သက်၍ သိရှိလိုပါက အောက်ပါဖုန်းနံပါတ် များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-**

| | |
|---|---|
| **အောင်အေးဟန်** | **ဖုန်း-၀၉-၅၀၃၄၅၈၂** |
| **စိုးထွန်း** | **ဖုန်း-၀၉-၄၉၂၃၈၀၃** |
| **ဝင်းမောင်** | **ဖုန်း-၀၉-၄၉၃၃၁၉၇၇** |

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဒဲ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တပ်ကုန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၀**

မကေသီနွဲ့ **နှင့်** ကိုနေမျိုးလင်း
**တရားလို** **တရားပြိုင်**

ပင်လောင်းမြို့နယ်၊ လိန်းလီရွာနေ ကိုနေမျိုးလင်း(ဘ)ဦးကိုကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်မကေသီနွဲ့က ကလေးစရိတ်ငွေ တစ်လ(၆၀၀၀၀ိ/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်စေ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တပ်ကုန်းမြို့နယ်တရားရုံး**

**ကျေးဇူး ဆပ်ပါမည်**

ကျွန်တော် နေမျိုးဦး CDC-58795 ၏ 4 TICKET နှင့် TANKER လက်မှတ်များခရီးသွားရင်းပျောက် ဆုံးသွားပါသဖြင့်တွေ့ရှိက ဖုန်း-၀၉-၂၅၀၆၈၆၉၈၉ သို့ အကြောင်းကြားပေးပါရန်။

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့ အထက(၄)တက္ကသိုလ်ဝင်တန်း(C)မှ မနီလာစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်စိုး ၃/မဝတ(နိုင်) ၀၄၇၂၄၄ ဖြစ်ပါကြောင်း။

**ဦးအောင်ကြည်စိုး**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ အထက နတ်ကြီးချောင် တက္ကသိုလ်ဝင်တန်း(A)မှ မအိအိဖြိုးနှင့် သတ္တမတန်း(A)မှ မောင်ငြိမ်းချမ်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ဖြစ်ပါသည်။

**ဦးခင်မောင်ဦး**
**၁၀/ပမန(နိုင်)၀၂၉၇၀၈**

**နန်းဦးလှိုင် အင်းလေးဖောင်တော်ဦးဘုရားပွဲ**

- အင်းလေးဖောင်တော်ဦးဘုရားပွဲနှင့် တောင်ကြီး၊ ရွှေတော်ကတ္တူ၊ ထမ်မမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း(၄)ရက်။ ဆက်၍-ကယားပြည်နယ်၊ လွိုင်ကော်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။ (၂၃/၂၈-၁၀-၂၀၁၅)ထွက်မည်။
- ပြည၊ မဲဆောက်၊ ကျောက်ကလော်၊ ကော့ဂွန်းဂူ၊ ရသေ့ပုံဂူ၊ ဘုရင်ညီဂူ (၃)ရက်။(မဲဆောက်ကားနှင့် မြဝတီတည်းခိုပြီး)
- ပုဂံ(ရွှယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်(၄)ရက်။ - မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၂)ရက်-ကျိုက်ထီးရိုးပါ(၃)ရက်။
- မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။ - ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။

Oct 23,26,27,30 - ကျိုက်ထီးရိုး(နေ့စဉ်) - ချောင်းသာ(နေ့စဉ်) - ရွှေကျင်မီးပျော့ပွဲ (နေ့ချင်းပြန်၊ ၂၈-၁၀-၂၀၁၅)
- တုံးဘို၊ အကောက်တောင်နှင့် ပြည်ဘုရားစုံဖူး (စနေ) - ဓလွန် (နေ့ချင်းပြန်-ရုံးပိတ်ရက်) **01-391577**

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ **09-5122961**
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ **09-254340569**
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ **09-254821597**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရင့်နောင်)၊ မြေကွက်အမှတ် (က/၈၀)၊ မြေကွက်တည်နေရာအမှတ် က/၈၀၊ ကံ့ကော်လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်း၊ ၂၅ နှစ်ဂရန် အမည်ပေါက် ဒေါ်မြင့်မြင့်ဆွေမြေအား အမည်ပေါက် ဒေါ်မြင့်မြင့်ဆွေ ၁၂/လမတ(နိုင်) ၀၁၃၃၁၂ မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ အမှတ် (၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**တိုက်ခန်းကျယ်ရောင်းမည်**

ရန်ကင်းမြို့နယ်၊ MBR 1, BR 2၊ အဆင့်မြင့်ပြင်ဆင်ပြီး (1200 sqft)

**Ph : 09-5044926**

**အမြန်ဆက်သွယ်ပါ**

အမေဖြစ်သူ ဒေါ်ကေသီနှင့် သားဖြစ်သူ ကိုမင်းအောင် ရောက်ရာအရပ်က အမြန်ဆက်သွယ်ပါ။

**ဖုန်း-၀၉-၇၈၄၃၁၉၆၅၇**
**နန်းနန်းလေး(ခ)မိုးယမင်း**

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**Construction Management Regulations**
**ဟောပြောပွဲဖိတ်ကြားခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်းစီစဉ်သော မြန်မာနိုင်ငံ၏ Construction Industry အတွက် ရေးဆွဲပြဌာန်းရန်လိုအပ်နေသော Construction Management Regulations ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတစ်ရပ်ကို ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၃း၀၀နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိတ်ဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**ဖုန်း-၀၁-၅၁၉၆၇၃ ~ ၆ Ext (212)**

# ကျားကြည့်ခရီးစဉ်အောင်မြင်ပါက ကျားမျိုးများကို ကာကွယ်နိုင်



**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံအနေဖြင့် အာရှတိုက်တွင် ကျားကောင်ရေ ဒုတိယအများဆုံးဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမှုများသည့် ကျားကြည့်ခရီးစဉ် (Tiger Watching Tour) ကို ဟူကောင်းကျားထိန်းသိမ်းရေးနယ်မြေတွင် အောင်မြင်အောင် စီစဉ်နိုင်ခဲ့ပါက ပြည်တွင်းရှိ ကျားမျိုးစိတ်များကို ကာကွယ်ထိန်းသိမ်းနိုင်မည့်အပြင် ဒေသခံလူမှုအဖွဲ့အစည်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း လူမှုဖွံ့ဖြိုးရေးများ လုပ်ကိုင်နေသည့် NATURE DREAM မှ ဒေါ်စံပယ်အောင်က ပြောသည်။

"ဒီကျားကြည့်ခရီးစဉ်ကို ၂၀၀၄ ခုနှစ်လောက်ကတည်းက အမေရိကန်ခရီးသွားအေဂျင်စီတွေက တောင်းဆိုလို့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေက စီစဉ်ခဲ့ကြတာ မအောင်မြင်ခဲ့ကြပါဘူး၊ အကြောင်းကတော့ ဒေသတွင်း လုံခြုံရေးနဲ့ တကယ်တမ်းသွားတဲ့အခါ ကျားကို မမြင်ကြရတာကြောင့်ပါ။ ပြီးတော့ မြန်မာနိုင်ငံရဲ့ သစ်တောပုံစံက အခြားအာဖရိကနိုင်ငံတွေ လို မဟုတ်ဘူး။ သူတို့ဆီမှာက သစ်တောက အောက်ခြေရှင်းပြီး ဆင်သပ်သပ်၊ သမင်သပ်သပ်၊ ကျားသပ်သပ်နေကြတာ။ ဒီမှာကျတော့ သစ်တောက အောက်ခြေရှုပ်တဲ့အပြင် လူတွေရဲ့ သစ်ခုတ်တာတွေ၊ ကျောက်တူးတာတွေ စသည်ဖြင့် ကျားတွေနေထိုင်တဲ့ နယ်မြေတွေထဲကို ကျူးကျော်နေထိုင်တာတွေ၊ အမဲလိုက်တာတွေ၊ ကျားတွေအတွက် စားကျက်နည်းလာလို့ ကျားတွေက လူတွေနဲ့အဝေးကို ရွှေ့ပြောင်းနေထိုင်လာတာကြောင့် ဖြစ်ပါတယ်"ဟု ဒေါ်စံပယ်အောင်က ပြောသည်။

"ပြင်ပကဧည့်သည်တွေကလည်း စိတ်ဝင်စားတယ်၊ သူတို့က ဘယ်လိုမြင်လဲဆိုတော့ ဒီခရီးစဉ်အတွက် ကုန်ကျမယ့်ငွေတွေက သူတို့လာကြည့်တဲ့ကျားတွေ ရေရှည်ရပ်တည်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း သုံးမယ်လို့လက်ခံထားကြတာ၊ အိန္ဒိယမှာလည်း နိုင်ငံခြားဧည့်သည်တွေကို တစ်ရက် ဒေါ်လာ ၃၀၀နဲ့ တောထဲမှာ လင့်စင်တွေထိုးပြီး ရက်ရှည်ကျားကြည့်ခရီးစဉ်တွေ စီစဉ်ပြီး ဝင်ငွေတွေရလာကြတယ်၊ ကျွန်မတို့လည်း ဒီလိုလုပ်နိုင်ရင် ဝင်ငွေရလာမယ်၊ ကျားတွေအတွက် ပိုကောင်းတဲ့ နေထိုင်မှုပတ်ဝန်းကျင် ဖြစ်အောင် ဖန်တီးပေးလာနိုင်မှာ ဖြစ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ထို့အပြင်မြန်မာနိုင်ငံသည် သဘာဝအလျောက် ကျားများအသက်ရှင်နေထိုင်ကျက်စားသော တိုင်းပြည်ဖြစ်သည့်အပြင် ကျားထိန်းသိမ်းရေးနယ်မြေ (Tiger Reserve)မှာလည်း ကမ္ဘာ့ကျားအများဆုံး နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံရှိ ဧရိယာစတုရန်းမိုင် ၅၁၁၅ ထက်ပိုများသည့် ၈၄၅၂ စတုရန်းမိုင်ကို ပိုင်ဆိုင်ထားသော်လည်း ကျားကြည့်ခရီးစဉ်ဖြစ်ပေါ်နိုင်ရန် မစီစဉ်နိုင်ရခြင်းမှာ ကျားများနေထိုင်သည့်ဒေသများတွင် သဘာဝပတ်ဝန်းကျင်ကြောင့် ကျားများ အတည်တကျကျက်စားခြင်း မရှိသည့်အတွက်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ကျားမျိုးစိတ်ပေါင်းရှစ်မျိုးရှိခဲ့သော်လည်း ယခုအခါတွင် Indo-Chinese Tiger၊ Bangal Tiger၊ Sumayran Tiger၊ Siberian Tiger၊ South China Tiger ဟူ၍ ငါးမျိုးသာကျန်ရှိတော့ရာ မြန်မာနိုင်ငံတွင် Indo- Chinese Tiger နှင့် Bangal Tiger နှစ်မျိုးကို တွေ့ရှိရပြီး Wildlife Conservation Society(WCS)နှင့် ကျွမ်းကျင်ပညာရှင်များ၏အဆိုအရ မြန်မာနိုင်ငံတွင် ယင်းကျားနှစ်မျိုးကို ၁၉၈၀ ပြည့်နှစ်တွင် ကောင်ရေ ၃၀၀၀ ကျော် တွေ့ရှိခဲ့ရသော်လည်း ၁၉၉၈ ခုနှစ်တွင် ကောင်ရေ ၁၇၈ ကောင်နှင့် ၄၉၅ ကောင်ကြားသာ ကျန်ရှိတော့ကြောင်း သိရသည်။

**သီဟသူ**

## နယ်လှည့်စာဖတ်ဝိုင်းများဖွင့်လှစ်

**သထုံ အောက်တိုဘာ ၁၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ပြီး ကျောင်းသားကျောင်းသူများ စာဖတ်ခြင်းဖြင့် အထွေထွေဗဟုသုတများပြည့်ဝကာ ပညာရေးကဏ္ဍများ ပိုမိုတိုးတက်နိုင်စေရန်အတွက် နယ်လှည့်စာဖတ်ဝိုင်းများ ဖွင့်လှစ်ပေးခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၂ ရက်က မြေနီကုန်းကျေးရွာနှင့် ကျောက်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက လိုက်လံဆောင်ရွက်ပေးခဲ့သည်။

ခရိုင် ပြန်/ ဆက်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများနှင့်ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတပိုမိုမြင့်မားပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စရပ်များ၊ စာကြည့်တိုက်များရှင်သန်ရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်နိုင်ရေးတို့ကို ဆွေးနွေးပြီး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



**ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အသက်(၇၀)ကျော် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ဂါရဝပြုပွဲကို အောက်တိုဘာ ၁၁ ရက်က ပြုလုပ်ရာ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ ပညာရေးမိသားစုက ဆရာကြီး ဆရာမကြီး ၁၂၀ အတွက် ငွေကျပ် ၆၂ သိန်းဖြင့် ကန်တော့စဉ်။**
မောင်ကျော်ကြီး

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### စည်းကမ်းမဲ့ဆိုင်များဖွင့်လှစ်နေ

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်းနှင့် ဝဏ္ဏသိဂီလမ်းထောင့်တွင် ဖွင့်လှစ်ထားသောစျေးဆိုင်ကို မြို့တော်စည်ပင်မှ လာရောက်ဖယ်ရှားခဲ့ပြီးဖြစ်သော်လည်း ယင်းဆိုင်မှာ ယနေ့တိုင် မြောင်း(ရေမြောင်း) အနည်းငယ်သာခြား၍ ဖွင့်မြဲတိုင်းဆက်လက်ဖွင့်နေခဲ့ပါသဖြင့် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ပြည်သူတစ်ဦး**

### ငါးများကင်၍ စည်းကမ်းမဲ့ရောင်းချနေ

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် သံသုမာလမ်းမကြီး မီးဒုံးလမ်းနှင့်မင်းဒင်လမ်းကြား လျှပ်စစ်ဓာတ်အားခွဲရုံရှေ့ စည်ပင်ပိုင်လမ်းပေါ်တွင် ညနေ ၃ နာရီမှ ည ၁၀ နာရီခန့်အထိ ငါးကင်ဆိုင်ရောင်းချလျက်ရှိရာ ၎င်း၏ဆိုင်မှ ငါးညှော်နံ့များကြောင့် လမ်းသွားလမ်းလာများ၊ ရပ်ကွက်နေ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ ကျန်းမာရေးထိခိုက်ရသဖြင့် ယင်းငါးကင်ဆိုင်ကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူ**

### သိုး၊ ဆိတ်ခြံများမှအနံ့များကြောင့် ကျန်းမာရေးထိခိုက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် အထက(၅)အရှေ့ဘက်လမ်းအတွင်း၌ ပေ ၈၀၊ ပေ ၆၀ ဝင်းအပြည့် သိုး၊ ဆိတ်များမွေးမြူထားရာ ရပ်ကွက်နေပြည်သူများ ရာသီမရွေး၊ အမှုန်များ၊ အညစ်အကြေးအနံ့အသက်များ ရှူရှိုက်နေရသဖြင့် ကျန်းမာရေးနှင့်မညီညွတ်ပါသဖြင့် သက်ဆိုင်ရာမှဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားတစ်ဦး**

### လူသွားလမ်းပေါ်ရောက်ရှိနေသော အမှိုက်ပုံးကြောင့် အနှောင့်အယှက်ဖြစ်

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ကျိုက္ကဆံလမ်း ကျိုက္ကဆံအိမ်ရာရှေ့အဝင်ဝတွင်ရှိသော အမှိုက်ပုံးနှင့် အမှိုက်ပုံးဝန်းကျင်တွင်ရှိသော အမှိုက်စို၊ အမှိုက်ခြောက်များမှာ လူသွားလမ်းပလက်ဖောင်းပေါ်တွင် နေ့၊ ညမပြတ် အမှိုက်များပြည့်နှက်နေပြီး သွားလာ၍မရအောင်ဖြစ်နေပါသည်။ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးရွှေ့ပြောင်းပေးပါရန် အသိပေးအပ်ပါသည်။ **ကျိုက္ကဆံကွင်းအိမ်ရာနေထိုင်သူများ**

### အဆင့်မြင့်အိမ်ရာဝင်းအတွင်း မုန့်ဟင်းခါးချက်ရောင်းနေ

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် အနောက်ရန်ကင်း ရွှေအုန်းပင်အိမ်ရာဝင်း(၁)အတွင်း တိုက်တစ်တိုက်ရှိ လူနေအိမ်ခန်းတွင် စီးပွားဖြစ်မုန့်ဟင်းခါးချက်ရောင်းလုပ်ငန်းလုပ်ကိုင်နေရာ ညသန်းခေါင်ကျော်အချိန်တွင် ညှော်နံ့များ၊ အလုပ်သမားများဆူညံမှုများကို ပတ်ဝန်းကျင်မှ ခံစားနေရပါသဖြင့် လူနေအိမ်ခန်းများအတွင်းမှ စီးပွားဖြစ်မုန့်ဟင်းခါးချက်ရောင်းလုပ်ငန်းကို ဖယ်ရှားပေးပါရန် အသိပေးအပ်ပါသည်။ **ပတ်ဝန်းကျင်နေပြည်သူများ**

## အထူးရဲများ ခန့်ထားတာဝန်ပေးအပ်

**ရန်ကုန်**

မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့ အောင်ဇေယျခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သိန်းအောင်၊ ဒုတိယမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးပြည့်စုံ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌဦးဝင်းဇော်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၂ ရက်က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်က အထူးရဲများခန့်ထားခြင်း လုပ်ငန်းတာဝန်ပေးမှုများနှင့်ပတ်သက်၍ အထူးရဲများအားခန့်အပ်တာဝန်ပေးနိုင်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ညွှန်ကြားချက်များ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အစီအမံများအား ချပြရှင်းလင်းခဲ့သည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**မင်းဘူး**

ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့ (EU EOM)သည် အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီက မင်းဘူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိပြီး ခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု၊ နိုင်ငံရေးအရ လွတ်လပ်ခွင့်များနှင့် လှုပ်ရှားမှုများကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ (EU EOM)၌ Polish နိုင်ငံမှ Szymon Harasim နှင့် Hungarin နိုင်ငံမှ Agnes Doka တို့မှ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ မင်းဘူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များက ခရိုင်အတွင်း မဲရုံများဆောင်ရွက်ထားရှိမှု၊ မဲရုံလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှု၊ မဲရုံမှူးနှင့်အဖွဲ့ဝင်များအား ပညာပေးသင်တန်းများ ပို့ချပေးနေမှုနှင့် ရွေးချယ်ခံကိုယ်စားလှယ်လောင်းများနှင့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှု အခြေအနေတို့ကို စကားပြန်မှတစ်ဆင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

**ဖရူဆို**

ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် အထူးရဲများခန့်ထားခြင်း၊ လုပ်ငန်းတာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရှင်းလင်းပွဲကို အောက်တိုဘာ ၁၁ ရက်က ဖရူဆိုမြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ဖရူဆိုမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစိုးမြင့်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အထူးရဲများအား ရွေးကောက်ပွဲမကျင်းပမီကာလမှ ကျင်းပပြီးစီးသည့်ကာလအတွင်း လုံခြုံရေးစီမံဆောင်ရွက်သွားရမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဖရူဆိုမြို့နယ်၌ မဲရုံ ၃၉ ရုံနှင့် အရန်မဲရုံတစ်ရုံ စုစုပေါင်းမဲရုံ ၄၀ ရှိရာ မဲရုံတစ်ရုံလျှင် အထူးရဲတစ်ဦးစီဖြင့် တာဝန်ခွဲချထားပေးမည်ဖြစ်ပြီး အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဦးကျော်(ဖရူဆို)**

**သန်လျင်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၁၂ ရက်က နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အထူးရဲများခန့်ထားတာဝန်ပေးအပ်မှုများနှင့်ပတ်သက်၍သတင်းထုတ်ပြန်ရှင်းလင်းပွဲအခမ်းအနား ကျင်းပခဲ့သည်။

တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကိုကိုးကျွန်း၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကွမ်းခြံကုန်း၊ ကော့မှူးစသည့်မြို့နယ် ၁၀ မြို့နယ်တို့တွင် အထူးရဲစုစုပေါင်း ၁၇၁၉ ဦး ခန့်ထားကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

**ဖာပွန်**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များလုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ခရိုင်စုပေါင်းရုံး ယွန်းစလင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က မဲရုံမှူးနှင့် ဒုမဲရုံမှူးများ လုပ်ငန်းစဉ်ဆောင်ရွက်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းမှပို့ချသည့် လုပ်ငန်းစဉ်ဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပုဂံဒေသ နယ်မြေများကို ဇုန်များပြန်လည်သတ်မှတ်သွားမည်



**ပုဂံ အောက်တိုဘာ ၁၅**

ကမ္ဘာ့အဆင့်မီ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဖြစ်စေရန် ရည်ရွယ်ပြီး ပုဂံဒေသ နယ်မြေများကို ဇုန်များသတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ကျင်းပခဲ့သည်။

ပုဂံဒေသ ရှေးဟောင်းနယ်မြေများကို ဇုန်များ သတ်မှတ်ရာတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသော ဇုန်ဟူ၍ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က စတင်၍ ခွဲခြားသတ်မှတ်ခဲ့သည်။

"ဥပဒေအရ ဟိုတယ်၊ မိုတယ်တွေ၊ စီးပွားရေးလုပ်ငန်းကြီးတွေက ရှေးဟောင်းအဆောက်အအုံ တည်ရှိရာနဲ့ ရှေးဟောင်းနေရာတွေမှာ လုပ်ကိုင်ခွင့်မရှိပါဘူး။ ဒါပေမယ့် လက်ရှိ ပုဂံမှာ ဟိုတယ်တွေ၊ မိုတယ်တွေ ၁၂၀ လောက်ရှိပြီးတော့ အများစုက ဇုန်မသတ်မှတ်ခင်ကတည်းက တည်ရှိတာဖြစ်ပြီး ဥပဒေအရ ဇုန်သတ်မှတ်လိုက်တော့ ဥပဒေနဲ့ မညီဖြစ်လျက်ရှိပါတယ်။ ဒါတွေကို ကာကွယ်ထိန်းသိမ်းရေးဇုန်အဖြစ် ပြောင်းလဲသတ်မှတ်မယ်ဆိုရင်တော့ ဥပဒေနဲ့ ညီညွတ်သွားမယ်။ ဒေသခံတွေအနေနဲ့လည်း ဥပဒေနဲ့ အညီ စည်းကမ်းသတ်မှတ်ချက်တွေအတိုင်း လုပ်ကိုင်ဆောင်ရွက်သွားနိုင်မယ်။ ပုဂံဟာ အထူးအလေးထားထိန်းသိမ်းရမယ့် ယဉ်ကျေးမှုအမွေအနှစ်တွေ တည်ရှိတဲ့ ဒေသဖြစ်တဲ့အတွက် ကန့်သတ်ချက်တွေတော့ ရှိမှာပါ။ ဒါတွေကိုတော့ ဒေသခံတွေက လိုက်နာရမှာပါ" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်း နေထိုင်ကြသည့် မြေဂရန်ပိုင်ဆိုင်မှုရှိသည့် ဒေသခံများနှင့် ယခုအခါ ဥပဒေအရ ပွတ်တိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပြီး အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ဒေသခံများလည်း ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ပုဂံဒေသကို ကမ္ဘာ့အဆင့်မီ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဖြစ်စေရန်အတွက် ယခုကဲ့သို့ ဇုန်များ ပြန်လည်သတ်မှတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး မြောက်ဦးဒေသ၊ ကျိုက်ထီးရိုးစေတီတော်၊ ရွှေတိဂုံစေတီတော်တို့ကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်နီဝင်း**

# ဉာဏ်ရည်မသန်စွမ်းကလေးများအကြောင်း အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၅**

မြန်မာ အော်တစ်ဇင်အသင်း (မန္တလေး)မှ စီစဉ်ကျင်းပသည့် ဉာဏ်ရည်မသန်စွမ်းသော ကလေးများအတွက် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက်က မန္တလေးမြို့ရှိ Wilso Hotel ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ၌ မြန်မာအော်တစ်ဇင်အသင်း(ရန်ကုန်)မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အတိုင်ပင်ခံဆရာဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဦးမြင့်လွင်၊ ပါမောက္ခ ဒေါက်တာ ဦးဉာဏ်ဝင်းကျော်၊ ဒေါက်တာ ဦးသိန်းအုပ်စိန်၊ ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်ဥမ္မာစိုးတို့က ဆွေးနွေးဟောပြောခဲ့ကြသည်။ အော်တစ်ဇင်ဆိုသောဝေါဟာရမှာ ဂရိဘာသာစကားမှ ဆင်းသက်လာပြီး အထီးကျန်သူ သို့မဟုတ် တစ်ဦးတည်းနေတတ်သူဟု အဓိပ္ပာယ်ရ၍ ၁၉၁၁ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံမှ စိတ်ရောဂါပညာရှင် Eugen Bleuler မှ စတင်၍ စိတ်ကစဉ့်ကလျားဖြစ်နေသူ လူတစ်စုကို အော်တစ်ဇင်ဟု စတင်ခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့လို ပုံမှန်စိတ် အခြေအနေမျိုးမဟုတ်တဲ့ သားသမီးတွေ မွေးထားတဲ့ မိခင်တွေအချင်းချင်း တွေ့ဆုံကာ အမြင်ချင်းဖလှယ်နိုင်ပြီး တစ်ဦးနှင့်တစ်ဦး ကူညီဖေးမ အားပေး အကြံပြုနိုင်အောင် ရန်ကုန်အသင်းနဲ့ ဆက်သွယ်ပြီး ယခုလို မန္တလေးအော်တစ်ဇင်အသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိမှာ အသင်းဝင်အနေနဲ့ ၅၀ နီးပါးရှိနေပါပြီ။ တချို့ အော်တစ်ဇင်ဖြစ်နေတဲ့မိခင်တွေ ကျယ်ကျယ်ပြန့်ပြန့် မသိကြသေးလို့ပါ။ အဓိက သူတို့လေးတွေဖြစ်နေတာက နားကြားပေမယ့် ခေါ်ရင်လှည့်မကြည့်ဘူး။ လူကိုလည်း သေချာမကြည့်တတ်ဘူး။ စကားပြောနောက်ကျတတ်ပြီး စကားတစ်လုံးပြောဖို့ အတော်ခက်ခဲနေတတ်တာပဲ ဖြစ်ပါတယ်။ ဒါတွေကို ကြိုတင်သိရှိပြီး လေ့ကျင့်ပေးနိုင်ရင် ရနိုင်တယ်ဆိုတာ အချင်းချင်းတွေ့ဆုံ ဆွေးနွေးပြီး အားပေးနိုင်အောင်လို့ပါ" ဟု မန္တလေးအော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းက ပြောသည်။

"ကျွန်မ ကလေးက အသက်ကိုးနှစ်ရှိနေပေမယ့် အပေါ့အပါးလည်း မသွားနိုင်၊ အဖေ အမေလို့လည်းမခေါ်နိုင် ရိုက်လည်း နာမှန်းမသိဖြစ်နေတယ်။ သူ့ရဲ့အမူအရာကိုကြည့်ပြီး သူလိုအပ်တာကို ဖြည့်ဆည်းပေးနေရပါတယ်။ ဒီဆွေးနွေးပွဲကို တက်ရောက်ခဲ့တဲ့ အကျိုးတရားတွေအနေနဲ့ ပိုပြီးပြုပြင်ပေးသွားနိုင်သွားတဲ့အပြင် မိခင်အချင်းချင်း သိကျွမ်းတွေ့ဆုံခွင့်ရတဲ့အတွက် အားငယ်စိတ်တွေပျောက်သွားပါတယ်။ နိုင်ငံတော်ကနေ ဒီလိုအော်တစ်ဇင်ကလေးငယ်တွေကို သီးသန့်ကျောင်းလေးဖွင့်ပြီး သင်ကြားလေ့ကျင့်ပေးနိုင်ရင် သူတို့ဘဝလေးတွေ စိတ်ချသွားနိုင်မယ်လို့ မျှော်လင့်အားကိုးမိပါတယ်"ဟု အမရပူရမြို့နယ်နေ ဒေါ်ခင်မော်က ပြောသည်။

"အော်တစ်ဇင် ကလေးတွေရဲ့ အဓိကပြဿနာက လူမှုဆက်ဆံရေးပိုင်းမှာ အားနည်းနေတာပါ။ မွေးကင်းစက ဒီလက္ခဏာတွေ မသိသာပေမယ့် တစ်နှစ်ကျော်လာရင် ထူးခြားမှုတွေ ပြလာပါတယ်။ အများနဲ့ လိုက်လျောညီထွေမှုမရှိဘူး၊ သူလိုချင်တာ၊ သူသိချင်တာ၊ သူဖြစ်ချင်တာပဲ လုပ်တတ်တဲ့အတွက် တစ်ကိုယ်ကောင်းဆန်သလို ဖြစ်နေတတ်ပါတယ်။ ဒီလိုလက္ခဏာတွေကို နုနယ်စဉ်မှာ ကြိုတင်သိရှိပြီး ပြုပြင်လေ့ကျင့်ပေးနိုင်ရင် အသက် ငါးနှစ်နဲ့ ခြောက်နှစ်မှာ ကောင်းသွားနိုင်ပါတယ်။ အကြမ်းဖျင်းအနေနဲ့ လူ ၁၀၀ မှာ တစ်ဦးနှုန်းဖြစ်ပွားနေတာ တွေ့ရပါတယ်"ဟု စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူဆိုင်ရာ ဆရာဝန် ဒေါက်တာ သိန်းအုပ်စိန်က ပြောသည်။

ကမ္ဘာပေါ်တွင် အော်တစ်ဇင်ဖြစ်ပွားနေသည့် ကလေးငယ်စုစုပေါင်း ၆၇ သန်း နီးပါးရှိနေပြီး ဖြစ်ပွားနှုန်းမှာလည်း တဖြည်းဖြည်းတိုးလာကာ ယောကျာ်းလေးများသည် မိန်းကလေးများထက် ဖြစ်နိုင်ခြေလေးဆ ပိုများနေကြောင်းနှင့် နှစ်စဉ် ဧပြီ ၂ ရက်ကို ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ်နေ့ (World Autism Awareness Day)အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။



ဒေါက်တာသိန်းအုပ်စိန်



အော်တစ်ဇင်အသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်း



ဒေါ်ခင်မော်

**မင်းထက်အောင်(မန်းကိုယ်ပွား)**




## မြန်မာတို့၏ ရွေးကောက်ပွဲအတွေ့အကြုံများ




တက္ကသိုလ်မြတ်သူ ရေးသားသည့် မြန်မာတို့၏ ရွေးကောက်ပွဲအတွေ့အကြုံများ စာအုပ်တွင် ပါလီမန်(ခေါ်) လွှတ်တော်တို့၏ သဘောသဘာဝကို ရှင်းပြထားသည်။ အရင်းရှင်အချင်းချင်း နယ်ချဲ့စားကျက်လုကြရာမှ ကမ္ဘာစစ်ပွဲကြီးများဆီသို့ ဦးတည်ခဲ့ပုံ၊ ဂျာမနီမှာ အာဏာရှင် နာဇီခေါင်းဆောင် ဟစ်တလာ၊ အီတလီဖက်ဆစ်ခေါင်းဆောင် မူဆိုလိုနီ၊ ဂျပန်ဖက်ဆစ် ခေါင်းဆောင် နန်းရင်းဝန်တိုဂျိုတို့သုံးဦးသည် ဝင်ရိုးတန်းသုံးနိုင်ငံမဟာမိတ်ဖွဲ့ပြီး ဒုတိယကမ္ဘာစစ်ကို ဖန်တီးခဲ့ပုံမှာ ကျောချမ်းဖွယ်ကောင်းလှသည်။ အာဏာရပါတီသည် အာဏာတည်မြဲရေးကိုသာ ရှေးရှုပြီး အတိုက်အခံများကို ဖိနှိပ်၍ အတိုက်အခံကလည်း အများအညံ့များကို ပြုပြင်ရန် မကြိုးပမ်းဘဲ ထိပ်တိုက်ရင်ဆိုင်မှုများကြောင့် ပြည်သူတို့၏ မဲဆန္ဒများ ရေစုန်မျောခဲ့ရသည်များကို ကမ္ဘာ့ဖြစ်ရပ်များမှသည် မြန်မာတို့ဖြတ်သန်းလာသော ရွေးကောက်ပွဲဖြစ်ရပ်များအထိ သင်ခန်းစာယူနိုင်မည့် စာအုပ်ဖြစ်သည်။ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် သင်းစာပေမှ ထုတ်ဝေသည်။

## ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ




သိပ္ပံစာရေးဆရာ ကိုကိုအောင်၏ ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာစာအုပ်သည် လူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသုံး စက်ကိရိယာများမှစ၍ အဖျက်စွမ်းအား အလွန်ကြီးမားသော လက်နက်ကြီးများ ထုတ်လုပ်ခြင်းအထိ အသုံးချ၍ရသော အဏုမြူနည်းပညာအကြောင်းကို အများနားလည်လွယ်အောင် ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည်။ အဏုမြူနည်းပညာ၏ လူ့ဘောင်လောကကို အကျိုးပြုပုံနှင့် အန္တရာယ်ရှိပုံတို့ကို ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန် ကမ္ဘာ့အဆင့်မြင့်နည်းပညာရပ်တစ်ခု၏ သဘောတရားကို ရိုးရှင်းသောဝေါဟာရများဖြင့် ပြုစုထားသည်။ သိပ္ပံပညာလောကအတွက် ကျမ်းငယ်တစ်ဆူအဖြစ်လည်းကောင်း၊ ဘဝအလင်းရောင်တစ်ခုအဖြစ် လည်းကောင်း အကျိုးပြုနိုင်မည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်သည်။

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆက်လက်ဖြန့်ဝေ

မုံရွာ အောက်တိုဘာ ၁၅

၂၀၁၄ ခုနှစ် အတွင်း မြန်မာနိုင်ငံအတွင်းပြုလုပ်ခဲ့သော လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကောက်ယူခဲ့ရာ အဆိုပါ သန်းခေါင်စာရင်းပါ အချက်အလက်များဖြန့်ဝေခြင်း အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်မြင့်က စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ညွှန်းဆိုသော မြန်မာ့ပုံရိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ ပုံရိပ်များကို ပရိုဂျက်တာများဖြင့် ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးထံသို့ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# တရားမဝင်ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်၊ စပါးခွံအိတ်များဖြင့် ဖုံးဖိသယ်ဆောင်လာသော တမလန်းသစ်များသိမ်းဆည်းရမိ

**နောင်ချို အောက်တိုဘာ ၁၅**

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး Mobile Team လရ(၁) ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ညွှန်မှူး ဦးအောင်သူရ ဦးစီးသော ပူးပေါင်း စစ်ဆေးရေးအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၃ နာရီက ပို့ကုန်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်များအားစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် နောင်ချိုမြို့အဝင် စစ်ဆေးရေးဂိတ်သို့ အစစ်ဆေးခံရန် ဖြတ်သန်းမောင်းနှင်လာသော ယာဉ်နံပါတ်နှစ်မျိုးဖြင့် ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးကြရာ ယာဉ်ပေါ်တွင် ပြောင်းဖူးစေ့အိတ်၊ စပါးခွံအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင်တမလန်းသစ်စကွဲယားတုံး ၄၆ တုံး (၇ ဒသမ ၃၆၉၈)တန် ရှာဖွေသိမ်းဆည်းရမိသည်။



ယာဉ်အား စစ်ဆေးနေစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ သိမ်းဆည်းရမိသော တရားမဝင်သစ်များအား နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံမည်ဖြစ်ပြီး ယာဉ်ကို အကောက်ခွန်ဦးစီးဌာန အမှုတွဲဖွင့်၍ နိုင်ငံတကာဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း သိရသည်။

**(နောင်ချို)**

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အား နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ လာရောက်တွေ့ဆုံ



**ဆိပ်ဖြူ အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ခုဖြစ်သည့် လွတ်လပ်သောရွေးကောက်ပွဲ အာရှကွန်ရက်အဖွဲ့ (Asia network For Free Election) က အောက်တိုဘာ ၁၃ ရက်တွင် လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

လွတ်လပ်သော ရွေးကောက်ပွဲ အာရှကွန်ရက်အဖွဲ့(Asia network For Free Election)မှ နီပေါနိုင်ငံသား Mr.Bikal Shrestha နှင့် အရှေ့တီမောနိုင်ငံသူ Ms. Olinda Mariana De Oliveira)တို့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို လာရောက်လေ့လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေ့လာစောင့်ကြည့်ရေးအဖွဲ့အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များက မြို့နယ်ရှိလူဦးရေနှင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးစာရင်းများ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းပြခဲ့ပြီး လေ့လာစောင့်ကြည့်ရေးအဖွဲ့က သိရှိလိုသည့် အချက်များကို မေးမြန်းကာ ကော်မရှင်တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် အရပ်ဘက်လူမှုအဖွဲ့အစည်း တစ်ခုဖြစ်သော လမ်းပြကြယ်အဖွဲ့မှ ဒေါ်ဇင်မာဝင်းပါ အဖွဲ့ဝင်လေးဦးနှင့် ထပ်မံတွေ့ဆုံခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆောင်ရွက်မှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

# မူကြိုကလေးများအား ပြည်သူ့စာကြည့်တိုက်သို့ လေ့လာရေးပို့ပေး



**ပူတာအို အောက်တိုဘာ ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်(၂)ရှိ ရဝမ်နှစ်ခြင်းအသင်းတော်က ဖွင့်လှစ်ထားသည့် ဧဒင်မူကြိုကျောင်းမှ ကလေးသူငယ်များ စာပေကိုတန်ဖိုးထားတတ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ အောက်တိုဘာ ၁၃ ရက်က လေ့လာရေးပို့ပေးခဲ့ကြောင်း သိရသည်။

ကလေးငယ်များအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကလေးပုံပြင်စာအုပ်၊ ကာတွန်း၊ ရုပ်ပြ၊ ရွှေသွေးစာစောင်များကို ဖတ်ရှုလေ့လာစေခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖုန်ဆန်းနင်ဘူက တစ်ပတ်တာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား ပုံပန်းချီကားချပ်ဖြင့် ရှင်းလင်းပြသခဲ့ကာ ကလေးများက မူကြိုသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကလေးငယ်များအား ပူတာအို မြို့မဈေးသို့လည်း သွားရောက်လေ့လာစေခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကျင်းပ

မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် World Vision Myamnar တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော လူထုကျန်းမာရေးလုပ်သားသင်တန်း (၁/၂၀၁၅)၏ သင်တန်းဆင်းပွဲကို မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လွင်က အမှာစကားပြောကြားပြီး World Vision Myamnar မှ စီမံချက်မန်နေဂျာ ဒေါ်ချိုချိုဝင်းက သင်တန်းကာလအတွင်း ထောက်ပံ့ပေးမှုများအား ရှင်းလင်းပြောကြားကာ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော သင်တန်းသူသုံးဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းကို ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပို၍ပေးအပ်နိုင်ရန်ရည်ရွယ်၍ တစ်လကြာဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ မော်လမြိုင်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေလင်း(iprd)**

### ဆိုင်ကယ်စက်ပြင်သင်တန်းများဖွင့်လှစ်ပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းမှ ရေဘေးကြုံတွေ့ခဲ့ရသော ကျေးရွာများတွင် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုနိုင်ရေးအတွက် ဆိုင်ကယ်စက်ပြင်သင်တန်းများကို စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အောက်ပုံကျေးရွာ၌ သင်တန်းဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဘူးကျေးရွာတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### သံတွဲမြို့နယ် ပညာရေးဌာန စုငွေချေးသမဝါယမအသင်း စည်းဝေး

သံတွဲမြို့နယ် ပညာရေးဌာနငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အောက်တိုဘာ ပထမပတ်က သံတွဲမြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အသင်းနာယက ခရိုင်ပညာရေးမှူး ဦးအောင်ဆန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူးနှင့် အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏နှစ်ပတ်လည်အစီအရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ကြပြီး အသင်းသားတစ်ဦးလျှင် စုဆောင်းငွေ၏ သုံးဆ၊ အောက်ခြေဝန်ထမ်းကို ကျပ်လေးသိန်းနှင့် မူပြမှ အထက်ဝန်ထမ်းများကို ငွေကျပ်ငါးသိန်းထိ ချေးပေးပြီး အသင်းသားတစ်ဦး ကွယ်လွန်ပါက အသင်းမှ ငွေကျပ် ငါးသောင်း ထောက်ပံ့ပြီး အသင်းသားများ၏ သားသမီးများ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိပါက တစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းစီ ချီးမြှင့်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

### ကမ္ဘောဇအာမခံလုပ်ငန်းမှ မီးအာမခံလျော်ကြေးငွေပေးအပ်ပွဲကျင်းပ

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း IKBZ မှ မီးအာမခံလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကံသူရခန်းမဆောင်၌ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် IKBZ အာမခံလုပ်ငန်း အထက်မြန်မာပြည်ရုံးတာဝန်ခံ ဦးဝင်းဦးက မိတ်ဆက်အမှာစကားပြောကြားပြီး ဩဂုတ် ၂ ရက်က မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သော ယူနိုက်တက်စက်သုံးဆီဆိုင်ပိုင်ရှင် ဦးသန့်ဇင်လင်း-ဒေါ်ဥမ္မာတို့အား မီးအာမခံလျော်ကြေးငွေကျပ် ၂၁၆ ဒသမ ၅၂ သိန်းကို IKBZ အာမခံလုပ်ငန်း အထက်မြန်မာပြည် ရုံးတာဝန်ခံ ဦးဝင်းဦးက ပေးအပ်ခဲ့သည်။ မြန်မာပြည်အတွင်း IKBZရုံးခွဲများအား မြို့ကြီး ၁၄ မြို့တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သန်းထိုက်အောင်(ကလေး)**

# အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**ပဲခူး အောက်တိုဘာ ၁၅**

အလုပ်ရှင်နှင့် အလုပ်သမားများကြား သိရှိထားသင့်သည့် အလုပ်သမားဥပဒေရေးရာများအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးက အမှာစကားပြောကြားသည်။ ထို့နောက် အလုပ်သမားများအနေဖြင့် သိရှိထားရမည့် ဌာနအလိုက် သက်ဆိုင်သည့်ဥပဒေများ၊ လူမှုဖူလုံရေး ဥပဒေပါ အခွင့်အရေးများနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေများအကြောင်းတို့ကို အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာလေး၊ တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကိုကို၊ တိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြစန်းရီနှင့် တိုင်းဒေသကြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်းတို့က ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ပဲခူးတိုင်းဒေသကြီး အလုပ်သမားရေးရာ ခုံသမာဓိအဖွဲ့ဝင်များ၊ အလုပ်ရှင်နှင့်အလုပ်သမားများ တက်ရောက်ခဲ့ကြသည်။ **ကျော်ကျော်(iprd)**

# သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မြိုင် အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် အက်ရှင်အိတ် (actionaid) လူမှုအဖွဲ့အစည်းက ဦးစီး၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။ **(ယာပုံ)**



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး အက်ရှင်အိတ်(action aid)မှ အပူပိုင်း ဇုန်မန်နေဂျာ ဦးအောင်မင်းနိုင်က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အကြောင်း၊ မီးဘေး၊ ရေဘေး၊ လေဘေးနှင့် မြေကျွံ၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရန်အတွက် ကြိုတင်ကာကွယ်ရန်နှင့် ကြုံတွေ့လာသည့်အခါ ဖြေရှင်းမှုများတွင် ဒေသခံပြည်သူလူထု၏ ဗဟုသုတ အတွေ့အကြုံများ၊ အကြံပြုချက်များကို အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာရှင်များက လေ့လာသုံးသပ်ကောက်နုတ်ချက်ချကာ နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ လျော့ပါးစေမည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက် သင်တန်းတာဝန်ခံ ဦးမြတ်သူခိုင် ဦးဆောင်၍ မြိုင်မြို့နယ်တွင် သဘာဝဘေးကြိုတင်ကာကွယ်ခြင်းနှင့် ကြုံတွေ့လာပါက ဖြေရှင်းရန်နည်းလမ်းများနှင့် သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ စွမ်းဆောင်ရည် နှိုင်းယှဉ်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူးဦးခိုင်မင်းထွန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးဟန်ထွန်းချို၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်သီဟနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ဦးအောင်လင်းကြည်တို့က စကားဝိုင်းဆွေးနွေးပွဲအနေဖြင့် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်အေးကလည်း ဒေသခံပြည်သူများ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းဆွေးနွေးခဲ့ကြသည်။ **အောင်ကျော်မြင့်**

# မုံရွာခရိုင်အတွင်း မဲရုံများ၌ အထူးရဲ ၄၀၀ ကျော် ခန့်ထားမည်

**မုံရွာ အောက်တိုဘာ ၁၅**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မုံရွာခရိုင်အတွင်း မြို့နယ်များရှိ မဲရုံများတွင် လုံခြုံရေးတာဝန်များထမ်းဆောင်ရန် အထူးရဲတပ်ဖွဲ့ဝင် ၄၃၅ ဦးကို ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ အထူးရဲတပ်ဖွဲ့ဝင် ၄၃၅ ဦးသည် မုံရွာခရိုင်အတွင်းရှိ မဲရုံများ၌ မဲရုံတစ်ရုံလျှင် တစ်ဦးနှုန်းဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဗဟိုစည်း လုံခြုံရေးတာဝန်များ ထမ်းဆောင်သွားရမည်ဖြစ်ပြီး မုံရွာမြို့နယ်အတွင်းရှိ မဲရုံ ၁၅၈ရုံတွင် တပ်ဖွဲ့ဝင် ၁၅၈ ဦး၊ ချောင်းဦးမြို့နယ်အတွင်းရှိမဲရုံ ၇၁ ရုံတွင် တပ်ဖွဲ့ဝင် ၇၁ ဦး၊ ဘုတလင်မြို့နယ်အတွင်းရှိ မဲရုံ ၉၄ ရုံတွင် တပ်ဖွဲ့ဝင် ၉၄ ဦး၊ အရာတော်မြို့နယ်အတွင်းရှိ မဲရုံ ၁၁၂ ရုံတွင် တပ်ဖွဲ့ဝင် ၁၁၂ ဦးခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အထူးရဲတပ်ဖွဲ့ဝင်များအား အောက်တိုဘာ ၁၅ ရက်တွင် စတင်ခန့်ထားမည်ဖြစ်ပြီး အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ သင်တန်းပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ တာဝန်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းများ ပြီးစီး

**နတ်တလင်း အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အရှေ့ခြမ်း ဒမငယ်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဌေးက နတ်တလင်းမြို့မှ ဒမငယ်ကျေးရွာအထိ ပင်မဓာတ်ကြိုး သွယ်တန်းရာ ဆောင်ရွက်ပုံနှင့် ပင်မဓာတ်အားလိုင်းမှ မိမိတို့ကျေးရွာသို့ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သွယ်ယူခဲ့ပုံလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။



ကျေးရွာမီးလင်းရေးအတွက် ထရန်စဖော်မာကို ၂၅၀ကေဗွီအေ တစ်လုံးနှင့် ၂၀၀ ကေဗွီအေတစ်လုံး ထိုင်ထားပြီး ရွာတွင်းသို့ ၁၁ ကေဗွီ ဓာတ်ကြိုး ၂၃၀၀ ပေ တပ်ဆင်ထားကြောင်း သိရသည်။

အိမ်ခြေ ၅၁၅အိမ်ရှိသည့်အနက် ၁၂၂ အိမ်တွင် အိမ်သုံးမီတာ တပ်ဆင်ပြီး မီးရရှိနေပြီဖြစ်ကာ ရွာလမ်းမတစ်လျှောက် လမ်းမီးများလည်း လင်းနေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကျန်နေအိမ်များတွင် မီတာများတပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာရှိ ရဲကင်းစခန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ကျန်းမာရေးဌာန၊ စိုက်ပျိုးရေးပညာပေးစခန်း၊ ဘုန်းတော်ကြီးကျောင်းများတွင်လည်း လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း၊ ကျေးရွာဘုရားဝင်းအတွင်းမှ သာသနိက အဆောက်အအုံများ လျှပ်စစ်မီးလင်းရေးအတွက်လည်း အလှူရှင်များက ဓာတ်ကြိုး၊ မီတာစသည့် ဆက်စပ်ပစ္စည်းများကို လှူဒါန်း တပ်ဆင်ပြီးဖြစ်ကြောင်း၊ မီးလင်းရေးလုပ်ငန်းကို စုစုပေါင်း ငွေကျပ် ၉၈၁ သိန်း အကုန်ကျခံပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**မောင်တော အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရကျေးရွာ၌ ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာကြည့်တိုက်သို့ ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်သစ်ကို ငါးခူရကျေးရွာ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သီဟန်၊ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မောင်တောခရိုင်ပြန်/ဆက်ဦးစီးဌာနမှူး ဦးဝင်းရှိန်နှင့် ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး ခရိုင် ပြန်/ဆက်ဦးစီးဌာနမှူးက စာဖတ်ခြင်းနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် ဟောပြောသည်။ ဆက်လက်၍ ငါးခူရကျေးရွာ စာကြည့်တိုက်အတွက် ငွေပဒေသာပင် ကျပ်တစ်သိန်းကို ခရိုင်အုပ်ချုပ်ရေးမှူးက မတည်လှူဒါန်းခဲ့ပြီး တက်ရောက်လာသောပြည်သူများကလည်း အလှူငွေကျပ်တစ်သိန်းနှင့် သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ငါးခူရကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူများထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ဖြင့် တည်ဆောက်ခဲ့ပြီး အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မိုးလယ်မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မလှိုင် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း မိုးရက်ခြား ရွာသွန်းနေမှုကြောင့် ဒေသခံတောင်သူများစိုက်ပျိုးထားသော မိုးလယ်မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မလှိုင်မြို့နယ်အတွင်း မိုးမြေပဲစိုက်ပျိုးရာတွင် ယခင်နှစ်များက ဇူလိုင်လတွင် အများဆုံးစိုက်ပျိုးလေ့ရှိသော်လည်း မိုးရွာသွန်းမှုနည်းပါးလွန်းသဖြင့် အထွက်နှုန်းကျဆင်းခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင် မိုးရွာသွန်းမှု အကောင်းဆုံးနှင့် အစိုဓာတ်လုံလောက်စွာရရှိသော ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် မိုးမြေပဲကို အဓိကသီးနှံပုံစံပြောင်းလဲစိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် မိုးရက်ခြား ရွာသွန်းခြင်းနှင့် မုန်တိုင်းမိုးရွာသွန်းခြင်းတို့ကြောင့် စိုက်ပျိုးထားသော သက်တမ်းတို ဆင်းပဒေသာ(၁၁)မျိုး မိုးလယ်မြေပဲစိုက်ခင်းများ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ်မှ တောင်သူများသည် မိုးဦးကာလတွင် နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ဝါတို့ကိုစိုက်ပျိုးခဲ့ကြပြီး နှမ်းစိုက်ခင်းများ ရိတ်သိမ်းအပြီးတွင် ပဲတီစိမ်း၊ ပဲနောက်နှင့် မြေပဲများကို ပဲစင်းငုံ စိုက်ခင်းများကြား၌ သီးညှပ်အနေဖြင့်လည်း စိုက်ပျိုးကြသည်။ ထို့အပြင် မြေပဲကိုလည်း မိုးလယ်သီးနှံအနေဖြင့် အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ယခုနှစ်အတွက် မြေပဲစိုက်ပျိုးရန် လျာထားဧကမှာ ၇၇၉၀ ဧကဖြစ်ပြီး လျာထားချက်ကျော်လွန်၍ ၁၄၁၉၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် ဖြည့်စွက်မိုးရေ လုံလုံလောက်လောက်ရရှိသဖြင့် မိုးဦးတွင်စိုက်ပျိုးခဲ့သော မြေပဲ၊ ပဲတီစိမ်းနှင့် ပဲနောက်သီးနှံများ ထွက်ရှိနေပြီး ပဲနောက်နှင့် ပဲတီစိမ်းများမှာ တစ်တင်းလျှင် ၄၇၀၀၀ ကျပ်နှင့် မျိုးမြေပဲမှာ တစ်တင်းလျှင် ၁၄၀၀၀ ကျပ်နှုန်းများအထိ ဈေးရရှိနေသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **အောင်ဋ္ဌေး(မလှိုင်)**



## သတင်းတို

### မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျောက်လှည့်ဘီးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ကျောက်ဖြာကျေးရွာနှင့် အုန်းဇုန်းကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းများ၏ စာရင်းဇယားများမှန်ကန်မှုရှိရေးနှင့် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သပိတ်ကျင်းမြို့နယ်ဦးစီးမှူး ဦးမောင်မောင်သောင်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# အသင်းကြီးတွေ အမှတ်ပြည့်ရနိုင်တဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)

မိုးမြင့်လင်းလက်

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကို ဒီတစ်ပတ်မှာ ပြန်လည်ကစားတဲ့အခါ ပွဲစဉ်(၉)အဖြစ် ဘိုင်ယန်မြူနစ်၊ ဒေ့ါမွန်တို့ အဝေးကွင်းမှာ ကစားရမှာဖြစ်တဲ့အပြင် ပြိုင်ဘက်တွေက ခြေစွမ်းမာကျောတာမို့ အားကုန်ထုတ်ရဦးမယ့်ပွဲတွေဖြစ်နေပါတယ်။ ဒီတစ်ပတ်မှာ အကြိတ်အနယ်ရှိတဲ့ပွဲအဖြစ် ရှော်လ်ကေးနဲ့ ဟာသာဘာလင်တို့ ရင်ဆိုင်တွေ့ဆုံကြမယ့်ပွဲက စိတ်ဝင်စားစရာကောင်းနေပါတယ်။ နှစ်သင်းစလုံးရဲ့ တန်းစီဇယားရပ်တည်မှုပြောင်းလဲသွားစေနိုင်တဲ့ ရလဒ်ကောင်းကို တိုက်စစ်ဖွင့်ပြီး ရယူဖို့ ကြိုးစားကြမှာမို့ ပွဲကောင်းအဖြစ် ရှုစားကြရဦးမှာဖြစ်ပါတယ်။

**ဝါဒါဘရီမင်နှင့် ဘိုင်ယန်မြူနစ်**

အခုတလော ဘွန်ဒက်စ်လီဂါမှာ ဂိုးပြတ်တွေ သွင်းပြီး နိုင်ပွဲတွေ ဆက်တိုက်ရဖို့ပဲ ဘိုင်ယန်မြူနစ်တို့ အာရုံစိုက်ဦးမှာ ဖြစ်ပါတယ်။ အိမ်ရှင်ဝါဒါဘရီမင်တို့ကတော့ ပုံမှန် ခြေစွမ်းမရသေးတဲ့အပြင်အိမ်ကွင်း၊ အဝေးကွင်းတွေမှာလည်း နိုင်ပွဲပျောက်ဆုံးနေတာမို့ အခုပွဲမှာ ဘိုင်ယန်မြူနစ်ကို တွန်းလှန်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒီနှစ်သင်းရဲ့နောက်ဆုံး ငါးပွဲ တွေ့ဆုံခဲ့မှုရလဒ်တွေကို ကြည့်ရင် ဘိုင်ယန်မြူနစ်တို့ ဂိုးပြတ်တွေသွင်းပြီး အောင်ပွဲခံထားတာမို့ အခုပွဲရလဒ်ကောင်းကိုလည်း ဘိုင်ယန်မြူနစ်တို့ပဲ ဖန်တီးဦးမှာ ဖြစ်ပါတယ်။

**မိန့်ဇ်နှင့် ဒေ့ါမွန်**

အဝေးကွင်းမှာ တိုက်စစ်စွမ်းရည်ထက်မြက်တတ်တဲ့ ဒေ့ါမွန်ဟာ မိန့်ဇ်ကွင်းမှာတော့ အားထည့်ကစားရပါလိမ့်မယ်။ မိန့်ဇ်ဟာ တိုက်စစ်မကောင်းပေမယ့် ခံစစ်ပိုင်းမှာ အမှားအယွင်းနည်းအောင် ကစားတတ်တာမို့ လျင်မြန်တဲ့ ဒေ့ါမွန် တိုက်စစ်မှူးတွေကို ကောင်းကောင်း ဟန့်တား ထိန်းချုပ်နိုင်ပါလိမ့်မယ်။ ဒေ့ါမွန်တို့က အခုတလောသရေပွဲ၊ ရှုံးပွဲတွေကြုံနေတာမို့ ဒီပွဲမှာတော့ နိုင်ပွဲကို ပြန်လည်စတင်ဖို့ ခြေကုန်ဖွင့်ကစားတော့မှာဖြစ်ပါတယ်။ မိန့်ဇ်တို့ ခြေစွမ်းတက်နေပေမယ့် အနိုင်စိတ်ဓာတ် ပြင်းထန်နေတဲ့ ဒေ့ါမွန်တို့ အခြေအနေကောင်းသွားနိုင်တဲ့ပွဲပါ။

**ရှော်လ်ကေးနှင့် ဟာသာဘာလင်**

တန်းစီဇယား ဒုတိယနေရာကို တက်လှမ်းဖို့ကြိုးစားနေတဲ့ ရှော်လ်ကေးတို့ကတော့ အိမ်ကွင်းမှာ ဆိုပေမယ့် ပြိုင်ဘက်က ဟာသာဘာလင်ဖြစ်နေလို့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒီနှစ်မှာ ခြေစွမ်းကောင်းမွန်နေတဲ့ ဟာသာဘာလင်တို့ကလည်း အဝေးကွင်းဆိုပေမယ့် အောင်ပွဲခံစိတ်ဓာတ်တွေ ဆူဝေနေချိန်ဖြစ်တာမို့ ရှော်လ်ကေးတို့ ပွဲမချောင်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရှော်လ်ကေးတို့ကချည်း နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း အဲဒီမှတ်တမ်းကောင်းကို အိမ်ရှင်တို့ ဆက်ထိန်းဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့်ဟာသာဘာလင်ရဲ့ လက်ရှိခြေစွမ်းက ထက်မြက်နေတာမို့ ဒီပွဲဟာ သရေရလဒ်လည်း ထွက်ပေါ်သွားနိုင်ပါတယ်။

**ဟမ်းဘတ်နှင့် လေဗာကူဆင်**

ရှုံးပွဲတွေ ဆက်နေတဲ့ ဟမ်းဘတ်တို့လည်း အခုပွဲမှာတော့ နိုင်ပွဲရအောင် ရှာဖွေတော့မှာဖြစ်ပါတယ်။ လေဗာကူဆင်ဟာ ခြေစွမ်းတည်ငြိမ်အောင် ကြိုးစားနေပြီး ပွဲတိုင်းအမှတ်ရအောင် ကစားနေပါတယ်။ ဟမ်းဘတ်နဲ့ လေဗာကူဆင်တို့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့မှု မှတ်တမ်းကိုကြည့်ရင် လေဗာကူဆင်က သုံးပွဲနိုင်ပြီး ဟမ်းဘတ်တို့က နှစ်ပွဲနိုင်ထားပါတယ်။ ဘွန်ဒက်စ်လီဂါ ပွဲတွေမှာတော့ ဟမ်းဘတ်တို့က နိုင်ပွဲပိုရထားတာမို့ အဲဒီမှတ်တမ်းကို ဒီပွဲမှာလေဗာကူဆင်တို့ ချေဖျက်ပါလိမ့်မယ်။

**ဝုဖ်ဘတ်နှင့် ဟော့ဖန်ဟိန်း**

ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ဝုဖ်ဘတ်တို့ဟာ အခုပွဲမှာလည်း အဲဒီမှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းဖို့ အားထုတ်ပါလိမ့်မယ်။ အခုတလော သရေပွဲတွေများနေပြီး တန်းဆင်းဇုန်နား ရစ်ဝဲနေတဲ့ ဟော့ဖန်ဟိန်းတို့ကတော့ ဝုဖ်ဘတ်နဲ့ အခုပွဲမှာ အမြင့်ဆုံး တစ်မှတ်ထက် ပိုမိုပြီး မှန်းဆလို့ မရနိုင်ပါဘူး။ ဒါပေမယ့် အိမ်ကွင်းမှာ စံချိန်တင်နေတဲ့ ဝုဖ်ဘတ်တို့ကတော့ ဒီပွဲမှာလည်း အမှားမခံဘဲ နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။

**ဖရန့်ဖတ်နှင့် ဂလာဘတ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့မှု မှတ်တမ်းကိုကြည့်ရင် နှစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ ဖရန့်ဖတ်ရဲ့ နောက်ဆုံး သုံးပွဲကစားခဲ့မှုမှာတော့ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဂလာဘတ်တို့ကတော့ ဘွန်ဒက်စ်လီဂါမှာ ဝုဖ်ဘတ်နဲ့ စတုဂတ်တို့ကို နိုင်ပွဲဆက်တိုက် ရယူထားနိုင်ပါတယ်။ လက်ရှိခြေစွမ်းနဲ့ အားထုတ်မှုအရ ဂလာဘတ်တို့က အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရအောင် အားထုတ်သွားမယ့် အခြေအနေရှိပါတယ်။



## ဝေလရဲ့အောင်မြင်မှုတွေကို ထိန်းထားမယ်ဆိုတဲ့ ဂါရက်ဘေးလ်

ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်သွားပြီဖြစ်တဲ့ ဝေလအသင်းရဲ့ အောင်မြင်မှုတွေကို ဆက်လက်တိုးတက်အောင် ထိန်းထားမယ်လို့ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဂါရက်ဘေးလ်က ပြောဆိုလိုက်ပါတယ်။ ဝေလအသင်းဟာ ယူရို ၂၀၁၆ နောက်ဆုံးပြိုင်ပွဲအဖြစ် အန်ဒိုရာအသင်းကို ဂါရက်ဘေးလ်နဲ့ ရမ်ဆေးတို့ရဲ့ ဂိုးတွေနဲ့ အနိုင်ရခဲ့ပါတယ်။




ခရစ်ကိုးလ်မန်းရဲ့ ဝေလအသင်းဟာ ၁၉၅၈ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် အဓိကပြိုင်ပွဲကြီးမှာ တက်ရောက်ယှဉ်ပြိုင်သွားခွင့် ရရှိသွားပြီဖြစ်ပါတယ်။ ဝေလအသင်းဟာ အုပ်စု(B) ခြေစစ်ပွဲမှာ တစ်ပွဲသာရှုံးပြီး ထိပ်ဆုံးမှ ဘယ်လ်ဂျီယံနောက်မှ နှစ်မှတ်ခွာကာ အုပ်စုတတိယနဲ့ ခြေစစ်ပွဲအောင်ခဲ့တဲ့အတွက် လာမယ့် ၂၀၁၆ ခုနှစ်မှာ ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲတို့ တက်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိသွားပြီ ဖြစ်ပါတယ်။ ဂါရက်ဘေးလ်ကတော့ ဝေလအသင်းရဲ့ ဒီအောင်မြင်မှုတွေကို ဆက်လက်ထိန်းထားနိုင်အောင် ကြိုးစားသွားမယ်လို့ဆိုပါတယ်။

## အင်္ဂလန်အတွက် ဂိုးတွေဆက်တိုက်သွင်းပေးမယ်ဟု အာဆင်နယ်တိုက်စစ်မှူး ချန်ဘာလိန် ပြောကြား

**ကောင်းမြတ်သူ စုစည်းသည်။**

အာဆင်နယ်တိုက်စစ်မှူး ချန်ဘာလိန်က သူ့အနေနဲ့ အင်္ဂလန်အသင်းအတွက် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဂိုးတွေအများကြီး သွင်းပေးချင်တယ်လို့ ပြောဆိုလိုက်ပါတယ်။ ချန်ဘာလိန်ဟာ လစ်သူယေးနီးယားကို အင်္ဂလန်က သုံးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ တတိယအနိုင်ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ရွှိုင်းဟော့ဆန်ရဲ့ အင်္ဂလန်အသင်းဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ၁၀ ပွဲစလုံး အနိုင်ရပြီး ခြေစစ်ပွဲအောင်ခဲ့တာပါ။

အာဆင်နယ် တောင်ပံကစားသမား ချန်ဘာလိန်ဟာ အင်္ဂလန်အသင်းအတွက် ၂၄ ပွဲ ပါဝင်ကစားခဲ့ရာမှာ ငါးဂိုးသွင်းယူထားသူလည်း ဖြစ်ပါတယ်။ အင်္ဂလန်အသင်းကို ယခုထက် ပိုမိုအောင်မြင်မှုတွေရဖို့အတွက် ဂိုးတွေ ဆက်တိုက်သွင်းယူပေးနိုင်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်လို့ သူကဆိုပါတယ်။

ချန်ဘာလိန်ဟာ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ကစားခဲ့တဲ့ ကွန်မြူနတီဒိုင်းလုပွဲမှာလည်း တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။

## ချက်ကိုရှုံးပြီးနောက် ဗန်ပါစီတို့ရဲ့ ဟော်လန်အသင်း ယူရိုပြိုင်ပွဲမျှော်လင့်ချက် ကုန်ဆုံးခဲ့ရပြီ

နယ်သာလန်ခေါ် ဟော်လန်ဘောလုံးအသင်းဟာ ကမ္ဘာပေါ်မှာ နာမည်ကြီး ဘောလုံးအကျော်အမော်တွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းကြီးတစ်သင်းပါ။ သို့ပေမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ မအောင်ခဲ့တဲ့အတွက် လာမယ့်နှစ်မှာ ပြိုင်ပွဲနဲ့ လုံးဝလွဲချော်သွားခဲ့ရပါပြီ။ နောက်ဆုံးပြိုင်ပွဲအဖြစ် ဟော်လန်နဲ့ ချက်အသင်းတို့ ကစားပွဲမှာ နှစ်ဂိုး-သုံးဂိုးနဲ့ရှုံးပြီး အိမ်ပြန်ခဲ့ပါတယ်။ အုပ်စု (A) ပြိုင်ပွဲတွေအဖြစ် တူရကီက အိုက်စလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်တဲ့အတွက် တတိယနေရာရပြီး ကစားနိုင်မယ့် အခွင့်အလမ်းရှိနေတာကြောင့် မျှော်လင့်ချက်ရှင်သန်နေဆဲ ဖြစ်ပါတယ်။ ဟော်လန်တိုက်စစ်မှူး ဗန်ပါစီဟာ ဒီပွဲမှာ ကိုယ်ဂိုးကိုယ်ပြန်သွင်းမိတဲ့အတွက်ကြောင့်လည်း ထိပ်ဆုံးရောက် ချက်အသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။

နယ်သာလန်အသင်းအနေနဲ့ ချက်ကိုနိုင်ပြီး တူရကီက အိုက်စလန်ကို ရှုံးမယ်ဆိုရင် တတိယ အကောင်းဆုံးအသင်းအနေနဲ့ မျှော်လင့်ချက်ရှိနေပါသေးတယ်။ သို့ပေမယ့် ဟော်လန်အသင်းရဲ့ မျှော်လင့်ချက်ဟာ ဆန့်ကျင်ဘက်ဖြစ်ခဲ့ရပါတယ်။ နယ်သာလန်အသင်းဟာ ၂၀၀၂ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ယူရိုပြိုင်ပွဲကြီးနဲ့ လွဲချော်ခဲ့ရပါတယ်။ ဒီအုပ်စုမှာ ချက်နဲ့ အိုက်စလန်တို့က တိုက်ရိုက်ခြေစစ်ပွဲအောင်ပြီး တူရကီကတော့ ရှုံးထွက် Play-off ကစားရဦးမှာဖြစ်ပါတယ်။



# အသည်းခြောက်ရောဂါ အနှစ်ချုပ်

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အသည်းခြောက်ရောဂါအကြောင်း ပြောရမယ်ဆိုရင် ပထမဆုံးပြောချင်တာက အသည်းခြောက်တယ်၊ အသည်းကျုံ့တယ်၊ အသည်းကြွပ်တယ်၊ အသည်းရောင်တယ်၊ အသည်းကြီးတယ်၊ အသည်းနဲ့ပတ်သက်လို့ မျိုးစုံပြောကြတယ်။ ဆေးပညာအသုံးအနှုန်းနဲ့ပြောရင် Cirrhosis လို့ခေါ်ပါတယ်။ အဓိပ္ပာယ်က ဝါသည်ဟုဆိုလိုပါသည်။ လူတွေအကြောက်ဆုံးကတော့ အသည်းခြောက်ရောဂါပဲ။

**အသည်းခြောက်ရင် အသည်းမှာဘယ်လိုဖြစ်ပါသလဲ။**

ကျွန်တော်တို့ သာမန်လူတစ်ယောက်ရဲ့အသည်းဟာ ချောမွေ့နေပါတယ်။ တွေ့ဖူးကြသလို ဝက်အသည်း၊ အမဲအသည်း၊ ပြောင်ပြီးချောနေရမယ့်အစား အသည်းမာတယ်၊ အသည်းခြောက်တယ်ဆိုတဲ့ လူရဲ့အသည်းမှာတော့ အသည်းဟာပြုပ်ကလေးတွေ၊ အဖုကလေးတွေ ထလာတယ်။ အဲသလိုဖြစ်နေတာ ဘာကြောင့်လဲဆိုတော့ အသည်းတစ်ပြင်လုံး အသည်းတစ်ခုလုံးမှာ အမာရွတ်တွေ အများကြီးထင်တဲ့သဘောပဲ။ အသည်းမှာရှိတဲ့ ကလာပ်စည်းဆဲလ်ကလေးတွေ ဒဏ်ရာတစ်ခုခုရတိုင်းရတိုင်း အသည်းဆဲလ်တွေဟာ အသစ်အစားထိုးပြီး ဖြည့်ဆည်းပေးတယ်။ အဲဒီလိုဖြည့်ဆည်းပေးတဲ့အခါမှာ ဒဏ်ရာရလိုက် အသစ်ပြန်ဖြစ်လိုက်ပါများတော့ အမာရွတ်တွေထင်လာတယ်။ အသည်းတစ်ပြင်လုံးကို ထိတဲ့ဒဏ်ရာတွေများတော့ အမာရွတ်တွေ များလာတယ်။

အဲဒီအမာရွတ်တွေအများကြီးရှိလာတာကို ဆေးပညာအသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင် Fibrosis လို့ခေါ်တယ်။ အမာရွတ်တွေများပြီး ပြုပ်လုံးလေးတွေထလာတဲ့အခါ အသည်းရဲ့မူလတည်ဆောက်မှု ပုံသဏ္ဌာန် (Archiecture)တွေ ချို့ယွင်းကုန်တယ်။ သွေးကြောလေးက လမ်းလွဲရှိတယ်။ သည်းခြေပြွန်လမ်းကြောင်းလေးတွေကလည်း ကွဲကုန်တယ်။ သွားသင့်သလို မသွားတော့ဘူး။ ကွေ့ကောက်ကုန်တယ်။ အဲဒါကို အသည်းခြောက်တယ်လို့ ခေါ်တာပဲ။

**အသည်းခြောက်ရောဂါဟာ ဘာကြောင့်ဖြစ်ရပါသလဲ။**

အသည်းခြောက်ရောဂါဖြစ်ရာမှာ အဓိကအဆိုးဆုံးဖြစ်စေတတ်တာကတော့ အသည်းရောင်အသားဝါရောဂါပိုးတွေပဲ။ ဘီပိုးနဲ့စီပိုးဟာ အဓိကအားဖြင့် အသည်းခြောက်တာကို ဖြစ်စေတတ်တယ်။ နောက်ဖြစ်စေတတ်တဲ့အရာကတော့ အရက်ပဲ။ ဘယ်အရက်မဆို အရက်ဆိုတာ အရက်ပဲ၊ ဘီယာရော၊ ဝီစကီရော၊ ထန်းရည်ရော၊ ဝိုင်ရော အကုန်လုံးဟာအရက်ပါ။ ဘာလို့ဒီလိုပြောရသလဲဆိုတော့ မကြာခဏပြောကြတယ်။ ဆရာ ကျွန်တော်အရက်လုံးဝမသောက်ဘူး။ ဘီယာပဲသောက်တယ်။ ဘီယာဟာ အရက်မဟုတ်ဘူးလို့ပြောကြတယ်။ တကယ်တော့ ဘီယာဟာလည်း အရက်ပါပဲ။

**ထူးခြားတဲ့ အတွေ့အကြုံလေးတွေ**

ကျွန်တော့်လူနာတစ်ဦးက တစ်ခါတုန်းက အားဆေးဆိုပြီး ကြော်ငြာထားတဲ့ ဘီယာကို တကယ်အားဆေးမှတ်ပြီးသောက်မိတယ်။ ဘာလို့တုံးဆိုတော့ ခွန်အားပြည့်မောက် ABC Stouct လို့ ကြော်ငြာတာကိုး။ ဘယ်အရက်မဆို အသည်းကို ထိခိုက်နိုင်ပါတယ်။ နှစ်ပေါင်း ၁၀နှစ်ကျော်ကြာရှည် နေ့စဉ်မပြတ် သတ်မှတ်ချက်တွေကိုကျော်လွန်ပြီး သောက်ရင်ပေါ့။ တစ်နေ့ကို ဘီယာဆိုရင် တစ်ပုလင်းခွဲကျော် အခြားအရက်တွေဆိုရင် သုံးပက်ထက်ကျော်ပြီးတော့ ၁၀နှစ်ထက်ပိုပြီးသောက်မယ်ဆိုရင် အသည်းကိုထိခိုက်နိုင်တယ်။ အထူးသဖြင့် အသည်းရောင်အသားဝါပိုး စီပိုးရှိတဲ့သူ နဂိုကလည်း အခံရောဂါရှိပြီးသား အရက်ကလေးပေါင်းလိုက်ရင် ဖြစ်ဖို့လွယ်တာပေါ့။

**အသည်းခြောက်ရောဂါဖြစ်စေတတ်တဲ့ တတိယအချက်။**

အသည်းခြောက်ရောဂါဖြစ်စေတတ်တဲ့ တတိယအချက်ကတော့ သည်းခြေပြွန်လမ်းကြောင်းမှာ ကျောက်တွေရှိတယ်။ သည်းခြေအိတ်ထဲမှာ ကျောက်ရှိတာ မဟုတ်ဘူးနော်။ သည်းခြေပြွန်လမ်းကြောင်းထဲမှာ ကျောက်ရှိတာ။ အဲဒီလို ကျောက်ရှိတာကြာလို့ရှိရင် သည်းခြေရည်က အောက်ကိုကောင်းကောင်းမစီးနိုင်ဘဲနဲ့ သည်းခြေပြွန်ကျောက်ကပိတ်၊ ရောင်လိုက်၊ ပိုးဝင်လိုက်၊ သည်းခြေရည်က မဆင်းနိုင်။ ဒီနည်းနဲ့ အသည်းဟာ ဒဏ်ရာရပြီးခြောက်သွားတယ်။ ကျောက်က ဘယ်မှာလဲ၊ အသည်းခြေပြွန်လမ်းကြောင်းထဲမှာ။ ဒါဆိုရင် တစ်နည်းနည်းတော့လုပ်ရမယ်။ အစာအိမ်ပြွန်နဲ့ ဆွဲထုတ်ရင်ထုတ် ခွဲစိတ်ကုသမှုလုပ်ရင်လုပ်။ မလုပ်ရင် ကြာရင်အသည်းခြောက်ရောဂါ ဖြစ်လာနိုင်တယ်။

**တခြားဘာတွေကြောင့် အသည်းခြောက်ရောဂါဖြစ်နိုင်ပါသေးလဲ။**

ဆေးတွေပါ။ မြန်မာလူမျိုးနဲ့သက်ဆိုင်တာပဲ ပြောပါ့မယ်။ ကျွန်တော်တို့ဆီမှာ ခရုသင်းစွဲရင် ပြည်တွင်းမှာ ဖော်စပ်ထားတဲ့ဆေးတွေမှာ(Arsenic)၊ မြန်မာလိုတော့ စိန်ပေါ့။ အဲဒီစိန်ဟာ ကျွန်တော်သိတဲ့ ခရုသင်းပျောက်ဆေးထဲမှာ စိန်ပါတယ်။ အဲလို စိန်ပါတဲ့ဆေးကို သောက်ဆေးလည်းပေးကြတယ်။ အရေပြားလေးကိုခြစ်ပြီး ခရုသင်းပျောက်ဆေး စိန်ပါတဲ့ဆေးကိုလည်း လိမ်းသေးတယ်။ အဲဒီလို စိန်ပါတဲ့ဆေးကိုသုံးထားရင် အဲဒီစိန်ဟာ ကိုယ်ထဲရောက်သွားပြီး ပြန်မထွက်တော့ဘူး။ အဲဒီလိုပြန်မထွက်တော့ရင် အဲဒီစိန် Arsenic က အသည်းကို ခြောက်စေတယ်။ အသည်းကင်ဆာကို ဖြစ်စေတယ်။

ဗိုက်ထဲမှာ ရေဖျဉ်းစွဲနေပြီးတော့ ခရုသင်းရှိတဲ့ လူနာလာရင် ခရုသင်းအတွက် ဆေးသုံးဖူးသလား မေးလိုက်။ သုံးဖူးတယ်လို့ဖြေရင် အဲဒါဆို စိန်ကြောင့် အသည်းခြောက်တယ်ဆိုတာ သေချာပြီ။ ကျွန်တော်တို့ လက်သည်း၊ ခြေသည်းနဲ့ ဆံပင်စကိုဖြတ်ပြီး ဓာတုဗေဒဝန်ရုံးကိုပို့ရင် Arsenic တွေပါရှိသည်ဟု ပြန်လာတာပဲ။ ဒါကြောင့်စိန် Arsenic ဟာ အသည်းခြောက်ဖြစ်စေနိုင်တဲ့ အရေးကြီးအချက်တစ်ချက်ပါ။

**အသည်းခြောက်ရောဂါဖြစ်နိုင်တဲ့ တခြားအကြောင်းအရာ။**

စိတ်ဝင်စားစရာ အသည်းခြောက်ရောဂါတစ်ခုကတော့ လူရဲ့ခန္ဓာကိုယ်ထဲမှာ သံဓာတ်များနေတဲ့ရောဂါ။ Heamochromatosis သံဓာတ်များတဲ့ရောဂါ။ မွေးရာပါ သံဓာတ်ကိုက များနေတယ်။ လူကိုကြည့်ရင် မည်းနေတယ်။ ခြောက်ပြီးအသားအရေဟာ တအားမည်းနေလို့ရှိရင် သွေးထဲမှာ သံဓာတ်များနေသလားဆိုတာ စစ်ပေးရမယ်။ ဒါဟာကုလို့ရတဲ့ရောဂါပါ။ ဒီလူနာရဲ့သွေးကို တစ်ပတ်ကို တစ်လုံးတစ်လုံး ထုတ်ပေးလိုက်ရင် ပျောက်ရော။ အဲဒီရောဂါကို စောစောစီးစီးမသိဘဲနဲ့ နောက်ကျမှသိလို့ အသည်းအားလုံး ခြောက်သွားပြီဆိုရင်တော့ ရောဂါအခြေအနေ မကောင်းတော့ဘူး။ ဒီရောဂါဟာ အနောက်နိုင်ငံတွေမှာ ပိုပြီးပေါပါတယ်။ မြန်မာနိုင်ငံမှာလည်းရှိပါတယ်။ ရှိတယ်ဆိုတာ သိထားဖို့ပဲ။

> **အသည်းခြောက်ပြီဆိုတာနဲ့ သေတော့မှာလားဆရာ၊ အသည်းခြောက်တယ်ဆိုတော့ သေတော့မှာလားလို့ မေးကြတယ်။ အထိတ်တလန့် မကြာခဏလာမေးကြတယ်။ အသည်းခြောက်တယ်ဆိုတာနဲ့ ကြောက်ဖို့မလိုပါဘူး။ လိမ္မာပြီး ဆင်ခြင်ဖို့ပဲ။ အသည်းဟာ ခြောက်တယ် မာတယ်ဆိုပေမယ့်လို့ အသည်းရဲ့ ပွားနှုန်းဟာ အရမ်းအံ့သြဖို့ ကောင်းတယ်။ အသည်းရဲ့ သုံးပုံတစ်ပုံလောက်ပဲ အသည်းဆဲလ်တွေရှိနေရင် လူတစ်ယောက်ကို နှစ်ပေါင်းများစွာ အသက်ရှည်အောင် အသည်းက ထိန်းထားနိုင်တယ်. . .**

**အသည်းခြောက်ရောဂါရဲ့ ရောဂါလက္ခဏာတွေ**

တချို့ အသည်းခြောက်လူနာတွေဟာ ဘာရောဂါလက္ခဏာမှ မပြဘူး။ ရောဂါမပြဘဲနဲ့ ဘယ်လိုတွေ့တတ်သလဲဆိုရင် အစာအိမ်သွေးကြောပေါက်လို့ဆိုပြီး သွေးအန်တယ်။ အစာအိမ်ထင်ပြီး ဗိုက်ကိုဖွင့်လိုက်တဲ့အခါ အထဲမှာ အသည်းကခြောက်နေတာတွေ့ရတယ်။ တချို့က သည်းခြေအိတ်ထဲမှာ ကျောက်တည်လို့ဆိုပြီး ဖွင့်လိုက်တယ်။ အထဲမှာ အသည်းခြောက်နေတာ တွေ့ရတယ်။ တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် ဗိုက်ကိုခွဲလိုက်တဲ့အခါ အသည်းခြောက်တာတွေ့ရတယ်။

တချို့ကျပြန်တော့ အသည်းခြောက်နေပြီဆိုတာကို ကိုယ်ခန္ဓာမှာဖော်ပြတဲ့ ရောဂါလက္ခဏာအချက်အလက်တွေရှိတယ်။ အပေါ်များဆုံးတွေ့ရတာနဲ့ အလွယ်ကူဆုံးတွေ့ရှိရတာက ကိုယ်ခန္ဓာ၊ ကျော၊ ရင်ဘတ် (ပြီးတော့ ကျွန်တော့်အတွေ့ အကြုံအရ) လက်မောင်းရဲ့နောက်မှာ အနီပြောက်ကလေးတွေ အများကြီးတွေ့တယ်။ အနီပြောက်ကလေးတွေဟာ ရိုးရိုးမှဲ့နဲ့မတူ ကွဲပြားတယ်။ အလယ်မှာ ခန္ဓာကိုယ်လေးရှိပြီး ဘေးမှာအမွှာမွှာကလေးတွေရှိလို့ ပင့်ကူနဲ့တူလို့ ဆေးပညာအခေါ်အရ Spider Naevi လို့ခေါ်တဲ့ အနီလေးတွေ တွေ့ရတယ်။ ဒါဟာ အသည်းခြောက်တဲ့ လက္ခဏာတစ်ခုပဲ။ လူနာတွေက ချွေးထွက်များလို့ အနီပြောက်တွေရှိတယ်။ မှဲ့တွေပဲ အောက်မေ့နေတာလို့ ပြောကြတယ်။ အဲဒီ Spider တွေ သိပ်များလွန်းရင် ဆရာဝန်တွေကိုယ်တိုင်လည်း အရေပြားရောဂါထင်ပြီး အရေပြားဆရာဝန်ထံ သွားပြဖို့ ညွှန်တာကို မကြာခဏတွေ့ရတယ်။

**နောက်ထပ် ရောဂါလက္ခဏာတစ်ခု**

ခြေထောက်ကလေးတွေစပြီးရောင်တာပဲ။ ဘာကြောင့်မှန်းမသိဘူး။ ကျောက်ကပ်ရောဂါထင်ပြီး ကျောက်ကပ်ဆရာသွားပြတော့ ရောဂါမတွေ့ဘူး။ မိန်းမတွေဆိုရင် မီးယပ်ရောဂါထင်ပြီး မီးယပ်ဆရာဝန်ထံသွားပြ။ ရောဂါရှာမတွေ့၊ ခြေထောက်ကလေးတွေရောင်တယ်။

**ရောဂါလက္ခဏာအကြောင်း**

ဆရာဝန်တွေအနေနဲ့ လူနာကိုစမ်းကြည့်ရင် တွေ့ရှိနိုင်တဲ့ လက္ခဏာတွေကတော့ အများကြီးပေါ့။ ဘာရောဂါမှ ရှာမရဘဲ ပိန်၊ နုံး၊ Weight ကျတယ်ဆိုဒါလည်း အသည်းခြောက်လို့ဖြစ်တတ်တာပဲ။ ဆရာဝန်တစ်ဦးရဲ့အမေ ရောဂါရှာတယ် မတွေ့ဘူး။ ဟော်မုန်းလည်း စစ်တယ်။ Thyroid ကိုလည်းစစ်တယ်။ ရောဂါရှာမတွေ့ဘူး။ တဖြည်းဖြည်းနဲ့ သုံးလအတွင်း ပေါင် ၂၀ ကျတယ်။ တစ်ရက်မှာ သွေးအန်လို့ ဗိုက်ကိုဖွင့်ကြည့်လိုက်တော့ အသည်းခြောက်နေတာတွေ့ရတယ်။

နောက်တစ်နည်းတွေ့ရတာကတော့ အသည်းခြောက်တာမှာ မျက်လုံးကလေးဝါလာတယ်။ တစ်နှစ်အတွင်းမှာ ခဏပျောက်လိုက်၊ နုံးလိုက်၊ ဝါလိုက် အသည်းရောင်အသားဝါကလည်း ကြာလာတော့ ဒါဆိုရင် ဂရုစိုက်ပေတော့။ အသည်းရောင်အသားဝါ မဟုတ်တော့ဘူး။ ဒါအသည်းခြောက်တဲ့အဆင့် ရောက်နေပြီ။

**ဆိုးဝါးတဲ့ လက္ခဏာတွေ**

ဒီထက်ပိုဆိုးလာရင် ဗိုက်ထဲမှာ ရေဖျဉ်းဝင်လာတယ်။ တစ်ခါတလေ လူက ဝဝဖြိုးဖြိုးသန်သန်မာမာနဲ့ ဗိုက်ဖောင်းနေရင် ရေဖျဉ်းရှိတာကို ရုတ်တရက် မသိနိုင်ဘူး။ ဒါမှတ်သားသင့်တဲ့အချက်ပဲ။ ဒါကို အကြိမ်ပေါင်းများစွာ တွေ့ခဲ့ဖူးလို့ မလွဲမှားရအောင် တင်ပြရခြင်းဖြစ်တယ်။

**အသည်းခြောက်ရောဂါလက္ခဏာ အဆင့်ဆင့်**

အသည်းခြောက်တယ်ဆိုတာဟာ ဘာရောဂါလက္ခဏာမှ မပေါ်ဘဲနဲ့ စစ်ဆေးလိုက်မှ၊ ခွဲစိတ်လိုက်မှ၊ Utrasound နဲ့မှ တွေ့တဲ့အပိုင်းရှိပါတယ်။ တချို့ကျတော့ မျက်လုံးဝါတယ်၊ ခြေထောက်ကလေးတွေ ရောင်တယ်၊ ရေဖျဉ်းစွဲတယ်၊ Spider ရှိတယ်။ အဲဒီလို အသည်းခြောက်ရောဂါကို အဆင့်နဲ့ တွေ့ရတတ်ပါတယ်။

**အသည်းခြောက်တာကို ဘယ်လိုနည်းနဲ့ သိနိုင်ပါ သလဲ**

အသည်းအားနည်းတယ်ဆိုတာကိုတော့ သွေးတွေကို စစ်ဆေးပြီးတော့ Liver Function Test (LFT)လုပ်ပြီး အသည်းအားနည်းတယ်ဆိုတာပဲသိနိုင်တယ်။ အသည်းခြောက်တယ်၊ ကျုံ့နေတယ်၊ ပြုပ်တွေထနေတယ်ဆိုတာတော့ Ultrasound ရိုက်လို့သော်လည်းကောင်း၊ CT Scan ရိုက်ကြည့်လို့သော်လည်းကောင်း သိနိုင်ပါတယ်။ ရောဂါက အတော်ကြီးကို ဆိုးနေပြီဆိုရင်တော့ အဲဒီလို မစစ်ဆေးဘဲနဲ့ လက်နဲ့စမ်းသပ်ကြည့်ရင်ကို ရပါတယ်။ ဒါပေမယ့် အသည်းခြောက်ခါစ အနေအထားမှာတော့ Ultrasound တို့၊ CT Scan တို့ ရိုက်ကြည့်မှသာ သိရှိနိုင်ပါတယ်။

**အသည်းခြောက်ပြီဆိုရင် လူတွေကြောက်ကြတယ်**

ဟုတ်တယ်။ အသည်းခြောက်ပြီဆိုတာနဲ့သေတော့မှာလားဆရာ. . . အသည်းခြောက်တယ်ဆိုတော့ သေတော့မှာလားလို့ မေးကြတယ်။ အထိတ်တလန့် မကြာခဏ လာမေးကြတယ်။ အသည်းခြောက်တယ်ဆိုတိုင်း ကြောက်ဖို့မဟုတ်ပါဘူး။ ဘာကြောင့် အသည်းခြောက်သလဲဆိုတာ ပထမဆုံးလေ့လာရမယ်။ ဘီပိုးကြောင့်လား စီပိုးကြောင့်လား။ အရက်ကြောင့်လား၊ ဆေးတွေကြောင့်လား၊ Arsenic စိန်တွေသုံးခဲ့လို့လား၊ သည်းခြေပြွန်လမ်းကြောင်းမှာ ကျောက်တွေရှိလို့လား၊ ဒါတွေကို သိရမယ်။

နှစ်အချက်၊ ဟုတ်ပြီ ခြောက်တာတော့ဟုတ်ပြီ။ အသည်းအခြေအနေက ဘယ်လိုအခြေအနေလဲ။ Well Compensated Cirrhosis ဆိုရင်တော့ ကောင်းမွန်တယ်။ အသည်းက မာတာပဲ၊ ခြောက်တာပဲရှိတယ်။ အသည်းရဲ့ Function ဟာ အသည်းရဲ့တာဝန်ဝတ္တရားတွေ လုံးဝကောင်းနေတယ်ဆိုတာ စစ်ဆေးတွေ့ရင် ဘာမှစိုးရိမ်စရာမရှိဘူး။ အသည်းခြောက်တယ်လို့သိရှိပြီးတော့ အနှစ် ၂၅နှစ်၊ အနှစ် ၃၀နေရတဲ့ လူတွေ အများကြီးပဲ။

**တော်တော်ဒဏ်ခံနိုင်တဲ့ အသည်း**

အသည်းခြောက်တယ်ဆိုတာနဲ့ ကြောက်ဖို့မလိုပါဘူး။ လိမ္မာပြီး ဆင်ခြင်ဖို့ပဲ။ အသည်းဟာ ခြောက်တယ် မာတယ်ဆိုပေမယ့်လို့ အသည်းရဲ့ပွားနှုန်းဟာ အရမ်းအံ့သြဖို့ကောင်းတယ်။ အသည်းရဲ့ သုံးပုံတစ်ပုံလောက်ပဲ အသည်းဆဲလ်တွေရှိနေရင် လူတစ်ယောက်ကို နှစ်ပေါင်းများစွာအသက်ရှည်အောင် အသည်းက ထိန်းထားနိုင်တယ်။ အဲ. . . တစ်ခုတော့ရှိတာပေါ့။ အသည်းဆဲလ်တွေရဲ့ သုံးပုံတစ်ပုံပဲရှိတယ်။ သုံးပုံနှစ်ပုံကတော့ အမာရွတ်တွေများပြီးနေရင် နောက်ထပ်ဒဏ်ရာမရစေနဲ့ပေါ့။

**ရှောင်ရမှာတွေ**

အရက်၊ ဆေးလိပ်၊ ဒါတွေလုံးဝရှောင်ရမယ်။ အသည်းကိုထိခိုက်နိုင်တဲ့ ဟော်မုန်းပါတဲ့ သောက်ဆေးတွေ၊ သံဓာတ်များတဲ့ဆေးတွေ၊ ဥပမာ Ferrous Sulphate သံဓာတ်များတဲ့ဆေးတွေ မသောက်ရဘူး။ ဒါတွေက အသည်းကိုထိခိုက်မယ့်၊ ဒဏ်ရာရစေမယ့် ဆေးတွေ။ နောက်ရှောင်ရမှာ တစ်ခုကတော့ အကိုက်အခဲပျောက်ဆေး၊ ကိုယ်ပူကျဆေးတွေ၊ ဒါတွေဟာ အသည်းကို ထိခိုက်ရုံမကဘူး။ အသည်းမာလို့ ခြောက်လို့ အသည်းထဲကို သွေးကြောတွေ စီးမရတဲ့အခါမှာ အစာမျိုလမ်းကြောင်းတစ်လျှောက်မှာ သွေးကြောအထုံးအထုံးကလေးတွေ ဖြစ်နေတယ်။ ဒါတွေကို ပေါက်ကွဲစေတတ်တယ်။ ဒါကြောင့်မို့ အသည်းခြောက်တယ်ဆိုရင် အကိုက်အခဲပျောက်ဆေး၊ ကိုယ်ပူကျဆေး လုံးဝမသုံးနဲ့။ ကျွန်တော့်ရဲ့ဆရာ အရိုးဆရာဝန်ကြီးတစ်ဦးကပြောဖူးတယ်။ ခင်ဗျားလူနာတွေကလည်းဗျာ၊ ခင်ဗျားမှာထားတဲ့အတိုင်းပဲ။ Paracetamol လေး တစ်ပြားတောင် တိုက်လို့မရဘူးတဲ့။ မှန်ပါတယ်။ ဒူးနာရင် အိပ်ရာထဲလှဲနေရုံပဲ။ ပါရာစီတမောတိုက်လို့ သွေးအန်ပြီး ဆေးရုံပေါ်ရောက်လာတော့ သေသွားနိုင်တယ်။ ဒါတွေကို ကျွန်တော်က နေ့စဉ်မြင်တွေ့နေရတဲ့သူ။ Aspirin တစ်ပြားသောက်ရင်လည်း သွေးအန်တယ်။ ဒါကြောင့်မို့ အကိုက်အခဲပျောက်ဆေးကို ရှောင်ရမယ်။

ရှောင်ရမှာတွေကို ဆက်ပြောရရင်တော့ ဒီအသည်းခြောက်တာကနေ ပိုမိုဒဏ်ရာရပြီး အသည်းကင်ဆာဖြစ်နိုင်တယ်လို့ သတ်မှတ်ထားတဲ့ မှို၊ မှိုဆိုတာ ငရုတ်သီးခြောက်ထဲမှာ၊ ပဲအမျိုးမျိုးရဲ့ အခြောက်တွေထဲမှာ တွယ်ကပ်နေတဲ့မှိုတွေ။ အဲဒီမှိုတွေထဲမှာပါရှိတဲ့ Aflatoxin က အသည်းကို ဒဏ်ရာရစေတယ်။ ပိုပြီးခြောက်စေတယ်။ နောက်တစ်ချက်ပြောချင်တာက အသည်းခြောက်သူတွေမှာ ခြေထောက်တွေ ရောင်လာတယ်။ ရေဖျဉ်းစွဲလာနိုင်တယ်။ ဒါကြောင့် အငန်လျှော့စားသင့်တာပေါ့။ လုံးဝခြေထောက်ရောင်ပြီး ဗိုက်ထဲရေရှိနေပြီဆိုရင်တော့ အငန်ကို လုံးဝခဏရှောင်ထားပါ။

**အသည်းခြောက်ရောဂါကနေ ဆိုးဆိုးရွားရွား ဘာတွေဖြစ်နိုင်ပါသလဲ**

အသည်းခြောက်ရောဂါကနေ ဘာဖြစ်နိုင်သလဲ။ ဘယ်လိုအကျိုးဆက်တွေဖြစ်နိုင်သလဲဆိုတာ မကြာခဏအမေးခံရတဲ့ မေးခွန်းပါ။ အသည်းဟာခြောက်ပြီးတော့ ကျုံ့လာတဲ့အတွက် အသည်းထဲကို သွေးပြန်ကြောမကြီးက မဝင်နိုင်ဘူး။ အဲသလို သွေးစီးပြီး မဝင်နိုင်တဲ့အခါမှာ အစာမျိုလမ်းကြောင်းတစ်လျှောက်မှာ အထုံးကလေးတွေ ဖြစ်တတ်ပါတယ်။ အဲဒါကို အီဆိုဖေဂျီရယ်ဗေရီးဆက်စ် (Oesophageal Varices)လို့ ခေါ်တယ်။ အဲဒီသွေးကြောထုံးကလေးတွေက ပေါက်တတ်ပါတယ်။ ပေါက်တဲ့အခါမှာ ညိုညိုမည်းမည်းတွေ အန်ရင်အန်မယ်၊ သွေးနီရဲရဲတွေ အန်ရင်အန်မယ်။ အများကြီးအန်မယ်။ ဒါမှမဟုတ်ရင် အဲဒီသွေးကြောတွေက အပေါ်ကိုမတက်ဘဲနဲ့ အောက်ကိုပါသွားရင် ဝမ်းထဲမှာ မည်းမည်းစေးစေး ပိုင်ပိုင်အနေနဲ့ ပါလာတယ်။ ဒါဟာ အသည်းခြောက်ရောဂါရဲ့ ကြောက်စရာအကောင်းဆုံး အကျိုးဆက်တစ်ခုပါပဲ။ နောက်ဆက်တွဲ ပြဿနာတစ်ခုပါပဲ။

အဲဒီအခါမှာ လူနာများအနေနဲ့ ဘယ်လိုအမှတ်မှားကြသလဲဆိုတော့ သွေးအန်တယ်။ မည်းမည်းတွေ အန်တယ်။ ဝမ်းမည်းမည်းတွေသွားတယ်။ ဒါဆို အစာအိမ်ရောဂါပဲ။ အစာအိမ်သွေးကြောပေါက်တာပဲဆိုပြီးတော့ အသည်းကြောင့်လို့ မထင်ကြဘူး။ ကောင်းသွားပြီ။ အစာအိမ်သွေးကြော ပေါက်ပိတ်သွားပြီဆိုပြီး လိုအပ်တဲ့ ဆက်လက်ကုသမှုကို မခံယူကြတော့ဘူး။

တကယ်တော့ အဓိကပြဿနာ၊ အဓိကရောဂါဟာ အသည်းမှာပဲဖြစ်တယ်။ အသည်းခြောက်လို့၊ မာလို့၊

စာမျက်နှာ ၂၁ သို့

# မော်လမြိုင်ကျွန်းတွင် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး လုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းဖွင့်လှစ်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၅**

မော်လမြိုင်ကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၄ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဇရာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလေးအောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ တာဝန်ဝတ္တရားများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းစဉ် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပို့ချပေးသည်။

အဆိုပါမဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းများကို မော်လမြိုင်ကျွန်းမြို့ မော်ဇရာခန်းမနှင့် အထက(၁) မဟာဆောင်ခန်းမတို့တွင် အောက်တိုဘာ ၈ ရက်နေ့မှ ၁၅ ရက်နေ့အထိ သင်တန်းလေးကြိမ်ဖွင့်လှစ်ပို့ချခဲ့ရာ တစ်ကြိမ်လျှင် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး သင်တန်းသား ၁၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်စီကြာမြင့်ခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့က ကွင်းဆင်းကြည့်ရှုဆောင်ရွက် ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းသာကျေးရွာတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အုန်းချောင်းကျေးရွာ အထက(ခွဲ)၌ တည်ဆောက်ပြီးစီးသည့် ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးခဲ့ကာ အုန်းချောင်းကျေးရွာ ဘုရားရှိခိုးကျောင်းခန်းမဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ကိုကိုမောင် (ပြန်/ဆက်)**

# ယောခလေ့ အိုးစည်ပြိုင်ပွဲ ကျောက်ထုတွင်ကျင်းပ

**ကျောက်ထု အောက်တိုဘာ ၁၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် ပြင်လယ်ရွာဘုန်းတော်ကြီးကျောင်းဝင်း၌ ယောခလေ့ဖြစ်သည့် အိုးစည်ပြိုင်ပွဲကို ကျောက်ထုဒေသ၏ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် ယောလူငယ်အသင်းကကြီးမှူး၍ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

"ယောအရပ်ဒေသရဲ့ ရိုးရာခလေ့တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ ဒီပြိုင်ပွဲကို ကျင်းပတာပါ၊ ယောဒေသရဲ့ အခြားသောခလေ့များကိုလည်းပဲ ဆက်လက်ဖော်ထုတ်ကျင်းပသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဦးကျော်ကျော်နိုင်က ပြောသည်။

ပြိုင်ပွဲသို့ ဒေသတွင်းကျေးရွာများဖြစ်သည့် ရင့်ရဲ၊ ကံကြီး၊ ပြင်လယ်၊ တောင့်တက်၊ ရေရှင်ကျေးရွာများမှ လူငယ်အိုးစည်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပါဝင်ယှဉ်ပြိုင်သည့်အဆင့်များအလိုက် ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**

# သရက်မြို့နယ်ရှိ တုတ်ကိုင်းတံတားပြိုကျမှု အမြန်ဆုံးပြင်ဆင်မည်

**သရက် အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် တုတ်ကိုင်းကျေးရွာအနီး သရက်-မင်းလှလမ်းပေါ်ရှိ ပွန်းချောင်းဖြတ် တုတ်ကိုင်းတံတားပြိုကျမှုကို လမ်းဦးစီးဌာနက အမြန်ဆုံးပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။



တုတ်ကိုင်းတံတားသည် အရှည် ၂၄၀ ပေရှိ သံဘေလီတံတားဖြစ်ပြီး အောက်တိုဘာ ၁၂ ရက်က ပွန်းချောင်းရေတိုက်စားမှုကြောင့် တံတားသံပေါင်များ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။ တံတားပြိုကျမှုကို မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်း၊ သရက်ခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းအောင်တို့က အောက်တိုဘာ ၁၃ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ခရီးသွားပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေးအတွက် ၁၀ ရက်ခန့်အတွင်း ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ တုတ်ကိုင်းတံတားသည် သရက်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀ ကျော်မှ ပြည်သူများ ဖြတ်သန်းသွားလာ အသုံးပြုနေသည့် တံတားဖြစ်သည်။ သရက်-မင်းလှလမ်းပေါ်၌ရှိကာ ကံမ၊ သရက်၊ မင်းလှ၊ မင်းဘူး၊ မကွေးမြို့များသို့ နေ့စဉ်ကားကြီးကားငယ်များ ပြေးဆွဲနေသည့် တံတားတစ်စင်းလည်း ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် အလွန်အရေးပါသည့် တံတားဖြစ်ကြောင်း သိရသည်။ **ပေါက်ကလေး (သရက်)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၃ ရက်က နမ့်ခမ်းဘက်မှ မူဆယ်ဘက်သို့ လောက်ဝမ့်မောင်းနှင်ပြီး ရန်ဖူးလင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ခုနစ်ကီလို သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၁၃ ရက်က လောက်ကိုင်-ရန်လုံကျိုင်းသွား ကားလမ်းရှိ ညီနောင်ဆီဆိုင်ရှေ့တွင် ရန်လုံကျိုင်းမှ လောက်ကိုင်ဘက်သို့ လမ်းလျှောက်လာသူ လီလောက်ရုံကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ လောက်ကိုင်မြို့၊ အမှတ်(၃)ရပ်ကွက် ချာယွင်လမ်း အမှတ် (၃/၆၈၈)နေ ကျုံးယူချိန် ၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ လီလိုက်ဖူ၊ လူရှောက်နိမ်၊ မလောက်ရှောက်ဖိန်၊ ယွီလောက်ဖာတို့ကို တွေ့ရှိပြီး အိပ်ခန်းနှစ်ခန်းအတွင်းမှ အိုက်စ် ၀ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၇၉၂ ပြား၊ Mark II (အနက်) မော်တော်ယာဉ်တစ်စီးနှင့် စူဇူကီးဆိုင်ကယ်နှစ်စီးတို့ကို လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်းနှင့် မာလာနွယ်လမ်းထောင့်တွင် သက်ခိုင်မောင်းနှင် ပြီး တရုတ်ကလေး၊ မရတနာမိုးနှင့် မဇင်မာစိုး တို့လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၀၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃ ပြားကိုလည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ကြည်ရတနာရွှေဆိုင်ရှေ့ လမ်းမပေါ်တွင် မော်ရှန်ရပ်ကွက်ဘက်မှ ဖားပြင်ကျေးရွာဘက်သို့ မောင်မောင်နိုင် (ခ)အားချန့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက်နှစ်ခွက်(ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၀၂၂ ကီလို) သိမ်းဆည်းရမိပြီး ၎င်းနေထိုင်သည့် ဆိပ်မူကျေးရွာ၊ မော်ရှန်ရပ်ကွက် အမှတ်(၂၆)ရှိ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀၊ ဘိန်းဖြူဆပ်ပြာခွက်ငါးခွက် (ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၀၅၅ ကီလို)၊ စုစုပေါင်း ဘိန်းဖြူဆပ်ပြာခွက် ခုနစ်ခွက်(ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၇၇ ကီလို) တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# မြစိမ်းရောင်ကျေးရွာ ၄၀ အား ရင်းနှီးမတည်ငွေထုတ်ချေးပေး

**ဝါးခယ်မ အောက်တိုဘာ ၁၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း အရင်းအနှီးဖြင့် ဝင်ငွေများရရှိစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်ဦးစီး၍ ယခင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ဒုတိယနှစ်အဖြစ် ပြန်လည် ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် ယခုနှစ်မြစိမ်းရောင် ကျေးရွာ ၄၀ အား ထပ်မံတိုးချဲ့၍ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး (ဝါးခယ်မ)**

**စာမျက်နှာ ၂၀ မှ**

ကျုံ့သွားလို့ အသည်းထဲကိုမစီးနိုင်တဲ့ သွေးကြောတွေရဲ့နောက်မှာ အထုံးတွေဖြစ်ပြီး အဲဒီကနေ ပေါက်တာပဲ။ ဒါအရမ်းအရေးကြီးပါတယ်။ ဒီလိုအကျိုးဆက်ရှိနိုင်လို့ ကျွန်တော်ခုနကပြောခဲ့တဲ့ ရှောင်ရတဲ့အထဲမှာ အကိုက်အခဲပျောက်ဆေး၊ ကိုယ်ပူကျဆေး မသုံးဆောင်ပါနဲ့။ နှာစေး၊ ချောင်းဆိုးပျောက်ဆေး မသုံးဆောင်ပါနဲ့လို့ ပြောရတာပါ။ သွေးအန်တာသိပ်များသွားရင် ဝေါခနဲဆိုရင် တစ်ခါတည်း အသက်ပါသွားနိုင်တယ်။ ဒါမှမဟုတ် မကြာမကြာ တစိမ့်စိမ့်ပြန်ပြီးတော့ သွေးစိမ့်တတ်ပါတယ်။

**နောက်အကျိုးဆက်တွေ**

အဲဒီနောက် ကြောက်စရာအကောင်းဆုံး အကျိုးဆက်တစ်ရပ်ကတော့ နှစ်ပေါင်းများစွာကြာတဲ့အခါမှာ အသည်းခြောက်တာကတစ်ဆင့် အသည်းကင်ဆာဘက်ကို ကူးသွားတတ်ပါတယ်။ နောက်တစ်ခုကတော့ အသည်းခြောက်လို့ရှိရင် မသိမသာ စိတ်ပြောင်းလဲမှုတွေဖြစ်တယ်။ အဲဒီအခါမှာ စိတ်ရောဂါနဲ့ လွဲမှားတတ်ပါတယ်။ အဲသလိုစိတ်မှာ အပြောင်းအလဲဖြစ်ရင် သတိတွေ မေ့တယ်။ ပြောတာတွေဟာ နည်းနည်းဟိုမှား၊ ဒီမှား၊ နေ့နဲ့ညနဲ့ အိပ်တာလွဲ၊ အဲသလိုဖြစ်တတ်တယ်။ ဟက်ပက်တစ်အန်စက်ဖလိုပသီ (Hepatic Encephalo-pathy)လို့ ခေါ်တယ်။ ဒီကနေ တစ်ဆင့်တိုးလာတဲ့အခါမှာတော့ လုံးဝသတိလစ်သွားတတ်ပါတယ်။ အဲသလို အသည်းအားနည်းပြီး Hepatic Encephalopathy ဖြစ်နေတဲ့ကာလမှာ မှိန်းစေတဲ့ဆေးတွေပေးလို့ မရပါဘူး။ နှာစေး၊ ချောင်းဆိုးပျောက်ဆေး၊ အိပ်စေတဲ့ဆေးတွေ၊ Diazepam အဲဒီဆေးမျိုးတွေ ပေးလို့မရပါဘူး။ ကျွန်တော်တွေ့ဖူးတဲ့ လူနာတစ်ယောက်ဆိုရင် အဲသလို စိတ်အပြောင်းအလဲတွေဖြစ်တာ၊ စိတ်ရောဂါနဲ့လွဲပြီး လျှပ်စစ်ဓာတ်နဲ့ တို့တဲ့အဆင့်ရောက်သွားတယ်။ မကြာသေးခင်ကလည်း ကျွန်တော့်လူနာ အသည်းခြောက်တဲ့ ဆရာဝန်တစ်ယောက် အိပ်မရလို့ဆိုပြီး Diazepam တစ်ပြားသောက်လိုက်တာ လုံးဝသတိလစ်ပြီး ကျွန်တော့်ဆေးရုံ ရောက်လာတာပဲ။ ဒါတွေဟာ ဘာကိုပြောသလဲဆိုတော့ ဆရာဝန်တောင်မှ ဂရုမစိုက်မိရင် ရောဂါဟာ ဆိုးဆိုးရွားရွားဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဂရုစိုက်ကုရမယ့်ရောဂါလို့ ပြောချင်တယ်။

**အသည်းခြောက်ရောဂါကို ကုလို့ရပါသလား**

အသည်းခြောက်ရင် ကုလို့ရသလား၊ မရတော့ဘူးလား။ မကြာခဏမေးကြတယ်။ အသည်းခြောက်တာကို ပြန်ကောင်းအောင် လုပ်လို့ရပါတယ်။ အသည်းခြောက်တာကို ကုသလို့ အသည်းခြောက်တာကနေ ဆက်သွယ်ဖြစ်လာမယ့် အကျိုးဆက်တွေကိုလည်း ကုလို့ရပါတယ်။ နောက်ဆက်တွဲအကျိုးဆက်တွေ ဖြစ်မလာရအောင် ကာကွယ်ရတာလည်းရှိပါတယ်။ ပထမဆုံးကတော့ အမာရွတ်တွေပြန်ပျောက်ဖို့ဆိုတာတော့ ခဲယဉ်းတယ်လို့ ယူဆခဲ့ပေမယ်လို့ အခုအခါမှာတော့ ပြန်ကောင်းအောင် ကုလို့ရနေပါပြီ။ ခြောက်ပြီးသား အသည်းကတော့ ခြောက်နေမှာပဲလို့ အမြဲယူဆခဲ့တယ်။ အခုအခါမှာတော့ မူလဇစ်မြစ် အသည်းခြောက်စေတဲ့ ဘီပိုး စီပိုးတွေကို သေအောင်သတ်ပြီးကုရင် ခြောက်နေတဲ့အသည်းကို ပြန်ကောင်းအောင် ခြောက်နေတဲ့အမာရွတ်တွေကို ကြေပျက်အောင် လုပ်လို့ရနေပါပြီ။

**အသည်းခြောက်ရောဂါ နောက်ဆုံးအဆင့်ကုနည်း**

အသည်းလုံးဝခြောက်သွားပြီ။ ဒီအသည်းကို အစားထိုးပစ်လိုက်။ ဒါကလည်း အောင်မြင်နေတဲ့ကုထုံးတစ်ရပ်ပဲ။

**ကုသပေးနိုင်တဲ့ အခြားနည်းလမ်းများ**

အသည်းခြောက်ပြီး အကျိုးဆက်တွေဖြစ်မလာအောင် ကာကွယ်ကုသပါ။ အကျိုးဆက်တွေဆိုတာ သွေးမအန်အောင်၊ သွေးကြောထုံးတွေမပေါက်အောင်၊ ရေဖျဉ်းတွေ စွဲမလာအောင်၊ မျက်လုံးတွေ ဝါမလာအောင်၊ ကင်ဆာဘက်မပြောင်းရအောင်ကတော့ ရှောင်ရန်တွေကို ရှောင်ရှားပြီး သတိနဲ့နေမယ်ဆိုရင် ဘာမှဖြစ်လာစရာ အကြောင်း မရှိပါဘူး။

**ဘယ်လိုကုမလဲ**

အကျိုးဆက်တွေဖြစ်လာပြီဆိုရင်တော့ သွေးကြောက သွေးအန်တယ်ဆိုရင် အစာအိမ်မှန်ပြောင်းနဲ့ကြည့်ရင် သွေးကြောအထုံးတွေ ဆေးထိုးပေးလို့ရပါတယ်။

**အသည်းကင်ဆာဘက် ပြောင်းသွားပြီဆိုရင်ရော**

ဒါလည်း နည်းစနစ်မျိုးစုံနဲ့ ကုသပါ။ အသည်းအစားထိုးပါ။ (အသေးစိတ် နောက်အပတ်တွေမှာ ဆက်ရေးသွားပါမယ်။)

**နိဂုံး**

အဆုံးသတ်ပြောချင်တာက အသည်းခြောက်တယ်ဆိုပြီးတော့ ကုမရတော့ဘူး။ အဆုံးစွန်ရောက်နေပြီဆိုတဲ့ ရောဂါတစ်ခုလို့ မသတ်မှတ်ပါနဲ့။ ရောဂါရဲ့အဆင့်ဆင့် Grade တွေရှိပါတယ်။ Grade က အေလား၊ ဘီလား၊ စီလား။ ဒါဆေးပညာနည်းနဲ့ ခွဲတမ်းသတ်မှတ်ချက်တွေ ရှိပါတယ်။ ရောဂါအခြေအနေ ဆိုးနေတဲ့လူကို ဆိုးသလို ကုသရသလို ကောင်းနေတဲ့သူဟာ ဆိုးမသွားအောင် ဆင်ခြင်ပြီးထားမယ်ဆိုရင် နှစ်ပေါင်းများစွာ ပကတိ အသက်ရှည်စွာ နေထိုင်လို့ရပါတယ်လို့ပြောရင်း ယခုလအတွက် နိဂုံးချုပ်ချင်ပါတယ်။ ။

# နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လာရောက်တွေ့ဆုံ

**ပုသိမ် အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအဖွဲ့တစ်ခုဖြစ်သည့် international Election Observers မှ တာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက်တွင် ပုသိမ်မြို့၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအဖွဲ့မှ ဖိလစ်ပိုင်နိုင်ငံသား Karel Jiaan Galang နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား Mohammad Ah Sanuzzaman တို့က ပုသိမ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲဖေထံ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ပုသိမ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ပုသိမ်ခရိုင်အတွင်း မဲရုံများအခြေအနေ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ အရန်ရဲတပ်ဖွဲ့များ အခြေအနေ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲသည် ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲများထက် ပြည်သူများနှင့် နိုင်ငံတကာမှ စိတ်ဝင်စားမှုပိုမိုများပြားနေသည့် ရွေးကောက်ပွဲဖြစ်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအဖွဲ့ဝင်များက သိရှိသည်များကိုဆက်လက်မေးမြန်းပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# မိုးနဲမြို့နယ်အတွင်း ဆောင်ရွက်နေသော လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုးနဲ အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေနှင့် ပြည်ထောင်စု ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားနှင့် ဆည်လုပ်ငန်းများကို ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော မိုးနဲ-လင်းခေးလမ်းပိုင်း အကျယ် ၁၂ ပေ မှ ၁၈ ပေအထိ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်း၊ နားခံကျေးရွာရှိ ပေ ၉၀ သံကူကွန်ကရစ်တံတားနှင့် နားလင်းကျေးရွာရှိ ပေ ၉၀ သံကူကွန်ကရစ်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဝမ်ယေးကျေးရွာရှိ ကမ်မလန်းဆည် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်၊ မိုးနဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ လမ်းတာဝန်ခံ ဦးစောကျော်သူဝင်းနှင့် ဆည်မြောင်းတာဝန်ခံ ဦးငွေလင်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့သည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# သဘာဝဘေးအန္တရာယ်လျှော့ပါးရေးနေ့အခမ်းအနား တောင်ကြီး၌ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၅**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် တားဆီးကာကွယ်ဆောင်ရွက်နိုင်ရန်အတွက် ဒေသန္တရဆိုင်ရာ ဗဟုသုတနှင့် အတွေ့အကြုံများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးထမ်းစဉ်လာများ၊ သုတေသနတွေ့ရှိချက်များ၊ သိပ္ပံနည်းကျလေ့လာဆန်းစစ်မှုများနှင့် ချိတ်ဆက်ညှိနှိုင်းပေါင်းစပ် အသုံးပြုနိုင်စေရေးအတွက် အသိအမြင်များ ပိုမိုမြှင့်တင်ပေးရန်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ချေ လျှော့ပါးရေးအတွက် ဘေးအန္တရာယ်အသိကြွယ်၊ ဘဝများစွာ ကာကွယ်မယ်ဟူသည့် ဆောင်ပုဒ်ကို ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးနေ့အထိမ်းအမှတ်အဖြစ် သတ်မှတ်ပြီး အခမ်းအနားကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် UNDP မှ ရှမ်းပြည်နယ်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးကျင်ခန့်ထန်က ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာအား ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့အထိမ်းအမှတ် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူများအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် ရှမ်းပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးစိုးနိုင်တို့က ဆုများချီးမြှင့်ခဲ့သည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်သူ့ကျန်းမာရေးဌာန၌ ၂၀၁၅ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသံလွင်ထွန်းက ကမ္ဘာတွင် အမြင်အာရုံချို့ယွင်းသူပေါင်း ၂၈၅ သန်းခန့်ရှိသည့်အနက် ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ကုသနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မျက်စိမမြင်သူများအား ကာကွယ်ကုသပေးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ အမြင်သန်စွမ်းရေးအစီအစဉ်ကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသည့် မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်နှင့် မျက်စိကွယ်နှုန်း ၀ ဒသမ ၅ ရာခိုင်နှုန်းအောက်သို့ လျှော့ချနိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောကြားခဲ့သည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးသော်တာမွန်က မျက်စိကျန်းမာရေးစောင့်ရှောက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် တီဘီနှင့်ငှက်ဖျားရောဂါကာကွယ်ကုသရေး မွမ်းမံသင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ဒီးမောဆို၊ ဖရူဆိုနှင့် ဖားဆောင်းမြို့နယ်များမှ စေတနာ့ဝန်ထမ်း ၃၄ ဦးတက်ရောက်ခဲ့ပြီး တီဘီနှင့် ငှက်ဖျားဌာနမှ ဆရာ ဆရာမများက ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ရဲနောင် (လွိုင်ကော်)**


## လုပ်ငန်းတံဆိပ်၊ အမည်၊ အမှတ်အသားကို ကုမ္ပဏီ မူပိုင်ဖြစ်ကြောင်း ကြေညာခြင်း




**စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၁၂၃၈/၂၀၁၅)**

တိုက်အမှတ် (၂)၊ အခန်း (၃၀၁)၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသော WSW INTERNATIONAL TRADING COMPANY LIMITED ၏ Managing Director ဦးလေးဇော်ဝင့် ၁၂/ဗဟန(နိုင်)၀၉၇၄၁၅၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ စက်ဝိုင်းပုံစံနှင့် ၎င်းစက်ဝိုင်းအတွင်းရှိ BIO WASHING POWDER စာလုံးများနှင့် BRIGHT ဟူသော စာသားကို အပေါ်သို့ အနည်းငယ်စောင်း၍ ဖော်ပြထားပြီး၊ ၎င်းစာသားများအားလုံး၏ နောက်ခံအရောင်မှာ အနောက်မြောက်ပိုင်းတွင် မိုးပြာရောင်၊ အရောင်ပြေးနှင့် ကျန်အပိုင်းများတွင် အဖြူရောင်နှင့်လည်းကောင်း၊ အရှေ့တောင်ဘက်ထောင့်စွန်းတွင် မိုးပြာရောင်တို့ဖြင့် ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ BIO WASHING POWDER BRIGHT ဆိုသည့် စာသား၊ လုပ်ငန်းတံဆိပ်၊ အမည်အမှတ်အသားဖြင့် အဝတ်အထည်များနှင့် အိုးခွက်ပန်းကန်စသည့်အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို လျှော်ဖွတ် သန့်စင်သည့် ဆပ်ပြာမှုန့်များကို အရောင်းအမျိုးမျိုး၊ အနံ့အမျိုးမျိုးနှင့် ထုတ်လုပ်ဖြန့်ဖြူး၍ မြန်မာပြည့်အနှံ့ တိုင်းနှင့်ပြည်နယ်အသီးသီးတို့တွင် ထုပ်ပိုးသည့်ပုံသဏ္ဍာန်၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားပါမည်။

အထက်ဖော်ပြပါ လုပ်ငန်း၊ တံဆိပ်၊ အမည်၊ အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံး၀ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ပြုလုပ်၍ မည်သူမဆို အသုံးပြုလာခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြင့်ရီ (စဉ်-၃၁၀၅၄)**
**BSc, DA, HGP, R.L, DBL, DML, DIL**
**ဒေါ်ချောချောအေး LL.B (စဉ်-၂၇၄၆၇)**
**အထက်တန်းရှေ့နေများ**
**ဖုန်း-၀၉-၅၁၄၈၀၆၉**
**ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၃၆၀၅၉၅၀၃**

**ဦးသိန်းညွန့်**
**BA, HGP, R.L, DBL, DML, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)**
**အမှတ် (၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၁၀၇**



**ဦးခင်မောင်ဌေး ၁၂/အစန(နိုင်)၁၄၀၉၂၈ (ဘ)ဦးထိုက်၊ ဒေါ်မူမူ ၁၂/စခန(နိုင်)၀၄၃၇၅၈ (ဘ)ဦးထွန်းမြင့်၊ ဦးမျိုးသိန်းထွန်း ၁၂/ကမရ(နိုင်)၀၀၂၇၂၀ (မဟာမိုးထိ အုတ်၊ သဲ၊ ကျောက်လုပ်ငန်း၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် ၄၊ လှိုင်သာယာမြို့နယ်)နှင့်**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမျိုးမြင့် ၉/မထလ(နိုင်)၀၁၂၅၇၁ ၏ လွှဲအပ်ချက်အရကြေညာသည်မှာ ဦးမျိုးမြင့်နှင့် လူကြီးမင်းတို့သည်(အထူးသဖြင့်)ဦးမျိုးသိန်းထွန်းနှင့်ခင်မင်ရင်းနှီးသည့်အလျောက် ၎င်းကတာဝန်ယူကတိပြုသဖြင့် ကျွန်ုပ်၏အမှုသည်ထံမှလက်လှည့်သုံးငွေအဖြစ် ကျပ်သိန်း(၂၀၀)ကို အုတ်၊သဲ၊ကျောက် လုပ်ငန်းလုပ်ကိုင်ရန် အကြောင်းပြ၍ ချေးသောကြောင့် ၁၁-၅-၂၀၁၅ ရက်တွင် ဦးမျိုးမြင့်က လူကြီးမင်းတို့အားပေးအပ်ခဲ့ပေသည်။ပြန်လည်ပေးဆပ်ရန်ဖြစ်သော ၁၁-၉-၂၀၁၅ ရက်တွင် လူကြီးမင်းတို့သည် ပြန်လည်ပေးအပ်ခြင်းမပြုခဲ့ပေ။ ထို့ကြောင့် လူကြီးမင်းတို့ထံ ၂၈-၉-၂၀၁၅ ရက်စွဲပါ နို့တစ်စာပေးပို့သော်လည်း ဆက်သွယ်ခြင်းမရှိ ရှောင်တိမ်းနေပေသည်။သို့ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ငွေကျပ်သိန်း(၂၀၀)တိတိအား မပျက်မကွက်လာရောက်ပေးအပ်ရန် အကြောင်းကြားလိုက်သည်။ မလိုက်နာပါက လူကြီးမင်းတို့အပေါ် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်ပေသည်။ **လွှဲအပ်ချက်အရ-**

**ဦးအေးသိမ်းကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၉၈၅/၁၉၈၄)**
**အမှတ်၂၇၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၅၀၃၂**



## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအေးငြိမ်းမြတ်နှင့် သတ္တမတန်း(က)မှ မပြည့်ပြည့်ဝင်းတို့၏ဖခင် ဦးဌေး ၉/တသန(နိုင်)၀၄၈၈၆၉နှင့် ဦးမောင်ဌေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/6325၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ တရားသိစုရပ်ကွက်၊ လမ်းမကြီးအရှေ့ဘက်ခြမ်းရှိ ဦးပိုင်အမှတ် ၄၉ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁) ရပ်ကွက်၊ စက်မှုဇုန် (၁)၊ စက်မှု (၆)လမ်း၊ အမှတ် ၄၂/၉၈ နေ ဦးထွန်းအောင် ၁၁/စတန(နိုင်)၀၀၈၉၈၄ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်တွင် ဖော်ပြထားသော မြေကွက်သည် ဦးထွန်းအောင်၏အဘွား ဒေါ်အုံးကြာဦး (ကွယ်လွန်)အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။အဆိုပါ မြေကွက်ပေါ်တွင် ဒေါ်အုံးကြာဦး၏ မြစ်တော်စပ်သူ ဒေါ်မမြသိန်း မိသားစုလက်ရှိနေထိုင်လျက်ရှိပြီး ယင်းမြေကွက်မှာ ဒေါ်အုံးကြာဦး၏ အမွေစားအမွေခံများဖြစ်ကြသော မြေးတော်စပ်သူ ဦးထွန်းအောင်၊ မြစ်တော်စပ်သူ ဒေါ်မမြသိန်း (မြေကွက်ပေါ်နေထိုင်သူ) နှင့် ဒေါ်မလှသိန်းတို့မှ ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး တရားဝင်မခွဲဝေရသေးသော အမွေပုံပစ္စည်းဖြစ်ပါသည်။သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား ကျွန်ုပ်၏အမှုသည် ဦးထွန်းအောင် သဘောတူ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်း စသည်တို့ လုံး၀မပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးထွန်းအောင်**
**၁၁/စတန(နိုင်)၀၀၈၉၈၄**

**ညွှန်ကြားချက်အရ-**
**ဦးထွန်းသာမောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၇၀/၉၀)**
**အမှတ် ၅၅/၂၃၊ (တ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၇၉၆၀၀၊ ၀၉-၇၉၅၀၇၉၆၀၀**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုကြေညာချက်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(Union Peace-making Working Committee -UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(Nationwide Ceasefire Coordination Team - NCCT) တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် ကမ္ဘောဇကုမ္ပဏီများအုပ်စုအနေဖြင့် မြန်မာပြည်သူ၊ ပြည်သားများအားလုံးနှင့် ထပ်တူထပ်မျှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

AIR KBZ
FLYING BEYOND EXPECTATIONS

KBZ BANK
STRENGTH OF MYANMAR

MAI
Myanmar Airways International
အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း

IKBZ
Insurance Co., Ltd.
အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း

KBZI
KBZ Industries Co., Ltd.
(KBZ Cement)

Brighter Future Myanmar
ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း

Kempinski Hotel
Nay Pyi Taw
MYANMAR
Kempinski Hotel - Nay Pyi Taw

**KBZ GROUP OF COMPANIES**

## အိတ်ဖွင့်လေလံလျှော်ကွက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၆-၁၀-၂၀၁၅ ရက် ၁၀:၀၀ နာရီမှ ၁၄:၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၁၀-၂၀၁၅ ရက် ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်း အမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၀၇ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**နေပြည်တော်သတင်းစာတိုက်**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

**စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ဟောင်းနွမ်းပျက်စီးနေသော ယာဉ်၊ စက်ယန္တရားများရောင်းချရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် အသုံးမလို ဟောင်းနွမ်းပျက်စီးနေသော ယန္တရား(၁၇)စီးအား တင်ဒါရောင်းချသွားမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဝယ်ယူလိုသူများသည် သတ်မှတ်စည်းကမ်းနှင့်အညီ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကမ်းနားလမ်းသို့ ၈-၁၀-၂၀၁၅ ရက်မှစ၍ ယာဉ်များအား လာရောက်ကြည့်ရှုပြီး တင်ဒါလျှောက်ထားနိုင်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** - ၈-၁၀-၂၀၁၅ ရက်

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၁-၁၀-၂၀၁၅ ရက်

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၂-၁၀-၂၀၁၅ ရက်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၄၃၂၁၀၃၉၊ ၂၁၀၈၁၊ ၂၄၃၀၈ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံရောင်းချရေးအဖွဲ့**
**စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## နှိုးဆော်စာ

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)အသင်းသားများအတွက် ဆန်စပါးကုန်စည်ဒိုင်အသင်းသား နှစ်စဉ်ကြေးများကို ကောက်ခံရာတွင် သက်တမ်းအား နှစ်စဉ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သတ်မှတ်ကောက်ခံလျက်ရှိပါသည်။ ယခုနှစ်မှစတင်၍ သက်တမ်း(၃)နှစ်နှင့် (၃)နှစ်အထက် နှစ်စဉ်ကြေးပေးသွင်းရန် ပျက်ကွက်လျက်ရှိသော ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) အသင်းသားများအား အသင်းသားအဖြစ်မှ ရပ်စဲကာ အသင်းဝင်အသိအမှတ်ပြုကတ်များအား ပယ်ဖျက်သွားမည်ဖြစ်ကြောင်းနှင့် ၁၅-၁၁-၂၀၁၅ ရက်မတိုင်မီ ပျက်ကွက်ခဲ့သော နှစ်စဉ်ကြေးများအား မပျက်မကွက် လာရောက်ပေးသွင်းကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ဆန်စပါးကုန်စည်ဒိုင်ကော်မတီ**
**ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)**

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ (၄)လမ်းရှိ ဌာနပိုင်မြေ (အလျား ၁၈၅'×အနံ ၄၄')မြေ (၀ဒသမ ၁၉၆)ဧကအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငါးနှစ်သက်တမ်း ခြောက်လတစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၅ရက်မှ ၂၀-၁၀-၂၀၁၅ ရက်အထိ
**အချိန်** - နံနက် ၉:၃၀နာရီမှ ၁၆:၃၀နာရီထိ

(ခ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂၂-၁၀-၂၀၁၅ ရက်၊ ၁၂:၀၀နာရီ၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၁၀-၂၀၁၅ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ

(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ခရိုင်ဦးစီးမှူးရုံး မြိတ်မြို့။

(င) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါ စည်းကမ်းသတ်မှတ်ချက်ပုံစံတွင်ဖော်ပြထားပြီးဖြစ်ပါသည်။Deposit ငွေများကို ဌာန၏ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) တွင် ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါမြေနေရာ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာ မြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၅၉-၂၁၀၅၆၊ ၀၅၉-၂၁၀၆၉ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ကွပ်ကဲမှုအောက် ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း လုပ်ငန်း လုပ်ကိုင်ခွင့်အပါအဝင် Club House အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများအား (၅)နှစ်သက်တမ်း အငှားချထားခြင်းကို လေလံစနစ်ဖြင့် ၂၁-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀နာရီတွင် မြို့တော်ခန်းမ၌ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမ၊ ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ပဥ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၀-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ) သို့ဖြစ်စေ၊ ဖုန်း-၀၁-၃၇၄၀၇၇ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၁၀-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀ နာရီ
၂၆-၁၀-၂၀၁၅ ရက် မွန်းလွဲ ၁၃:၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ** - ကျွန်းသစ်လုံး ၁၁၄၅ တန်
- ကျွန်းခွဲသား ၂၁၄ တန်
- ပိတောက်သစ်လုံး ၃၁၆ တန်
- ပျဉ်းကတိုး၊ အင်-ကညင်၊ သစ်ယာ၊ အင်ကြင်း၊ စကားဝါ၊ သင်းဝင်သစ်လုံး ၄၇၅၈ တန်
- ပိတောက်၊ တမလန်း-ဓားရှေ ၇၂၃ တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၈၇၆၄၊ E-mail; marketing 1 ppy @gmail.com mm

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

### ဖခင်အမည်မှန်

သီပေါမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(ဃ)မှ နန်းဆိုင်လီ ၁၃/သပန(နိုင်)၁၀၈၇၀၇၏ ဖခင်အမည်မှန်မှာ ဦးဆန်ဆု ၁၃/သပန(နိုင်)၀၄၂၉၆၈ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

သီပေါမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(ခ)မှ နန်းယုမွှံယဉ် ၁၃/သပန(နိုင်)၀၈၆၄၃၆နှင့် နန်းအိမ်ခမ်း ၁၃/သပန(နိုင်)၁၀၈၈၇၅ တို့၏ဖခင်အမည်မှန်မှာ ဦးဥတ္တမ(ခ)ဦးစိုင်းအောင်စိန် ၁၃/သပန(နိုင်)၀၃၅၃၀၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

သီပေါမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ခ)မှ စိုင်းမွှမ်းခမ်း၏ ဖခင်အမည်မှန်မှာ ဦးဆုနန္ဒ(ခ)ဦးစိုင်းဆန်ကျိုင်း ၁၃/သပန(နိုင်)၀၂၂၅၅၅ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

သီပေါမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဂ)မှ မအိအိခိုင် ၁၃/သပန(နိုင်)၁၀၃၅၅၁ ၏ဖခင်အမည်မှန်မှာ ဦးဆွေဝင်း ၉/မမန(နိုင်)၀၈၉၁၄၉ ဖြစ်ပါသည်။

### အမည်မှန်

လားရှိုးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မလုံကြူး၏အမည်မှန်မှာ မလုံကြူး(ခ) မလုံကြူဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးရှောက်တုတ်(ခ)ဦးရှောက်ကုတ် ၁၃/လရန(နိုင်)၀၉၄၇၇၇ မိခင်အမည်မှန်မှာ ဒေါ်ကျင်မေ(ခ)ဒေါ်ကျင်းမေ ၁၃/လရန(နိုင်)၀၆၁၆၇၄ဖြစ်ပါသည်။

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ဆ)မှ မောင်ကျော်လွင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခိုင်ဝင်း ဖြစ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လျှပ်စစ်လုပ်ငန်းဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) e-volting System ဆိုင်ရာ Spare ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း

(ခ) Audio System အတွက် Spare ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၄-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၅ ရက် ၁၅:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၀-၁၁-၂၀၁၅ ရက် ၁၃:၀၀ နာရီ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No. 11/DHPI/Premium Diesel/2015-2016**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ Premium Diesel (၁၅၀၀)ဂါလန်အား ရုံးချုပ်ဂိုဒေါင်အရောက် တန်ဖိုး၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂၁-၁၀-၂၀၁၅ ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၉၃၂၂၇၈၄၊**
**၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၁၆၆၈၉**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်း(B)မှ မအေးထွမ်း၏ဖခင်အမည်မှန်မှာ ဦးအိုက်လုပ် ၁၃/နမတ(နိုင်)၀၂၂၄၈၈ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(D)မှ မအိစန္ဒာထွေး ၁၃/လရန(နိုင်)၁၉၈၄၇၄ ၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၈/မသန(နိုင်)၀၂၂၆၇၁ ဖြစ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်**
**ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေး သင်တန်းဌာန(ဘယ်လင်း)တွင် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) သင်ထောက်ကူစက်ပစ္စည်း (၁၄)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန(ဘယ်လင်း)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၆-၁၁-၂၀၁၅ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန(ဘယ်လင်း)**
**ဖုန်း-၀၉-၆၅၂၅၄၀၅၊ ၀၉-၆၅၂၅၄၀၆၊ ၀၉-၇၈၁၁၃၆၃၅၁**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြဝတီခရိုင်နယ်တရားမရုံးတော်၌**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅ နှင့်ဆက်သွယ်သည်**
**၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၅**

ဦးစိုးလွင် **နှင့်** ၁။ မောင်ဇေယျာလင်း
၂။ မယဉ်မူအောင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ယခင် ဗိုလ်ချုပ်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြဝတီမြို့နေ တရားရှုံး မောင်ဇေယျာလင်းနှင့် ဘုရင့်နောင်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့နေ မယဉ်မူအောင် (ယခု နေရပ်လိပ်စာ မသိသူများ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုးလွင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သိန်း)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကိုကို၏ နိုင်ငံကူးလက်မှတ် M-397966 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် မေတ္တာရပ်ခံပါသည်။ **ဖုန်း-၀၉-၇၉၉၆၂၅၃၄၁**

## သင့်လျော်သည့်လျော်ကြေးခံစားခွင့်ပြုမည်ဖြစ်ပါသဖြင့် ခံစားခွင့်ရရှိသူများစာရင်းအား အသိပေးကြေညာခြင်းနှင့် ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉ကေ၊ ၉ အယ်လ်၊ ၉ အယ်လ် ၁) (ယခင်-စီအိုဒီ) ဝင်းအတွင်းမှ Botataung Time Square အိမ်ရာစီမံကိန်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားလာသော ပိုင်ဆိုင်မှုအထောက်အထားတင်ပြနိုင်သည့် မြေကွက်များအား သင့်လျော်သည့်လျော်ကြေးခံစားခွင့်ပြုရန်အတွက် ခံစားခွင့်ရရှိသည့် မြေကွက်ပေါင်း ၂၇၇ကွက်ကို စိစစ်ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက် ၂၇၇ကွက်၏ စာရင်းအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်၊ ကြော်ငြာသင်ပုန်းတို့တွင် ကပ်၍ဖော်ပြထားပါသည်။ အတည်ပြုစာရင်းအား သိရှိလိုပါက ကြော်ငြာသင်ပုန်းရှိရာနေရာများသို့ ၁၄-၁၀-၂၀၁၅ရက်မှစ၍ ၁၄-၁၁-၂၀၁၅ရက်အထိ လာရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိစစ်ရေးအဖွဲ့**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ၏ ဒုတိယအကြိမ်မြောက် ဆီမီး ၉၀၀၀ ပူဇော်ပွဲ

၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ၂၈-၁၀-၂၀၁၅ ရက်နေ့၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ်မြောက် ဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်တွင် အဘိဓမ္မာအခါတော်နေ့နှင့် ဆီမီး (၉၀၀၀) ပူဇော်ပွဲအခမ်းအနားအား ကျင်းပမည်ဖြစ်ပါသောကြောင့် ကုသိုလ်ယူပါဝင် ပူဇော်လှူဒါန်းကြစေရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် (၂၅-၁၀-၂၀၁၅) မတိုင်မီ UMTA ရုံး၊ ဖုန်း - ၀၁ ၂၁၄၉၄၁၊ ၀၁ ၂၁၄၉၄၅၊ ၀၉ ၇၃၀၅၀၇၆၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

အကောက်ခွန်ဦးစီးဌာန၏ (၃၇)ကြိမ်မြောက် မိသားစုဘုံကထိန်နှင့် သက်ကြီးပူဇော်ပွဲကိုမင်းကွန်းတောရကျောင်းတိုက် အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်တွင် ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

တက်ရောက်နိုင်သူ ကန်တော့ခံအသင်းဝင်များ တက်ရောက်ကြပါရန်နှင့် ဘုံကထိန်ပဒေသာပင်အတွက် လှူဖွယ်ပစ္စည်းများကို ၁၄-၁၀-၂၀၁၅ ရက်မှ ၂၉-၁၀-၂၀၁၅ ရက်အထိ ၁၂း၀၀နာရီ မှ ၁၅း၀၀နာရီ အတွင်း အသင်းတိုက်သို့လာရောက် လှူဒါန်းနိုင်ပါသည်။

မတက်ရောက်နိုင်သူများအတွက် ကန်တော့ခံပစ္စည်းများကို ၂-၁၁-၂၀၁၅ ရက်မှစ၍(တနင်္လာနေ့/ကြာသပတေးနေ့)များတွင် အသင်းတိုက်၌ လာရောက်ထုတ်ယူနိုင်ပါသည်။

အသင်းတိုက်မှကားများ(၃၁-၁၀-၂၀၁၅)ရက် နံနက် ၈း၀၀နာရီတွင် ထွက်ခွာပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံးကို ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
**ထားဝယ်ခရိုင်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၉**

ဒေါ်နီနီခိုင် **နှင့်** ၁။ ဒေါ်သန်းသန်းဆင့်
၂။ ကိုဇော်ဇော်ဦး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ကျိုက်ထီးရိုးဘုရားလမ်း၊ ဝဲကျွန်းထိန်ဟောင်းရပ်၊ ထားဝယ်မြို့နေ ဒေါ်သန်းသန်းဆင့်၊ ကိုဇော်ဇော်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ထားဝယ်မြို့နယ်တရားရုံး၊ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀တွင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်နီနီခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၃ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၀) ရက် သောကြာနေ့ နံနက် ၁၀း၀၀နာရီတွင် ဤ ရုံးတော်သို့ လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ညွှန့်ရွှေ)**
**မြို့နယ်တရားသူကြီး**
**ထားဝယ်မြို့နယ်တရားရုံး**

### အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့
## ကြားသိစေသည့်အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ခုနှစ် တရားမပထမအယူခံမှု-၂၂၁**

ဒေါ်ရှုးစီ **နှင့်** ဦးမြင့်အောင် ပါ-၆

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၅ခုနှစ် ဇူလိုင် ၇ ရက်စွဲပါ မန္တလေးခရိုင် နယ်တရားမရုံးတော်မှ မကြီးအမှတ်-၁၂၉/၂၀၁၅ ကို အယူခံမှု။

အယူခံတရားပြိုင် ၅။ ဦးတင်ဦး ဘဘ ၁၉/၆၂၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင် တရားရုံးက ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ရှုးစီက အယူခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၅ခုနှစ် အောက်တိုဘာ ၃၀ ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(အောင်မြင့်သန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ရွှေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

သားတို့ သမီးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးဖေဝင်း(ငြိမ်း) ညွှန်ကြားရေးမှူး (ငြိမ်း) စွမ်းအင်ဝန်ကြီးဌာနနှင့်မိခင်ကြီး ဒေါ်ထားထားရွှေတို့၏ အိမ်ထောင်သက် နှစ်(၅၀)ပြည့် ရွှေရတုထိမ်းမြားမင်္ဂလာနေ့မြတ် (၁၂-၁၀-၂၀၁၅)ရက်မှသည် စိန်ရတုအထိမ်းအမှတ်၊ ပတ္တမြားရတုအထိမ်းအမှတ်တိုင်အောင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော အိမ်ထောင်ရေးခရီးလမ်းကို ဖေဖေနှင့် မေမေတို့ အတူလက်တွဲပြီး ဘာသာ၊ သာသနာအကျိုးဆောင်ရွက်လျက် လျှောက်လှမ်းနိုင်ကြပါစေကြောင်း သားသမီးမြေးများမှ ပူဇော်ဂါရဝပြုဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ချစ်သားကြီး ဦးဝင်းမြတ်ဇော်-ဒေါ်သူဇာစိုး**
**ချစ်သားလတ် ဗိုလ်မှူးကြီး ဇော်နိုင်ဝင်း-ဒေါ်ခိုင်ခိုင်စိုး**
**ချစ်သားငယ် ဦးမိုးဇော်ဝင်း-ဒေါ်သီဂီဝင်း**
**ချစ်သားထွေး ဦးအောင်နိုင်ဝင်း**
**ချစ်သမီးငယ် ဗိုလ်မှူးကြီးကျော်ထက်-ဒေါ်စောမာလာဝင်း**
**ချစ်မြေးများ**

## အမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သစ္စာ၂လမ်းနေ ဦးညွန့်မောင်၏သမီး ဒေါ်စန်း ၉/ပမန(နိုင်)၂၄၄၉၈၄ ကိုင်ဆောင်သူ၏အမည်မှန်မှာ ဒေါ်စိုင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ မင်းတည်ကျေးရွာမှ မစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးကြည်ခိုင် ၉/တသန(နိုင်) ၁၁၉၈၆၆ ဖြစ်ပါသည်။ **ဦးကြည်ခိုင်**

## မွေးသက္ကရာဇ်အမှန်

ဦးမောင်လွယ်၏သမီး မြိတ်မြို့၊ အထက(၆)၊ ကျွဲကူး၊ တက္ကသိုလ်ဝင်တန်း(A)မှ မမိုင်းမိုင်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၄-၁၉၉၈ ဖြစ်ပါကြောင်း။ **၁၆-၄-၁၉၉၈**

## ဝန်ထမ်းအလိုရှိသည်
### ပြည်တွင်း၌သာခန့်ထားရန်

၁။ **စာရင်းကိုင် (CPA/B.Com)** ကျား ၁ ဦး
၂။ **ဝန်ထမ်းရေးရာ (MBA/ ဘွဲ့ရ)** ကျား ၁ ဦး

အမှတ်စဉ်(၁)နှင့် (၂)အတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။ လျှောက်ထားလိုသူများသည် ဖားကန့်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ (နေရေး၊ စားရေး) စရိတ်ငြိမ်း။

**မှတ်ချက်**။ ။ လစာညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများသည် CV Form အား ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ အောက်ဖော်ပြပါမေးလ်ဖြင့်လည်းကောင်း အချက်အလက်များ စုံလင်စွာပေးပို့လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ- အမှတ်(၄၂-A)ပါရမီအိမ်ရာဝင်း၊ လှိုင်တက္ကသိုလ်၊ လှိုင်မြို့နယ်**
**ဆက်သွယ်ရန်ဖုန်း- ဖုန်း-၀၉-၅၁၂၁၈၃၅၊ ၀၉-၈၃၀၄၂၀၂**
**email- ygnyadanar @ gmail com, yst 2002@ gmail.com**

## ဝန်ထမ်းအလိုရှိသည်

၁။ ယာဉ်မောင်း(ကရိန်း)
၂။ စပယ်ယာ(ကရိန်း)

အထက်ပါ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာနှင့်အတူ အောက်ပါ ဖုန်းနံပါတ်သို့ စုံစမ်းလျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၆၅၀၄၇၀၀၊ ၀၉-၆၅၀၄၈၀၀**

## ဝန်ထမ်းအမြန်အလိုရှိသည်
**Natural Clay Co.,Ltd.**
**Email:humanresource@naturalclaytile.com**
**ဖုန်း-၀၁-၆၀၀၁၆၇၊ ၀၉-၇၉၇၈၁၂၃၄၄**

၁။ Natural Clay Co.,Ltd. ၏သဘာဝမြေထည်ပစ္စည်းစက်ရုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် လ/ထမန်နေဂျာ(production) တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံ(သို့မဟုတ်)အခြားသောနိုင်ငံများရှိ အုတ်ကြွပ်အမိုးစက်ရုံတွင် အလုပ်လုပ်ဖူးသောလုပ်ငန်းအတွေ့အကြုံရှိသူ A.G.T.I/B.Tech/B.E(Mechanical Power) (သို့မဟုတ်)(Electrical Power)ဘွဲ့ရ ဝန်ထမ်းများနှင့် အခြားကျွမ်းကျင်မှုဆိုင်ရာဝန်ထမ်းများအလိုရှိပါသည်။လုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းအလိုက်တာဝန်ယူနိုင်မှုအပေါ်မူတည်၍လစာ ညှိနှိုင်းပေးမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ(၁)လအတွင်း ရိုက်ထားသော ရောင်စုံဓာတ်ပုံ (၃)ပုံနှင့်အတူ Diamond Condo G-1 & 5 ပြည်လမ်း(စိုက်ပျိုးရေးမှတ်တိုင်တွင်ဆင်းရန်) ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ အောက်တိုဘာလအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
**မန္တလေးခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၂ နှင့်ဆက်စပ်သည့်**
**၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၄**

ဒေါ်မြတ်ဆုမွန် **နှင့်** ဦးပြည့်ဖုန်းအောင်

**ဒီကရီအနိုင်ရရှိသူ** **တရားရှုံး**

ဦးပြည့်ဖုန်းအောင် အကွက်အမှတ်(၈၄၀)၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ (အစိုးရရေစင်အနီး)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၉၂ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရဖြစ်စေ၊ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၉ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ပေးလိုက်သည်။

**(ထွန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ်(၁၅၂၄)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဒေါ်ဝင်းမေ အမည်ပေါက်အငှားဂရန်မြေကွက်အား ဒေါ်လှိုင်မြတ်အေး ၉/ပမန(နိုင်)၁၈၈၈၀၁ (ဘ)ဦးဝင်းကျော်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၉**

ဒေါ်အေးသီတာဝင်း **နှင့်** ဦးရန်နိုင်ဝင်း(ခ)ဦးစိုင်းရန်နိုင်ဝင်း

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ သိမ်ဖြူလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့် အမှတ် (၄၄) (ယခင်လိပ်စာ)တွင်နေထိုင်သူ ဦးရန်နိုင်ဝင်း(ခ) ဦးစိုင်းရန်နိုင်ဝင်း (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမှ လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဒေါ်ရွှေပွင့်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဏ-၂)၊ လူနေရပ်ကွက်အမှတ် မြို့သစ်-၁၊ မြေကွက်အမှတ် (၈၀)ဟုအမည်တွင်သည့် ဧရိယာ ၀ဒသမ ၀၅၅၁ဧကရှိ နှစ်(၃၀)ဂရန်မြေ အဆိုပါမြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံတို့တွင် စွဲမြဲစွာတပ်ဆင် ထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်၊ သီးပင်စားပင်များအပါအဝင် အဆိုပါ ပစ္စည်းအားလုံးတို့၏ အကျိုးခံစားခွင့်အလုံးစုံကို ရောင်းသူ ဒေါ်နန်းညိုညိုအေး ၁၃/မဆတ(နိုင်)၀၃၂၀၁၈ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဒေါ်နန်းသီတာဦး ၇/ရတရ(နိုင်)၀၀၁၇၂၄က ပထမအရစ်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့်ပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍သော်လည်းကောင်း၊ ရောင်းချခြင်းနှင့်ပတ်သက်၍သော်လည်းကောင်း ပြောဆိုကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဟန် (စဉ်-၃၅၀၈/၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊**
**မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၂၁၇၃၆၄၉**

**၁။ ဦးဇင်ဝင်း (စဉ်-၃၅၅၂၈)**
**၂။ ဒေါ်မေသူမြင့်ဆွေ (စဉ်-၄၀၆၂၀)**
**၃။ ဒေါ်ဝေဝေနှင်း (စဉ်-၃၈၇၁၃)**
**၄။ ဒေါ်မေန္တယ်မွန် (စဉ်-၄၄၈၅၇)**
**၅။ ဒေါ်ခင်ခင်လေး (စဉ်-၄၅၀၉၄)**
**၆။ ဦးဇော်ဇော်သိုက် (စဉ်-၄၅၁၂၆)**
**၇။ ဦးအောင်ကိုကိုဦး (စဉ်-၄၆၃၇၈)**
**(အထက်တန်းရှေ့နေများ)**

**၁။ ဒေါ်အိန္ဒယ်ကျော်(စဉ်-၈၅၈၃/၁၂)**
**၂။ ဒေါ်ခိုင်လင်းမူ(စဉ်-၁၀၃၃၅/၁၅)**
**တရားလွှတ်တော်ရှေ့နေများ**

# ဝမ်းနည်းကြေကွဲခြင်း

စီးပွားရေးတက္ကသိုလ်ကျောင်းသူဟောင်း မငြိမ်းငြိမ်းလေး(၈၇)၏ ကျေးဇူးရှင်ဖခင် ဦးခင်မောင်လေး အသက်(၈၅)နှစ်သည် ၁၂-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**၁၉၈၇-၉၁-၉၂-၉၃**

**စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများအသင်း**

---

ရဟန်းဒါယကာကြီး

## ဦးစိန်လွင်(ခ)ဦးဘာဘူ အသက်(၈၇)နှစ်

**ကော့နှပ်ကျေးရွာ**

**စက်ပစ္စည်းစက်ရုံအမှတ်(၁) (ငြိမ်း)**

မော်လမြိုင်မြို့၊ ကော့နှပ်ကျေးရွာနေ (ဦးလွန်းသောင်-ဒေါ်ငွေနု)တို့၏သား၊ (ဦးဖိုးဖန်-ဒေါ်မာကြီး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ် ၁၃၅/၉ နေ ဒေါ်စိန်မြင့်၏ခင်ပွန်း၊ ဦးခင်မောင်လွင်၊ ဦးမျိုးလွင်၊ ဒေါ်နွယ်နွယ်လွင် (အထက-၂၊ မင်္ဂလာဒုံ)၊ ဒေါ်သီဂီလွင်(အထ က-၂၊ မင်္ဂလာဒုံ)တို့၏ချစ်လှစွာသောဖခင်သည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးမြင့်ဆွေ (ဦးဉာဏ်နီ) (ညောင်ဦးမြို့)

**မြန်မာ့သစ်ထုပ်လုပ်ရေးမန်နေဂျာ(ငြိမ်း)**

**Royal Bagan Foundation နာယက**

**နဂါးကျစ်ဘိုးဘွားရိပ်သာဥက္ကဋ္ဌ**

**Royal Palace Hotel ပိုင်ရှင်**

**အသက်(၆၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၄)၊ဆုံကုန်းရပ်နေ (ဦးထွန်းရှိန်-ဒေါ်သိန်းမေ)တို့၏သား၊ (ဦးလှိုင်-ဒေါ်ကြင်)တို့၏သားသမက်၊ ဦးထွေး-(ဒေါ်စန်းညွန့်)တို့၏မောင်၊ ဦးသက်နိုင်စိန်-ဒေါ်သန်းသန်းအေးတို့၏အစ်ကိုကြီး၊ ဦးမျိုးမင်းဦး-ဒေါ်သဲမဥ္ဇူမြင့်၊ ဦးစိုးလင်းဦး-ဒေါ်ကေခိုင်ဝင်း၊ ဦးဖြိုးဝေဦး၊ ဦးနိုင်လင်းဆွေ-ဒေါ်သူဇာဝင်း၊ ဦးပြည့်စိုးဆွေတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်မန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၁၀-၂၀၁၅ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ညောင်ဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ဆွေ(ဦးဉာဏ်နီ) (ညောင်ဦးမြို့)

**မြန်မာ့သစ်ထုတ်လုပ်ရေးမန်နေဂျာ(ငြိမ်း)**

**အသက်(၆၉)နှစ်**

ညောင်ဦးမြို့နေ ဒေါ်ခင်မန်း၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်ဆွေ (မြန်မာ့သစ်ထုတ်လုပ်ရေးမန်နေဂျာ၊ ငြိမ်း) အသက်(၆၉)နှစ်သည် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**NTT Travel & Transportation Co.,Ltd.**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ကျန်းမာရေးဌာနများအတွက် လိုအပ်သော (FDA)အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၅ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၁၁-၂၀၁၅ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**
**ဖုန်း-၀၄၂-၂၄၉၃၁၊ ၀၄၂-၂၁၁၇၃၊ ၀၄၂-၂၁၁၄၂**

---

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၂၂၁)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်မှာ ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ခင်သိန်း DNU-၀၁၃၄၃၆ အား ချထားပေးသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူခဲ့ပြီး တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်ဇင်ဦး ၃/ဘအန(နိုင်)၀၀၄၆၅၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မျိုး LL.B, DBL, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၁၂/၁၅)**
**အမှတ်(၆၅၇/ခ)၊ ဦးပေါ်ဦး (၃)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၉၆၇၆၅၇၁၅၊ ၀၉-၂၅၄၄၈၅၅၅၇**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/7912 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၃၉၂၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA-6736 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၅၂၃၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စုစုမေ

## အသက်(၈၂)နှစ်

ဦးကိုကိုအေး(ဖြိုးစည်သူထရေးဒင်း)-ဒေါ်သီသီနိုင်တို့၏ချစ်လှစွာသောမိခင် ဒေါ်စုစုမေသည် ၁၀-၁၀-၂၀၁၅ရက် နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

**အထက(၂)ဗဟန်း(နန်ယန်)**

**ကျောင်းသားကျောင်းသူဟောင်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရီရီဝင်း

## အသက်(၅၉)နှစ်

ကိုနေစောလင်း (အထက-၂၊ ဗဟန်း-နန်ယန်ကျောင်းသားဟောင်း)၏ ချစ်လှစွာသောမိခင် ဒေါ်ရီရီဝင်းသည် ၁၃-၁၀-၂၀၁၅ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

**အထက(၂)ဗဟန်း(နန်ယန်)**

**ကျောင်းသားကျောင်းသူဟောင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်ထွန်း**

**သဒ္ဒမ္မဇောတိကဓဇ**

**မိုးကုတ်နယ်လှည့်ဓမ္မကထိက**

**အသက် (၈၅)နှစ်**

မိုးကုတ်မြို့၊ ဈေးဟောင်းရပ်နေ ဆရာကြီး ဦးစိန်ထွန်းသည် ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့် ဦးတင်ဝေ- ဒေါ်တင်တင်အေးမိသားစု**

---

## ဦးမောင်မောင်ဦး

**B.E (Mechanical 66-72)**

**မင်္ဂလာရွှေအုပ်ဆေးတိုက်**

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ အမှတ် (၈၅/ခ)နေ (ဦးကြူးလွင်-ဒေါ်တင်လှိုင်)တို့၏သား၊ (ဦးဘို-ဒေါ်ခင်မေ)တို့၏သားသမက်၊ (ဒေါ်စန်းစန်းမြင့်)၏ခင်ပွန်း၊ မအေးအေးခိုင်၊ မောင်ရဲဝင်း၊ မနှင်းနီလာ၊ မဖြူဖြူသင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီ မှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

## မသူသူထက်စံ

**အသက် (၄) နှစ်**

- ချစ်သမီးလေးရေ ဖေဖေ မေမေတို့နဲ့ခွဲခွာသွားခဲ့တာ ၁၆-၁၀-၁၅ ရက်တွင် တစ်လပြည့်ခဲ့ပေမယ့် ဖေဖေ မေမေတို့ရင်ထဲမှာ တစ်နေ့မှ မေ့မရဘဲလွမ်းဆွတ်သတိရလျက်ရှိနေပါတယ်
- ချစ်သမီးလေးရေ ဒီနေ့တူမအိမ်မှာ သမီးလေးကို ရည်စူးပြီး သံဃာတော်တွေကို ပင့်ဖိတ်၍ အရဏ်ဆွမ်းနှင့်ဝတ္ထုအစုံစုံကို ဖေဖေ မေမေတို့ ဆက်ကပ်လှူဒါန်းနေပါတယ်
- ချစ်သမီးလေးရေ ဤသို့ပြုရကုသိုလ်အဝဝ မြတ်ပုညကို သမီးလေး သူသူထက်စံ ရရှိပါစေ။ ဤကောင်းမှုကုသိုလ်ကြောင့် ချစ်သမီးလေးမြင့်မြတ်သောဘုံဘဝသို့ရောက်ရှိပြီး အနာရောဂါကင်းဝေး၍ အသက်ရာကျော်ရှည်စွာနေနိုင်သောဘဝကို ချစ်သမီးလေးထာဝစဉ်ရရှိစံစားနိုင်ပါစေ
- ချစ်သမီးလေး သူသူထက်စံကို ရည်စူး၍ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှဝေပါတယ်။ အမျှရပြီးသာခုခေါ်ကာ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်တဲ့ ဘုံဘဝမှာ ချစ်သမီးလေးစံစားရပါစေ သမီးလေးသူသူထက်စံရေ

အမျှ-အမျှ-အမျှ

**ချစ်ဘဘ** - **ဦးတင်ညွန့်**
**ချစ်အမေလှ** - **ဒေါ်တင်**
**ချစ်ဖေဖေ** - **ဗိုလ်ကြီးကျော်ဝဏ္ဏထွန်း**
**ချစ်မေမေ** - **ဒေါ်အိရွှေစင်**
**ချစ်ဦးဦးနှင့်ချစ်အန်တီများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးကျော်ငွေး

**(အင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**

**MD, TOP ENGINEERING CONSULTANT Co.,Ltd.**

**အသက် (၇၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ မြနန္ဒာလမ်း၊ အမှတ် (၁၈၂)နေ ဒေါ်ဝမ်းရီ (လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ EPC ) (GTI ၊ မန်း)၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်ငွေးသည် ၉-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေး GTI ကျောင်းသား ကျောင်းသူ သူငယ်ချင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မြင့် B.Sc,D.M.A

**(ကတိုး၊ ကော့နှပ်)**

**ဒုစက်ရုံမှူး(ငြိမ်း)၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ**

**အသက်(၈၂)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကော့နှပ်ရွာနေ(ဦးချစ်ထွန်း-ဒေါ်အေးရီ)တို့၏သား၊ (ဦးဘိုးကြိုင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ [ဦးနန္ဒသာမိ(ခ)ဦးတင်လှ(DIC, MOGE)]၊ (ဦးသန်းညွန့်)-ဒေါ်ကျင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ တိုက်(၃၀)၊ အခန်း(၁)နေ ဒေါ်အေးသန့်(အလုပ်ရုံခွဲမှူး-ငြိမ်း၊ ဂျုံလုပ် ငန်းစက်ရုံ၊ စက်မှု-၁)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးတင်မြင့်သိန်း-ဒေါ်မြင့်မြင့်စိုး၊ ဦးမျိုးမြင့်ဇော်(GIS/ESSC)-ဒေါ်စန္ဒာအောင်(GIS)၊ ဒေါ်လေးမွန် (ဇေကမ္ဘာကုမ္ပဏီ)၊ ဦးအောင်ဘုန်းမြင့်(M&GH Int. Co.,Ltd)-ဒေါ်ယုယုဝင်းတို့၏ဖခင်၊ မောင်အောင်စည်သူသိန်း၊ မမြင့်ချိုဇင်၊ မခိုင်တင်ဇာသိန်း၊ မပန်းမြတ်သဇင်ဝင်းတို့၏အဘိုးသည် ၁၄-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၀၀း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်ဝင်းမူ

**ဦးစီးအရာရှိ၊ သမဝါယမဦးစီးဌာန၊ ကော့ကရိတ်မြို့**

**(၁၆-၄-၂၀၁၅)-(၁၆-၁၀-၂၀၁၅)**

**(၆)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း**

**အသက် (၅၃)နှစ်**

မိသားစုနဲ့ခွဲခွာသွားတာ (၆)လပြည့်ခဲ့ပါပြီ။

ကွယ်လွန်သူအားရည်စူး၍ နေ့စဉ်၊ လစဉ်နဲ့အမျှ ပြုလုပ်ပြီးသော အလှူဒါနကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။

**အမျှရ၍ မြင့်မြတ်သောဘုံဘဝမှ ရရှိခံစားသာဓုခေါ်ဆိုနိုင်ပါစေ။**

**ခင်ပွန်း** - **ဦးအောင်မြင့်သိန်း**
**(ကော့ကရိတ်မြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**
**သမီး** - **မဖြိုးမီမီဟန်(ခ)မထူးမြတ်သွယ်**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC- 2)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ❐

## မော်ကွန်းသစ်၏ မျှော်လင့်ခြင်းရောင်နီများ

**→ မေး/ရေး-သတင်းအဖွဲ့**

တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းခြင်း၏ အရသာတို့ကို တိုင်းရင်းသားညီအစ်ကို မောင်နှမများလက်တွေ့ခံစားကြရတော့မည်ဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပ အသိသက်သေများ ရှေ့မှောက်၌ မြန်မာ့သမိုင်းမော်ကွန်းသစ်တစ်ရပ်အဖြစ် ကမ္ဘာသိ မြန်မာသိ ကြေညာလက်မှတ်ရေးထိုးခဲ့ကြခြင်းလည်း ဖြစ်သည်။

ထိုမော်ကွန်းသစ်တွင် ပါဝင်ခဲ့ကြသူများ၏ မျှော်လင့်ခြင်းရောင်နီများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**ဦးသန့်မြင့်ဦး(ဥက္ကဋ္ဌ)**
**ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

သမိုင်းဝင်နေ့တစ်နေ့ဖြစ်တယ်လို့မြင်ပါတယ်၊ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခု

စာမျက်နှာ ၁၀ ကော်လံ ၁ ❋

## မင်းဘူးမြို့ ရောဝတီတံတား(မကွေး) ယာဉ်ဖြတ်သန်းခကောက်ခံသည့် တိုးလ်ဂိတ်အနီး မြေပြိုမှုဖြစ်ပွား

စာမျက်နှာ-၁၄






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ သောကြာနေ့။





ပြည်တွင်းရေးရာ

မကြာမီစိမ်းလန်းသာယာလှပလာမည့် မိတ္ထီလာလွင်မြင်

စာ - ၄



လူမှုစီးပွား

တောင်သမန်ဘိုးဘိုးကြီး နတ်ပွဲတော်အထိမ်းအမှတ် လှေပြိုင်ပွဲကျင်းပ

စာ - ၆





# စောင့်ကြည့်နေကြတဲ့ ဂျာဂျင်ကလော့ ရဲ့အန်ဖီးလ်စွန့်စားခန်း

။လင်းဆက်။

အင်္ဂလန် ပရီမီယာလိဂ်ကလပ် လီဗာပူးမှာ မန်နေဂျာအပြောင်းအလဲဖြစ်တယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၈) အဲဗာတန်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ မာဆေးဆိုက်ဒါဘီပွဲစဉ်မှာ နိုင်ပွဲမရဘဲ သရေသာကစားနိုင်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် ဇွန်လကနေစပြီး အသင်းကိုကိုင်တွယ်လာခဲ့တဲ့ မန်နေဂျာ ဘရီဒန်ရော်ဂျာကို ထုတ်တယ်။ ပြီးတော့ ကြားသုံးရက်သာခြားပြီး အောက်တိုဘာ ၈ ရက်မှာ ဒေါ့မွန်နည်းပြဟောင်း ဂျာဂျင်ကလော့ကို မန်နေဂျာသစ်အဖြစ် သုံးနှစ်သက်တမ်းရှိစာချုပ်နဲ့ ခန့်တယ်။ ဒီတော့ အဲဒီလို မန်နေဂျာအပြောင်းအလဲနဲ့အတူ လီဗာပူးဟာ စိတ်ဝင်စားစရာ ကောင်းလာသလို ဂျာဂျင်ကလော့ လက်ထက်မှာ အရင်လိုအဆင့်မျိုး လီဗာပူးပြန်ရ မရဆိုတာကပါ ချင့်ချိန်တွက်ဆချင်စရာကောင်းတဲ့ မေးခွန်းတစ်ခုလို ကပ်ပါလာတယ်။

ပြောမယ်ဆိုရင်ပေါ့ လီဗာပူးဟာ ပရီမီယာလိဂ်သက်တမ်းတစ်လျှောက်မှာ ချန်ပီယံတစ်ကြိမ်မှမဖြစ်ဖူးဘူး။ ချန်ပီယံလိဂ်ဖလား၊ ယူအီးအက်ဖ်အေဖလား၊ ဥရောပစူပါဖလားတို့လို ဥရောပအဆင့်ဆုဖလားတွေနဲ့ အက်ဖ်အေဖလား၊ ကက်ပီတယ်ဝမ်းဖလားတို့လို ပြည်တွင်းရှုံးထွက်ဖလားတွေကို ဒီနောက်ပိုင်းခေတ်မှာ အရယူနိုင်ခဲ့သော်ငြား ပရီမီယာလိဂ်မှာတော့ တစ်ကြိမ်မှ ချန်ပီယံမဖြစ်ဘူး။ ၂၀၁၃- ၁၄ ဘောလုံးရာသီတုန်းကတော့ ချန်ပီယံဖြစ်ဖို့ အနီးစပ်ဆုံးအခြေအနေနဲ့ ကြုံတွေ့ခဲ့ရသော်ငြား ကံမကောင်း စွာနဲ့ ဒုတိယသာရခဲ့သလို နောက်ဆုံး ဘောလုံးရာသီရှစ်ရာသီအတွင်းမှာတောင် ကက်ပီတယ်ဝမ်းဖလား တစ်လုံးသာရခဲ့တာဆိုတော့ လီဗာပူးရဲ့ အဲဒီလိုပျက်ယွင်းမှုတွေနဲ့ အိမ်နိမ့်စံဘဝဟာ ဂျာဂျင်ကလော့ရဲ့ လက်ထက်မှာ အဆုံးသတ်လေမလားဆိုတာ စောင့်ကြည့်စရာဖြစ်လာတယ်။

စာ - ၂

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၃)

CHAMPIONS LEAGUE

### အင်္ဂါနေ့ (၂၀-၁၀-၁၅)

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘိုရီဆော့ဗ် | - | ဘာစီလိုနာ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | လေဗာကူဆင် | - | ရိုးမား |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | အာဆင်နယ် | - | ဘိုင်ယန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဒိုင်နမိုဇာဂရက် | - | အိုလံပီယာကော့စ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ပေါ်တို | - | တဲလ်အဗစ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဒိုင်နမိုကိဗ် | - | ချယ်လ်ဆီး |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဇင်းနစ် | - | လိုင်ယွန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဗလင်စီယာ | - | ဂျန့်စ် |

### ဗုဒ္ဓဟူးနေ့ (၂၁-၁၀-၁၅)

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | မယ်လ်မို | - | ရှက်တာဒိုးနက် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ပီအက်စ်ဂျီ | - | ရီးရဲ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | စီအက်စ်ကေအေ | - | မန်ယူ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဝုဖ်ဘတ် | - | အိုင်ဟိုဗင် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | အက်သလက် | - | အက်စတာနာ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဂါလာတာစာရေး | - | ဘင်ဖီကာ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဂျူဗင်တပ်စ် | - | ဂလာဘတ်ချ် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | မန်စီးတီး | - | ဆီဗီလာ |

## ပရီမီယာလိဂ်ပွဲစဉ် (၉)

### စနေနေ့ (၁၇-၁၀-၁၅)

| | | | |
|---|---|---|---|
| ည ၆း၁၅ | စပါး | - | လီဗာပူး |
| ည ၈း၃၀ | ချယ်လ်ဆီး | - | ဗီလာ |
| ည ၈း၃၀ | မန်စီးတီး | - | ဘုန်းမောက် |
| ည ၈း၃၀ | ဆောက်သမ်တန် | - | လက်စတာ |
| ည ၈း၃၀ | အဲဗာတန် | - | မန်ယူ |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | - | ဆန်းဒါးလန်း |
| ည ၈း၃၀ | ပဲလေ့စ် | - | ဝက်စ်ဟမ်း |
| ည ၁၁း၀၀ | ဝက်ဖို့ဒ် | - | အာဆင်နယ် |

### တနင်္ဂနွေနေ့ (၁၈-၁၀-၁၅)

| | | | |
|---|---|---|---|
| ည ၉း၃၀ | ကာဆယ် | - | နော့ဝှစ်ချ် |

### တနင်္လာနေ့ (၁၉-၁၀-၁၅)

| | | | |
|---|---|---|---|
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | ဆွမ်ဆီး | - | စတုတ် |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)

### သောကြာနေ့ (၁၆-၁၀-၁၅)

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | မိန့်ဇ် | - | ဒေါ့မွန် |

### စနေနေ့ (၁၇-၁၀-၁၅)

| | | | |
|---|---|---|---|
| ည ၈း၀၀ | ရှော်ကေး | - | ဟာသာဘာလင် |
| ည ၈း၀၀ | ဝုဖ်ဘတ် | - | ဟော့ဖန်ဟိန်း |
| ည ၈း၀၀ | ဟမ်းဘတ် | - | လေဗာကူဆင် |
| ည ၈း၀၀ | အော့စ်ဘတ် | - | ဒရန်စတက် |
| ည ၈း၀၀ | ဝါဒါဘရီမင် | - | ဘိုင်ယန် |
| ည ၁၁း၀၀ | ဖရန့်ဖတ် | - | ဂလာဘတ်ချ် |

### တနင်္ဂနွေနေ့ (၁၈-၁၀-၁၅)

| | | | |
|---|---|---|---|
| ည ၈း၀၀ | ကိုလုံး | - | ဟန်နိုဗာ |
| ည ၁၀း၀၀ | စတုဂတ် | - | အင်ဂိုဆတက် |

## စီးရီးအေပွဲစဉ်(၈)

### စနေနေ့ (၁၇-၁၀-၁၅)

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ရိုးမား | - | အမ်ပိုလီ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | တိုရီနို | - | မီလန် |

### တနင်္ဂနွေနေ့ (၁၈-၁၀-၁၅)

| | | | |
|---|---|---|---|
| ညနေ ၅း၀၀ | ဘိုလော့နာ | - | ပါလာမို |
| ည ၇း၃၀ | အတ္တလန္တာ | - | ကာပီ |
| ည ၇း၃၀ | ဖရိုစီနုန်း | - | ဆမ်ဒိုးရီးယား |
| ည ၇း၃၀ | ဂျီနိုအာ | - | ချီယေဗို |
| ည ၇း၃၀ | ဗီရိုနာ | - | အူဒီးနိစ် |
| ည ၇း၃၀ | နာပိုလီ | - | ဖီအိုရင်တီးနား |
| ည ၇း၃၀ | ဆက်ဆူအိုလို | - | လာဇီယို |
| နံနက် ၁း၃၀ (တနင်္လာနံနက်) | အင်တာ | - | ဂျူဗင်တပ်စ် |

မြန်မာ့အလင်း

၁၆-၁၀-၂၀၁၅ (သောကြာနေ့)

အလာဒိုက်စ်လို့ဆိုလိုက်တာနဲ့ ပရီမီယာလိဂ် ပရိသတ်တွေအတွက် တော့ သိပ်စိမ်းလွန်းတဲ့နာမည်တစ်ခု တော့မဟုတ်ပါဘူး။ သူဟာဝက်စ်ဟမ်းအသင်းနဲ့ လေးနှစ်ကြာလက်တွဲခဲ့သူဖြစ်ပြီး ပြီးခဲ့တဲ့မေလကမှ အသင်းကနေ ထွက်ခွာသွားခဲ့တဲ့သူလည်းဖြစ်ပါတယ်။ အခုအခါမှာ အလာဒိုက်စ်ဟာ ငါးလကြာပြီးတဲ့နောက် ပရီမီယာလိဂ်ကို ပြန်လည်ရောက်ရှိလာခဲ့ပြီလို့ ပြောရမှာဖြစ်ပါတယ်။

# တစ်ကျော့ပြန် ဆမ်အလာဒိုက်စ်နဲ့

## ဆန်းဒါးလန်းရဲ့အနာဂတ်

**အောင်ဏ**



ဆန်းဒါးလန်းအသင်းဟာ ပြီးခဲ့တဲ့နှစ်ကတည်းက တန်းဆင်းဇုန်ကနေ ကင်းလွတ်ဖို့အတွက် ပြင်းပြင်းထန်ထန်ရုန်းကန်ခဲ့ရတဲ့အသင်းဖြစ်ပြီး ဒီနှစ်ရာသီမှာလည်း ရာသီအစ ရှစ်ပွဲလုံးကို ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ အဆင့် ၁၉ နေရာမှာ ရပ်တည်နေခဲ့ရတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီက အသင်းကို တန်းဆင်းဇုန်ကနေကင်းလွတ်ဖို့အတွက် ကြိုးစားနိုင်ခဲ့တဲ့ အက်ဗိုကတ်ဟာ အသင်းကနေ ထွက်ခွာသွားခဲ့တာလည်းဖြစ်ပါတယ်။ အသင်းကနေ ထုတ်ပယ်တာမဟုတ်ပေမယ့် အသင်းရဲ့ရလဒ်တွေကို သူ့အနေနဲ့ ပြန်လည်ကောင်းမွန်လာအောင် မလုပ်ဆောင်နိုင်တာကြောင့် ထွက်ခွာသွားခဲ့ခြင်းလည်းဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းအနေနဲ့ကလည်း အက်ဗိုကတ်ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း အသင်းကိုကိုင်တွယ်ဖို့အတွက် ယာယီနည်းပြတောင်ခန့်ထားခြင်းမရှိခဲ့ဘဲ ဝက်စ်ဟမ်းအသင်းမန်နေဂျာ အလာဒိုက်စ်ကို မန်နေဂျာသစ်အဖြစ် အချိန်မီ ခန့်အပ်လိုက်တာလည်းဖြစ်ပါတယ်။ ဆမ်အလာဒိုက်စ်အနေနဲ့လည်း ဝက်စ်ဟမ်းအသင်းပရိသတ်တွေနဲ့ နယူးကာဆယ်အသင်းပရိသတ်တွေရဲ့ ညည်းညူမှုတွေကြောင့် သူငယ်စဉ်ကစားခဲ့တဲ့ ဆန်းဒါးလန်းအသင်းကို ပြန်ချင်နေခဲ့တာ အစောပိုင်းကာလကတည်းကလို့ ဆိုပါတယ်။ အလာဒိုက်စ်ဟာ ဝက်စ်ဟမ်းအသင်းကို ကိုင်တွယ်ခဲ့စဉ်အတွင်း အကောင်းဆုံးရလဒ်ကောင်းတွေရရှိအောင် ကြိုးစားနိုင်ခဲ့ပေမယ့် သူကိုင်တွယ်ခဲ့တဲ့ရာသီတွေအတွင်း အဆက်မပြတ်ပြောဆိုဝေဖန်မှုတွေရှိခဲ့တာကြောင့် ဝက်စ်ဟမ်းအသင်းနဲ့ လက်တွဲဖြုတ်ခဲ့တာလည်း ဖြစ်ပါတယ်။

အခုအခါမှာတော့ ဆန်းဒါးလန်းအသင်းအနေနဲ့ အသက် ၆၀ ရှိပြီဖြစ်တဲ့ အလာဒိုက်စ်ကို မန်နေဂျာသစ်အဖြစ် ခန့်အပ်လိုက်ခြင်းဟာ အလာဒိုက်စ်အတွက်တော့ ရေငတ်တုန်းရေတွင်းထဲကျသလို ဖြစ်နေပါတယ်။ ဒါတင်မကပါဘူး ဆန်းဒါးလန်းအသင်း ပရိသတ်တွေရဲ့ အကောင်းမြင်မှုတွေနဲ့ ပြောဆိုသံတွေကလည်း သူ့အတွက်တော့ အားဆေးဖြစ်စေတယ်လို့ဆိုပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးလည်း အလာဒိုက်စ်က “ကျွန်တော် ဝက်စ်ဟမ်းအသင်းကို ကိုင်တွယ်ခဲ့စဉ်တုန်းကဆိုရင် ကျွန်တော့်ရဲ့ဇနီးသည်ဖြစ်သူ လင်နီဟာ ဝက်စ်ဟမ်းအသင်းပရိသတ်တွေရဲ့ အားပေးမှုတွေကို ဝတ်ဘ်ဆိုက်တွေပေါ်ကနေ အဆက်မပြတ်ကြည့်ရှုလေ့ရှိပါတယ်။ အဲ့ဒီအခါ ကျွန်တော်ကို ထုတ်ပယ်ပစ်ဖို့ စော်ကားရေးသားထားတာတွေကို တွေ့ရတဲ့အခါ စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမယ့် သူကအဲ့ဒီအရာတွေကိုလည်း မပစ်ပယ်နိုင်ခဲ့ပါဘူး။ အခုတော့ ဆန်းဒါးလန်းအသင်းပရိသတ်တွေရဲ့ ဝက်ဘ်ဆိုက်တွေကို ကြည့်တဲ့အခါ ကောင်းမွန်တဲ့အမြင်တွေရှိနေတာကို တွေ့ရပါတယ်။ ကျွန်တော်ကတော့ ဆန်းဒါးလန်းပရိသတ်တွေအတွက် ကျေနပ်နှစ်သိမ့်လောက်အောင် ကောင်းမွန်တဲ့ရလဒ်တွေ ရယူပေးလိုပါတယ်”လို့လည်း ပြောဆိုခဲ့ပါတယ်။

**ဆမ်အလာဒိုက်စ်အနေနဲ့ တန်းဆင်းဇုန်ကနေလွတ်ဖို့အတွက် အပြင်းအထန်ကြိုးစားနေတဲ့ ဆန်းဒါးလန်းအသင်းကို အောင်မြင်မှုတွေရရှိအောင် ပရိသတ်တွေအားနဲ့အတူ ရယူပေးနိုင်မလား ဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်**

အလာဒိုက်စ်ဟာ သူ့ရဲ့ကစားသမားဘဝတလျှောက် ဘော်လ်တန်၊ နယူးကာဆယ်၊ ဘလက်ဘန်း၊ ဝက်စ်ဟမ်းအသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးတဲ့ ဝါရင့်အတွေ့အကြုံရှိ မန်နေဂျာတစ်ဦးဖြစ်ပါတယ်။ သူ့အနေနဲ့ သူကိုင်တွယ်တဲ့အသင်းတိုင်းကို ကြီးမားတဲ့အောင်မြင်မှုတွေ ရယူမပေးနိုင်ခဲ့ပေမယ့် ဆိုရွားတဲ့အခြေအနေတွေကို ရောက်အောင်တော့ တွန်းပို့ခြင်းတော့ မရှိပါဘူး။ ဒါပေမယ့် ဆန်းဒါးလန်းအသင်းရဲ့ လက်ရှိအခြေအနေဟာ တန်းဆင်းဇုန်ထဲ ကျရောက်နေတာကြောင့် အလာဒိုက်စ်အနေနဲ့ တန်းဆင်းဇုန်ကင်းလွတ်နိုင်ရေးအတွက်တော့ ပြင်းပြင်းထန်ထန်ကြိုးစားပေးရမယ့် အနေအထားမှာ ရှိနေပါတယ်။

ဆန်းဒါးလန်းအသင်းဟာ လက်ရှိ ရှစ်ပွဲကစားပြီးချိန်မှာတော့ အနိုင်တစ်ပွဲမျှ ရရှိထားခြင်းမရှိဘဲ ငါးပွဲရှုံး၊ သုံးပွဲသရေရလဒ်တွေနဲ့ ရင်ဆိုင်နေခဲ့ရတဲ့ အသင်းလည်းဖြစ်ပါတယ်။ လက်ရှိကစားပြီးချိန်မှာ အသင်းအနေနဲ့ ရဂိုးရှစ်ဂိုးနဲ့ ပေးဂိုးအနေနဲ့ ၁၈ ဂိုးအထိရှိတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် လက်ရှိ ပရီမီယာလိဂ်အသင်းတွေထဲမှာတော့ ပေးဂိုးအများဆုံးအသင်းဖြစ်သလို ရဂိုးအနေနဲ့ကလည်း ရှစ်ဂိုးသာရှိတာကြောင့် တန်းဆင်းဇုန်အောက်ဆုံးမှာ ရှိတဲ့ နယူးကာဆယ်အသင်းရရှိထားတဲ့ ရဂိုးထက် နှစ်ဂိုးသာ သာတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဆန်းဒါးလန်းအသင်းရဲ့ အဓိကပြဿနာဟာ တိုက်စစ်ပိုင်းဖြစ်သလို ၁၈ ဂိုးပေးရတာကို ကြည့်တာနဲ့ ခံစစ်ပိုင်းရဲ့ ညံ့ဖျင်းမှုကလည်း အတိုင်းသား မြင်ရမှာဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းဟာ ပွဲစဉ်(၉)မှာ ဝက်စ်ဘရွန်းအသင်းနဲ့ ကစားရမှာဖြစ်သလို ပွဲစဉ်(၁၀)မှာလည်း တန်းဆင်းဇုန်အောက်ဆုံးကို ရောက်နေတဲ့ နယူးကာဆယ်အသင်းနဲ့ တွေ့ဆုံကစားရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီပွဲစဉ်နှစ်ပွဲဟာ မန်နေဂျာသစ် ဆမ်အလာဒိုက်စ်အတွက်တော အမှတ်တွေ ရယူနိုင်ဖို့ ရှိနိုင်တဲ့ပွဲတွေလို့လည်း ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီပွဲတွေမှာ မန်နေဂျာဆမ်အလာဒိုက်စ်အနေနဲ့ ဘယ်လိုပုံစံကစားကွက်တွေနဲ့အတူ အသင်းကိုအနိုင်ရရှိအောင် ကြိုးစားပေးမလဲဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်နေပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်ကို တစ်ကျော့ပြန်ခြေချလာတဲ့ ဆမ်အလာဒိုက်စ်အနေနဲ့ တန်းဆင်းဇုန်ကနေလွတ်ဖို့အတွက် အပြင်းအထန်ကြိုးစားနေတဲ့ ဆန်းဒါးလန်းအသင်းကို အောင်မြင်မှုတွေရရှိအောင် ပရိသတ်တွေအားနဲ့အတူ ရယူပေးနိုင်မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

>> ***ရှေ့ဖုံးမှ***

အထူးသဖြင့် ဂျာဂျင်ကလော့ဟာ ဒီဘက်ခေတ်ဘောလုံးလောကမှာ ထက်မြက်တဲ့ မန်နေဂျာတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်တယ်ဆိုတာ ထူးထူးထွေထွေပြောစရာမလိုဘူး။ ကစားသမားစုဖွဲ့မှုမှာရော၊ ခေအင်အားပိုင်းမှာပါ ဘိုင်ယန်လောက် မတောင့်တင်းတဲ့ ဒေ့ါမွန်ကို ကိုင်တွယ်ပြီး ဂျာမနီမှာ ဘိုင်ယန်ရဲ့လောင်းရိပ်အောက်က ထိုးဖောက်ထွက်ပြခဲ့သူ။ ဂျာမနီပြည်တွင်းမှာ ဘွန်ဒက်စ်လီဂါဆုဖလားနှစ်ကြိမ်၊ ဂျာမန်ပိုကယ်ဖလားတစ်ကြိမ်နဲ့ ဂျာမန် စူပါဖလားသုံးကြိမ်ရယူပေးနိုင်ခဲ့သူဖြစ်သလို ထိပ်တန်းအဆင့်အသင်းပါလို့ သတ်မှတ်ဖို့ခက်တဲ့ ဒေ့ါမွန်ကိုတောင် ချန်ပီယံလိဂ်လို့ပြိုင်ပွဲမျိုးမှာ ဗိုလ်လုပွဲအထိ တွန်းတင်ပေးနိုင်ခဲ့ဖူးတာဆိုတော့ ဂျာဂျင်ကလော့ ရောက်ရှိလာမှုဟာ အောင်မြင်မှုငတ်မွတ်နေတဲ့ လီဗာပူးအတွက်တော့ လိုအပ်ချက်နဲ့ကိုက်ညီဆုံးခေါ်ယူမှုအဖြစ် တချို့က ကောက်ချက်ဆွဲ ဝေဖန်သုံးသပ်ကြတယ်။


ဒါပေမယ့် တချို့ကတော့ အဲဒီလို ဆုဖလားနဲ့ အောင်မြင်မှုငတ်မွတ်နေတဲ့ အသင်းတစ်သင်းကို ချန်ပီယံဖြစ်အောင် ဦးဆောင်ခဲ့တဲ့ မန်နေဂျာတစ်ဦးရောက်ရှိလာမှုဟာ လိုအပ်ချက်နဲ့ကိုက်ညီတဲ့ ပေါင်းထုပ်မှုဆိုတာမှန်သော်ငြား အဲဒီ မန်နေဂျာလက်ထက်မှာ အဲဒီအသင်းဟာ ချက်ချင်းလက်ငင်းအောင်ပွဲထရဖို့ ခက်ပါတယ်ဆိုပြီး ကျွမ်းကျင်သူတိုင်းက အကောက်အယူလုပ်ကြတယ်။ အထူးသဖြင့်ပေါ့။ ဘောလုံးလောကမှာ အသင်းတစ်သင်းအတွက် မန်နေဂျာ အပြောင်းအလဲဖြစ်ခြင်းဟာ ဦးဆောင်သူ သို့မဟုတ် ဦးခေါင်းပိုင်း အပြောင်းအလဲဖြစ်ခြင်းပဲ။ အရှင်းဆုံးပြောရရင် ဘောလုံးအားကစားနည်းမှာ ရလဒ်ကောင်းရရှိရေးအတွက် ကွင်းထဲမှာ လက်တွေ့ကစားရတဲ့ ကစားသမားတွေရဲ့ အရည်အသွေးနဲ့ ခြေစွမ်းခြေစအပေါ် အဓိက အမှီပြုရတာမှန်သော်ငြား ပွဲတစ်ပွဲကို ချဉ်းကပ်မှု ပြီးတော့ ပြိုင်ဘက်ရဲ့ အားသာချက်၊ အားနည်းချက်အရ အဲဒီပွဲမှာ သုံးစွဲမယ့်ဗျူဟာအပြင် ပွဲကစားနေစဉ်အတွင်းမှာတင် ပွဲရှိန်အတင်အချနဲ့ အဲဒီပွဲမှာသုံးစွဲမယ့် ကစားသမားစာရင်းကအစ မန်နေဂျာကသာ ဆုံးဖြတ်ဦးဆောင်ရတာဆိုတော့။ မန်နေဂျာအပြောင်းအလဲဖြစ်ခြင်းဟာ အသင်းရဲ့ အယူအဆ အတွေးအခေါ်အပြင် အသင်းရဲ့ ကျောရိုးတစ်ခုလုံး အပြောင်းအလဲဖြစ်သွားခြင်းနဲ့ မခြားဘူးလို့ ကောက်ချက်ဆွဲထောက်ပြကြတယ်။

ပြောချင်တာက ဂျာဂျင်ကလော့ဆိုတာက ဆိုခဲ့ပြီးတဲ့အတိုင်း ဒီဘက်ခေတ်ဘောလုံးလောကမှာ ထူးချွန်ထက်မြက်တဲ့ မန်နေဂျာတစ်ဦးဆိုတာမှန်တယ်။ ဒါပေမယ့် သူ့အတွက် ပရီမီယာလိဂ်က အစိမ်းသက်သက်သဘောဆောင်ကို ဆောင်တယ်။ အရှင်းဆုံးပြောရရင် ဘောလုံးအားကစားနည်းဟာ ဘယ်ဒေသမှာပဲဖြစ်ဖြစ် တူညီတဲ့ဥပဒေ တူညီတဲ့ကွင်းတွေနဲ့ အတူဘာမှမကွဲပြားဘူးဆိုတာ မှန်သော်ငြား ပြိုင်ပွဲတစ်ခုနဲ့တစ်ခု ဒေသတစ်ခုနဲ့တစ်ခုမှာ ပြိုင်ဆိုင်မှုအဝန်း အဝိုင်းခြားနားတယ်။ ကစားဟန်နဲ့ နည်းစနစ်ကွာဟတယ်။ ဖိအားနဲ့ အယူအဆလည်း ခြားနားတယ်ဆိုတော့ မန်နေဂျာတစ်ဦးအတွက် ဒေသသစ်ကို စတင်အခြေချရာမှာ အဲဒီဒေသနဲ့ အသားကျဖို့နဲ့ အဲဒီဒေသရဲ့ ဘောလုံးဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်ဖို့ဆိုရာမှာ အချိန်လိုတယ်။ ဒီတော့ ဂျာဂျင်ကလော့ အနေနဲ့ရောအင်္ဂလန်ကိုရောက်စမှာ အရင်အရည်အသွေးမျိုးတွေ ထုတ်ပြနိုင်ဖို့ဆိုတာလည်း မသေချာဘူးလို့ ယူဆလက်ခံကြတယ်။

အထူးသဖြင့်ပေါ့။ ဂျာဂျင်ကလော့ဟာ အခုလီဗာပူးကို တာဝန်ယူတယ်။ လက်ရှိအချိန်ဟာ ရာသီအစပိုင်းဆိုသော်ငြား ရာသီအစ စစ်စစ်မဟုတ်ဘူး။ အရှင်းဆုံးပြောရရင်တော့ ဂျာဂျင်ကလော့ဟာ လီဗာပူးကို သူ့စိတ်တိုင်းကျ ပြုပြင်တည်ဆောက်ခွင့်မရခဲ့ဘူး။ ရော်ဂျာတည်ဆောက်ခဲ့တဲ့အတိုင်းကို ဆက်ပြီးတာန်ယူရမှာ။ အရှင်းဆုံးပြောရရင် ရော်ဂျာရဲ့ အတွေးအခေါ်အယူအဆနဲ့ တည်ဆောက်ခဲ့တဲ့အထိုင်ကို ဂျာဂျင်ကလော့ အဆင်ပြေအောင် ထိန်းသိမ်းရမှာဆိုတော့ ဂျာဂျင်ကလော့အနေနဲ့ သူ့ရဲ့ အရည်အသွေးအစစ်အမှန် ပြသနိုင်ပါဦးမလား။ ထပ်ပြောရရင် အဲဒီ အချက်အပြင် ဂျာဂျင်ကလော့အနေနဲ့ လက်ရှိလီဗာပူးရဲ့ ရှိရင်းစွဲကစားသမားတွေရဲ့ အရည်အသွေးနဲ့ စရိုက်လက္ခဏာကို အပြည့်အဝနားလည်အောင် အချိန်ယူဖို့လိုအပ်သေးသလို သူ့ရဲ့အယူအဆနဲ့ လိုချင်တဲ့အရာကို ကစားသမားတွေ သဘောပေါက်နားလည်ဖို့ အချိန်လိုသေးတယ်။

ဒီတော့ ဂျာဂျင်ကလော့ရောက်လာရုံနဲ့ လီဗာပူး ရုတ်တရက်တိုးတက်အပြောင်းလဲလာမှာလား။ ဂျာဂျင်ကလော့ရောက်လာခြင်းဟာ အသင်းရဲ့ အနာဂတ်အတွင်း ကောင်းမွန်တဲ့အပြောင်းအလဲဖြစ်သော်ငြား ပေါင်းကူးဆဲဖြစ်တဲ့ လက်ရှိကာလအတွင်းမှာ စိတ်ရှည်ဖို့လိုအပ်သလို ဘုတ်အဖွဲ့ကအစ ပရိသတ်အဆုံး ဂျာဂျင်ကလော့ကို စိတ်ရှည်ပေးနိုင်ဖို့တော့ လိုမယ်ထင်တယ်။ ။

■ **လင်းဆက်**



# တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၂)



နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၅ ခုနှစ်မှစ၍ ကျွန်တော်ဆောင်ရွက်ခွင့်ရခဲ့သည်။ နယ်စပ်ဒေသများအရေး၊ တိုင်းရင်းသားများ၏ အရေးကိစ္စများဖြစ်သဖြင့် ထိုလုပ်ငန်း တာဝန်အားလုံးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပါသည်။ "နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုတာ အလွန်ကုသိုလ်ရတဲ့လုပ်ငန်းတွေကွ"ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်(ကွယ်လွန်)က ပြောကြားခဲ့ဖူးသည်။ သူ့နောက်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများအဖြစ် တာဝန်ထမ်းဆောင်သွားခဲ့ကြသော ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ လက်ရှိပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့သည်လည်း အထက်ပါအတိုင်း ခံယူ၍ မကြာခဏ ပြောကြားခဲ့ကြဖူးသည်။

အမှန်လည်း ကုသိုလ်ရသောလုပ်ငန်းများ ဖြစ်ပါသည်။ လမ်းမရှိသော အရပ်ဒေသများမှာ မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းများ ဖြစ်လာအောင်၊ ကွန်ကရစ်လမ်းများ ဖြစ်လာအောင်၊ စာသင်ကျောင်းမရှိသော ကျေးရွာများတွင် စာသင်ကျောင်းတွေဖြစ်လာအောင်၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခွင့်ရခဲ့ကြသည်။ အခြားလုပ်ငန်းများလည်း ရှိသေးသည်။ မီးစက်များ ပို့ပေးပြီး မြို့/ရွာများ၌ မီးလင်းစေခဲ့သည်။ ရေအားလျှပ်စစ်ထုတ်ပေးနိုင်သောနေရာများ၌ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့သည်။ ယနေ့အချိန်အခါမျိုးတွင်မူ မဟာဓာတ်အားလိုင်းမှပင် ချိတ်ဆက်မီးလင်းစေခဲ့သော ကျေးရွာပေါင်းမနည်းတော့ပြီ။ ဆက်လက်၍ ဘာသာသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဘုရားပုထိုးစေတီများ တည်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သိမ်များ၊ ဇရပ်များ တည်ဆောက်ပြုပြင်ပေးခြင်းဖြင့်လည်း အလိုအလျောက် ဘုရားဒါယကာ၊ ကျောင်းဒါယကာ ဖြစ်ခွင့်ရကြသေးသည်။ ရုပ်မြင်သံကြားဆိုတာကို ၁၉၈၄ ခုနှစ်လောက်တွင်မှ ကျွန်တော်ကောင်းစွာမြင်ဖူးခဲ့သည်။ ဒါတောင် ကပစက ထုတ်ပေးသော လက်မ ၂၀ တီဗွီ သစ်သားကိုယ်ထည်ကြီးနှင့် လေးလိုက်သည်မှာ လွန်ပါရော၊ လူနှစ်ယောက်ခန့် မနည်း မ, ရွှေ့ရသည်။ ယနေ့နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၄ ရုံ တည်ဆောက်ထုတ်လွှင့်ပြသပေးနိုင်ခဲ့သည်။ နယ်စပ်ဒေသမှ ကလေးတွေ ကျွန်တော်တို့ထက် အများကြီးစောပြီး ခေတ်၏ရေစီးကြောင်းမှာ မျောပါခွင့်ရခဲ့ကြသည်ဟု ဆိုရမည်ပင်။

နယ်စပ်ဒေသများ၌ ပထမဦးဆုံး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို 'ဝ' ဒေသ ပန်ဆန်းမြို့၌ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၃ ရက်က စတင်ထုတ်လွှင့် ပြသပေးခဲ့သည်။ ထိုအချိန်မတိုင်မီက ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အဓိကတာဝန်ယူထားရသော ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် နတလဝန်ထမ်းများနှင့် ပူးပေါင်း၍ 'ဝ'ဒေသ၊ ကိုးကန့်ဒေသ၊ ကျိုင်းတုံ အရှေ့ဒေသများ အပါအဝင် နယ်စပ်ဒေသ အသီးသီးရှိ ကျေးရွာများသို့အရောက်သွား၍ မော်ကွန်းရုပ်ရှင်မှ သတင်းနှင့်ရုပ်ရှင်ဇာတ်ကားများပြသပေးခြင်း၊ ဗီဒီယိုပြစက်၊ မီးစက်တို့ကို ထမ်းပိုးသယ်ယူ၍ တစ်တောင်တက် တစ်တောင်ဆင်း လှည့်လည်သွားရောက်ကာ ဗီဒီယိုဇာတ်ကားများ ပြသပေးခြင်းတို့ ပြုလုပ်ခဲ့ကြရသည်ကို အမှတ်ရမိသည်။ ပန်ဆန်းမြို့ ယခင်ဘုန်းတော်ကြီးကျောင်းဟောင်းဝင်းအတွင်း၌ မော်ကွန်းရုပ်ရှင်ပြသနေသော မှတ်တမ်းဓာတ်ပုံ၊ အပေါ်စက်အောက်စက်ဖြင့် ဗီဒီယိုဇာတ်ကား ပြသနေစဉ် 'ဝ' တိုင်းရင်းသားလူငယ်လေးများ ဝိုင်းဝန်းကြည့်ရှုသဘောကျနေသည့် မှတ်တမ်း ဓာတ်ပုံတို့ကို အမှတ်တရသိမ်းဆည်းလာခဲ့သည်မှာလည်း နှစ်ပေါင်းမနည်းတော့။ ထိုစဉ်က ပန်ဆန်းဒေသ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဗိုလ်မှူးသန်းထူး(ညွှန်ကြားရေးမှူး-ငြိမ်း)က ဦးစီးဆောင်ရွက်ခဲ့ရသည်။ ယနေ့အချိန်တွင်တော့ ပန်ဆန်းမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများသည် ရုပ်သံလိုင်းပေါင်း ၁၀၀ ကျော် ဖမ်းယူကြည့်ရှုနေသည့်ဒေသများ ဖြစ်လို့နေပေပြီ။

ပန်ဆန်းကဲ့သို့ပင် 'ဝ'ဒေသအတွင်း မိုင်းမော၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့သူမှာ ဗိုလ်မှူးတင်မောင်အေး (ယခု နေပြည်တော်စည်ပင်)ဖြစ်သည်။ မိုင်းမောရုပ်သံလွှင့်စက်ရုံကိုလည်း ၎င်းကိုယ်တိုင် ဦးစီးတည်ဆောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနား၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့်(ကွယ်လွန်)၊ 'ဝ'တိုင်းရင်းသား ခေါင်းဆောင် ဦးကျောက်ညီလိုင်း (ကွယ်လွန်) နှင့် 'ဝ'တိုင်းရင်းသား၊ တိုင်းရင်းသူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။

## ယနေ့ နယ်စပ်ဒေသ အသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၄ ရုံ တည်ဆောက်ထုတ်လွှင့် ပြသပေးနိုင်ခဲ့

လွန်ခဲ့သော ၂၂ နှစ်ခန့် အချိန်ကာလ မိုင်းမောရွာကြီးတွင် 'ဝ'တိုင်းရင်းသား အသိမိတ်ဆွေများနှင့် ထမင်းအတူစားခဲ့ရသည့် အတွေ့အကြုံကို ကိုတင်မောင်အေးလည်း မမေ့နိုင်ခဲ့။ "မိုင်းမောမှာ ရွာသူကြီးတစ်ယောက်က ထမင်းဖိတ်ကျွေးတယ်။ ထမင်းဖိတ်ကျွေးတယ်ဆိုပေမယ့် ချက်ပြုတ်ပြီး အဆင်သင့်ဖြစ်မှ ထမင်းစားလာခေါ်တာမျိုးတော့မဟုတ်ဘူးဗျ။ သူ့အိမ်ကိုရောက်မှ ထမင်းစချက်တာ။ အသားဟင်းက အဆင်သင့်မရှိတော့ ခြံထဲကကြက်တစ်ကောင်ကို ဗုန်း. . ခနဲရိုက်သံကြားလိုက်ရတယ်။ ဒါ. . ဧည့်သည်ကို ကျွေးမယ့်ကြက်သားဟင်းပဲ။ စားရတဲ့နေရာက အိမ်ပေါ်မှာမဟုတ်ဘူး။ ဆိုလိုတာက 'ဝ'အိမ်ဆိုတာကလည်း မြေစိုက်တဲတွေများတယ်လေ၊ ကြမ်းခင်းကနည်းနည်းရယ်၊ ကျန်တဲ့နေရာက မြေကြီးပေါ်မှာစင်လေးတွေ၊ ထိုင်ခုံလေးတွေကို ဝါးနဲ့လုပ်ထားတာ၊ ဝါးထမင်းစားပွဲခုံ၊ ဝါးထိုင်ခုံနဲ့ပေါ့ဗျာ။ ကိုင်း. . . သည်နေရာမှာထိုင်ကြပြီး ထမင်းဟင်းလည်းရောက်လာပြီ။ ယမကာလေးလည်း ထုံးစံမပျက် နည်းနည်းပါတယ်။

"ကြက်သားဟင်းပန်းကန် လာချပေးပြီးကတည်းက သူတို့မိသားစုဝင်တွေရဲ့ မျက်လုံးက ဟင်းပန်းကန်ကို ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်နဲ့ အကဲခတ်သလိုမျိုးဖြစ်နေကြတာ သတိထားမိတယ်။ ကျွန်တော်ကလည်း သူတို့ဓလေ့ထုံးစံတွေကို သိသင့်သလောက် သိထားပြီးဖြစ်ပေမယ့် အကုန်လုံးတော့ဘယ်သိပါ့မလဲဗျာ။ နောက်မှပြန်သိရတာက ဧည့်သည်တစ်ယောက်ဟာ ကြက်သားဟင်းပန်းကန်ထဲကနေ ခေါင်းပိုင်းကိုအရင်ယူစားသလား၊ ခြေထောက်ကိုပဲ စပြီးဝါးသလား၊ ဒါမှမဟုတ် အသည်းအမြစ်ကိုပဲ စပြီးဖွဲ့သလား၊ အူလား၊ ရင်အုံလား စသည်ဖြင့်ပေါ့ဗျာ။ သူတို့စိတ်ထဲမှာ ရည်ရွယ်ထားတဲ့ အစိတ်အပိုင်းတစ်ခုခုကို ဧည့်သည်ဟာ တိတိပပကြီး စပြီးယူစားလိုက်ပြီဆိုကြပါစို့။ အဲ့ဒီဧည့်သည်ဟာ သူတို့မိသားစုရဲ့ မိတ်ဆွေစစ်မိတ်ဆွေမှန် ဖြစ်သွားပြီ။ ကိုယ်ယူစားတာနဲ့ လွဲနေရင်လည်းတစ်မျိုးပေါ့လေ။ ဧည့်သည်ကိုတော့ ဘာမှပြောမှာမဟုတ်ဘူး။ သူတို့ စိတ်ထဲမှာပဲထားမှာ. . .။

"စားတာတော့ ဟုတ်ပြီ။ ဇွန်းခက်ရင်းလည်း သုံးတဲ့အရပ် မဟုတ်ဘူး။ မသုံးဘူးဆိုတာထက် ရှိကိုမရှိတာ၊ ဘာပဲစားစားတူနဲ့စားကြတာလေ။ ဟင်းနှိုက်တော့လည်း တူနဲ့၊ ထမင်းကို ပန်းကန်လုံးထဲထည့်စားတော့လည်း တူနဲ့ပဲ၊ လက်သုတ်ပဝါမရှိဘူး။ အရိုးထည့်မယ့် ပန်းကန်နိမ်းပေး(မရှိဘူး) ထမင်းရယ်၊ ဟင်းရယ်၊ မုန်ညင်းအရည်သောက်ရယ်၊ ဒါပဲအရက်ကလေးကလည်း နည်းနည်းဝင်သွားပြီဆိုတော့ စကားတွေကလည်း သွက်လာ၊ ဟင်းနှိုက်စားတဲ့လက်တွေကလည်း သွက်လာတယ်။ အိမ်ရှင်ကလည်း ကြက်သားတုံးကို ကောက်ဝါး၊ အရိုးပါလာရင်ဘေးနားက မဟာပထဝီမြေကြီးပေါ်ကို ဖွီးခနဲထွေးချ။ ကျွန်တော်လည်း ယူစား၊ အရိုးပါလာရင် သူတို့လိုပဲ ဖွီးခနဲထွေးချ၊ ကိုယ့်အောက်က မဟာပထဝီမြေကြီးဟာ ကျွန်တော်တို့ထမင်းဝိုင်းအတွက် အလွန်ခံ့ထည်ကြီးမားသော အရိုးထည့်ပန်းကန်ကြီးတစ်ချပ်ပေါ့ဗျာ။ ကြက်သားတစ်အိုးလုံး မကုန်မချင်း ထည့်လိုက်၊ စားလိုက်၊ သူကဖွီးလိုက်၊ ကိုယ်ကဖွီးလိုက်နဲ့ တော်တော်လေးလည်း ကြာလာတော့ ဘေးပတ်ပတ်လည်မှာ အရိုးတွေဖွေးနေပြီ၊ သူဖွီးကိုယ်ဖွီးနဲ့ ဖွီးထားကြတာလေ"။

ကိုတင်မောင်အေးပြောပြသော'ဝ'ဒေသ မိုင်းမောကျေးရွာက ထမင်းဝိုင်းရယ်၊ 'ဝ'အိမ်လေးတွေကို စိတ်ထဲမှာ ကျွန်တော်မြင်ယောင်ကြည့်မိလိုက်ပါသည်။ မြေကြီးပေါ်မှာ သူဖွီးကိုယ်ဖွီး ဖွီးထားကြသော ကြက်ရိုးတွေကို ကျွန်တော် မြင်နေရပါသည်။ ဒါကလွန်ခဲ့သော နှစ်ပေါင်း ၂၂ နှစ်ကျော်က ပုံရိပ်အချို့သာ ဖြစ်ပါလိမ့်မည်။ လက်တွေ့တွင်မူ ယနေ့ မိုင်းမောက တိုက်တာအိမ်ခြေ၊ ဟိုတယ်များနှင့် ဘိန်းအစားထိုးသီးနှံ နှင်းသီး၊ လိုက်ချီး၊ လက်ဖက်စိုက်ခင်းကြီးတွေနှင့်။ သူထမင်းစားခဲ့ဖူးသော မြေစိုက်အိမ်လေးကို ရှာတွေ့ဖို့မလွယ်တော့ပြီ။

→ မြင့်စိုး(နတလ)

**မန္တလေးတိုင်းဒေသကြီး**

# မကြာမီစိမ်းလန်းသာယာလှပလာမည့် မိတ္ထီလာလွင်ပြင်

**နယ်လှည့်သတင်းအဖွဲ့အား လာရောက်ကြိုဆိုနေသည့် ဆည်မြောင်းဌာနမှ စူပါကာစတန်ကားလေးသည် မန္တလေးလမ်း ဟံမြင့်မိုရ်လမ်းခွဲတွင် အရန်သင့်စောင့်နေသည်။ သတင်းအဖွဲ့ရောက်ပြီး ကားလေးသည် ဟံမြင့်မိုရ်-ရှာင် ကားလမ်းအတိုင်းမောင်းလာသည်။ ကားလမ်းဝဲယာတွင် စိမ်းလန်းစိုပြည်သည့် စပါးခင်းများ၊ တသွင်သွင်စီးနေသည့် ရေမြောင်းများကို ဖြတ်သန်းမောင်းနှင်နေသည်။ တစ်မူထူးခြားစွာ ငှက်ပျောစိုက်ခင်းများ၊ ကွမ်းခြံများကို တွေ့ရသည်။ ယခင်က ဤနေရာဒေသသည် စီမံကိန်းဝင် စပါးနှင့်ဝါမှအပ အခြားမည်သည့် သီးနှံမျှ မစိုက်ပျိုးရ၊ ကန့်သတ်နယ်မြေဖြစ်သည်။ ငှက်ပျောခြံနှင့် ကွမ်းခြံများကို တောင်ခြေမျက်ကွယ်များတွင် ခိုးစိုက်ခဲ့ကြရသည်။ ယခုခေတ်ပြောင်းသွားပြီဖြစ်သည်။ တောင်သူလယ်သမားများ ပျော်မဆုံးဖြစ်နေကြသည်။ သတင်းအဖွဲ့စီးလာသော ကားလေးသည် သံရွာတွင်တစ်ထောက်နားသည်။**



တင်လှိုင် (မိတ္ထီလာ)၊ ဓာတ်ပုံ - ကိုသန့်ဇင်

သံရွာဆိုသည်မှာ ဟံမြင့်မိုရ်နှင့် ရှာငံမြို့နယ်အကြား ခရီးတစ်ထောက်နားရာ စံပြရွာကြီးဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာငံမြို့နယ်အကြားရှိ စံပြရွာကြီးဖြစ်သည်။ ရဲစခန်း၊ အထက်တန်းကျောင်း၊ ဈေး၊ ကျေးလက်ဆေးပေးခန်းရှိပြီး သံရွာကျေးရွာအုပ်စုတွင် ကျေးရွာ ၁၃ ရွာပါဝင်သည်။ သံရွာတွင် ယခင်က ရုပ်ရှင်အများဆုံး လာရောက်ရိုက်ဖူးခဲ့သော နယ်ခြားကျေးရွာကြီးဖြစ်သည်။ တောတောင်ရှုခင်းများရှိသည်။ သာယာလှပသော စမ်းချောင်းများရှိသည်။ ရှုခင်းရှုကွက်များရှိပြီး သာယာလှပသော ရွာကြီးတစ်ရွာဖြစ်သည်။ ရုပ်ရှင်သမားများ မျက်စိကျစရာ နေရာဒေသဖြစ်သည်။ ယခုလည်း စိုက်ပျိုးရေးဆေးကြော်ငြာများ မကြာခဏ လာရောက်ရိုက်ကူးနေသည်ဟု သိရသည်။

သံရွာမှာ အိမ်ထောင်စု ၁၀၀၀ ကျော်ရှိပြီး စံပြရွာကြီးဖြစ်သည်။ သံရွာတွင် တောင်သူလယ်သမားအများစုနေထိုင်သော ကျေးရွာကြီးဖြစ်သည်။ တောင်သူလယ်သမားများမှာ စိတ်ကြိုက်သီးနှံလွတ်လပ်စွာ စိုက်ပျိုးခွင့်ရနေသဖြင့် စပါး၊ ငှက်ပျောခြံ၊ ကွမ်းခြံ၊ နနွင်းတက်၊ နှမ်းဖြူ နှမ်းညိုများစိုက်ပျိုးပြီး စီးပွားရေးအထူးအောင်မြင်နေသော ကျေးရွာကြီးတစ်ရွာဖြစ်သည်။ စီးပွားရေးအထူးအောင်မြင်သလို ကျေးရွာလူထုမှာလည်း စည်းလုံးညီညွတ်ကြသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ခရီးတစ်ထောက်နားရာ ကြားစခန်းကျေးရွာကြီးဖြစ်သည်။

သတင်းအဖွဲ့ မြို့ကြီးဆည်သို့ ခရီးဆက်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် ဇော်ဂျီမြစ်စီးဆင်းနေသည်ကို တွေ့ရသည်။ ကားလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး အဆင်းအတက်နည်းကာ မြေပြန့်လွင်ပြင်ဖြစ်သည်။ သံရွာမှ ထွက်လာပြီး ဆင်ခေါင်းတောင်ကိုလည်း တွေ့ရသည်။ ဆင်ကြီးတစ်ကောင်ဝပ်နေသည့် သဏ္ဌာန်ဖြစ်သည်။ အဝေးတောင်ခြေတွင် ဘိလပ်မြေစက်ရုံများမှ မီးခိုးတလူလူဖြင့်တွေ့ရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့ကြီးရွာသို့ နေ့လယ်တွင်ရောက်သည်။ မြို့ကြီးရွာအဝင်တွင် မြို့ကြီးဆည်စီမံကိန်း မုခ်ဦးကိုတွေ့ရသည်။

မြန်မာနိုင်ငံသည် ရေသယံဇာတပေါများသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ ရေလိုသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုနေသည်။

ဤကဲ့သို့ ရေသယံဇာတနှင့် မြေသယံဇာတ အသုံးပြုဆောင်ရွက်ရာတွင် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြို့ကြီးရေလှောင်တမံ စီမံကိန်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် တည်ဆောက်နေသည်။ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရည်ရွယ်ချက်မှာ တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သောရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းနေသော ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ်ထပ်မံထုတ်လွှတ်ရန်၊ သိုလှောင်ပြီး ရေများကိုထိန်းညှိထုတ်လွှတ်ပေး၍ ကျောက်ဆည်ခရိုင်အတွင်းရှိ လက်ရှိဆည်ရေသောက် ဧရိယာ ၈၂၀၀၀ ဧကကို ရေပိုမိုပေးစေနိုင်ရန်နှင့် မိုးနည်းရပ်ဝန်းတွင် ပါဝင်သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းသာယာ စိုပြည်လာစေရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၁၅- ၂၀၁၆ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ ဇော်ဂျီချောင်းကို ပိတ်၍ တည်ဆောက်ခြင်းဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၅၉၅၁၀ ဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံ (ဇုန်အမျိုးအစား) ဖြစ်သည်။ တမံအမြင့်ပေ ၂၅၀ နှင့် အလျား ၂၄၆၁ ပေဖြစ်သည်။ ရေလွှဲဥမင်မှာ အချင်း ၁၈ ပေ (မြင်းခွာပုံသဏ္ဌာန်)ဖြစ်ပြီး အလျား ၁၅၃၅ ပေဖြစ်သည်။ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် (OGEE TYPE) အကျယ် ၂၉၅ ဒသမ ၃ ပေ၊ ရေလွှဲဆည် အမျိုးအစား သံကူကွန်ကရစ် (BROAD CREST) အကျယ် ပေ ၁၆၀၊ မြို့ကြီးမြောင်းမတော် (၁) အလျား ၁၁ ဒသမ ၄ မိုင်၊ မြို့ကြီးမြောင်းမတော်အမှတ်(၂) အလျား ၂၄ မိုင်ဖြစ်ပြီး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ၁၀ နှစ် အကြာ ၂၀၁၅ ခုနှစ်တွင် ဇော်ဂျီချောင်းကို တမံပိတ်ပြီးစီးနေပြီဖြစ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကြီး ပြီးစီးနေပြီဖြစ်၍ ဇော်ဂျီရေလှောင်တမံ အထက်ပိုင်း၌ ကျိုင်းခမ်းရေလှောင်တမံနှစ်ခုမှ သိုလှောင်ရေနှင့် ကြားစီးဆင်းရေ စုစုပေါင်း ပမာဏ ဧကပေ ၁၁၅၀၉၂၀ ခန့်ကို ထိန်းချုပ်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ် ဧရိယာဧက ၈၂၀၀၀ အတွက် ရေပမာဏ ဧကပေ ၇၀၅၃၀၀ နှင့် ကင်းတားလက်ယာမြောင်း၏ ပြောင်းပြာ၊ ငလိုင်းဇင် ရေသောက်ဧရိယာ ဧကပေ ၃၈၃၀၀၊ ရေပမာဏ ဧကပေ ၄၄၅၆၂၀ ထုတ်လွှတ်ပေးရန်နှင့် ကင်းတားဆည် လယ်ယာမြောင်းရေသောက်စနစ် ပေးဝေနေသည့် ရေပမာဏကို မိတ္ထီလာလွင်ပြင်ရှိ မြေဧရိယာ ဧက ၃၀၀၀ ကို လွှဲထုတ်ပေးဝေခြင်းဖြင့် ခြောက်သွေ့နေသည့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး မကြာမီ စိမ်းလန်းစိုပြည်သာယာလှပလာမည်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၃၀ မဂ္ဂါဝပ်၊ ၁၅ မဂ္ဂါဝပ်နှစ်လုံးတပ်ဆင်ပြီး ဓာတ်အားလိုင်း ၃၃ ကေဗွီ× ၂ ထပ်လိုင်း ၁၈ မိုင်ရှည်လျားပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅၇၀ ထုတ်လွှတ်သွားမည်ဖြစ်သည်။ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရေသယံဇာတနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍကိုပါ စွမ်းဆောင်စေသည့်ကဏ္ဍနှစ်မျိုးစလုံးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေလှောင်တမံကြီးဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ရခိုင်ပြည်နယ်**

## သံတွဲမြို့နယ်၌ မြေငှားဂရန်ပေးအပ်

သံတွဲခရိုင် သံတွဲမြို့နယ် ကင်းမော်ကျေးရွာရှိကျေးလက်နေပြည်သူများနေထိုင်သည့် အိမ်ခြံမြေကွက်များကို မြေပိုင်ဆိုင်ကြောင်း အထောက်အထားများရရှိစေရန်အတွက် ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက ကင်းမော်အထက အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က မြေငှားဂရန် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြေငှားဂရန်များကိုခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်ကြရာအိမ်ခြံမြေပိုင်ရှင် ၇၆ ဦးကို မြေငှားဂရန်များထုတ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် အိမ်ပိုင်ရှင်များကို မြေဂရန်များဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေကျင်စုကျေးရွာလုံးကျွတ် ဆိုလာစနစ်ဖြင့်မီးလင်းပြီ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် လေးသစ်ကျေးရွာအုပ်စု ရွှေကျင်စုကျေးရွာ၌ ရွာလုံးကျွတ်ဆိုလာစနစ်ဖြင့်မီးလင်းနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် T&T ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၃ ရက်က မြို့နယ်ကျေးလက် ဦးစီးမှူး ဦးကျော်မျိုးဆင့်၊ T&Tကုမ္ပဏီမှ တာဝန်ရှိသူများသည် ယင်းကျေးရွာရှိ အိမ်ထောင်စု ၄၁ ခုအတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ပေးအပ်ခဲ့ပြီး ကျေးရွာလုံးကျွတ် မီးလင်းနိုင်ပြီဖြစ်သည့်အတွက် ဒေသခံများအဆင်ပြေလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ရုံးအဆောက်အအုံကိုတွေ့ရစဉ်။ (အဆိုပါ အဆောက်အအုံသစ်ကို အောက်တိုဘာလဆန်းပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။) **(တိုင်းဒေသကြီး ပြန်/ဆက်)**

# တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မီးသတ်ဌာနတို့မှ မီးသတ်ယာဉ်နှစ်စီး ထောက်ပံ့ပေးအပ်

မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့က မြင်းမူမြို့နယ်မီးသတ်စခန်းအတွက် မီးသတ်ယာဉ်နှစ်စီး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးသတ်ယာဉ်များ၏ စက်စွမ်းအားပြည့် မီးငြိမ်းသတ်နိုင်မှုကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စမ်းသပ်မောင်းနှင်ခြင်း၊ ရေများ ပက်ဖျန်းခြင်းတို့ကို အောက်တိုဘာ ၉ ရက်က ဆောင်ရွက်ကြရာ မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့က မြင်းမူမြို့နယ်မီးသတ်စခန်းအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မီးသတ်ယာဉ်တစ်စီး၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် သုံးစီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နှစ်စီး စုစုပေါင်း မီးသတ်ယာဉ်ခြောက်စီး ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

**အောင်စိုးပေ (ပြန်/ဆက်)**

**စစ်ကိုင်းတိုင်းဒေသကြီး**

# သနပ်ခါးအလှကုန်များအပြင် တိုင်းရင်းဆေးကုန်ချောထုတ်လုပ်မှု နည်းပညာသင်တန်းများ အရာတော်မြို့တွင် ဖွင့်လှစ်မည်

မုံရွာခရိုင် အရာတော်မြို့နယ် သနပ်ခါးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်းတည်ထောင်ပြီး ပထမဦးဆုံးအကြိမ်အဆင့်မြင့် သနပ်ခါးကုန်ချောထုတ်လုပ်မှုအဆင့်ဆင့် နည်းပညာသင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ စတင်၍ ငါးရက်ကြာ အရာတော်မြို့ရှိအသင်းရုံး၌ကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

"အရာတော်သနပ်ခါးကို ကုန်ကြမ်းအဖြစ် အလုံးအရင်းနဲ့နယ်အသီးသီးကိုတင်ပို့တာ အောင်မြင်နေပြီလို့ ပြောရင်ရပါပြီ။ အဲဒီအောင်မြင်နေတာကို ဆက်ပြီးသနပ်ခါးကို မိတ်ကပ် ပေါင်ဒါနဲ့လိမ်းခြယ်စရာ ကုန်ချောအဖြစ်ထုတ်လုပ်နိုင်၊ ထုတ်လုပ်တတ်ဖို့နည်းပညာမျှဝေသင်ကြားပေးဖို့စီစဉ်နေကြတာပါ။ သိပ္ပံနဲ့နည်းပညာဌာနက ပညာရှင်တွေလာရောက်သင်ကြားပြသနိုင်အောင် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဌာန အကူအညီနဲ့ သင်တန်းကိုဖွင့်လှစ်မှာပါ။ အရာတော် သနပ်ခါးအသင်းဝင်တွေနဲ့အတူ စိတ်ပါဝင်စားတဲ့ဘယ်သူမဆို သင်တန်းတက်နိုင်အောင် စီစဉ်နေပါတယ်။ရန်ကုန်က လာတက်မယ့်သူတွေရှိနေတော့ တည်းခိုနေထိုင်စားသောက်ရေး လိုလေသေးမရှိအောင်အသင်းသူအသင်းသားတွေ ဝိုင်းဝန်းဆောင်ရွက်နေပါတယ်" ဟုအရာတော်သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးထံမှသိရသည်။

သင်တန်းတွင် သနပ်ခါးတုံးအဆင့်မှ အလှကုန်ပစ္စည်းအမယ်အမျိုးမျိုးထုတ်လုပ်နည်းသင်ကြားပေးရာတွင် သန့်စင်မှုဓာတ်ခွဲစစ်ဆေးမှုအဆင့်များအပါအဝင် စျေးကွက်ဝင် ပါကင်ကုန်ချောရရှိသည့် စနစ်များကို အသေးစိတ်တတ်မြောက်အောင် သင်ကြားပေးမည် ဖြစ်ကြောင်းသိရသည်။ ထို့အပြင် သနပ်ခါးမှအလှကုန်ပစ္စည်းများအပြင် သနပ်ခါးအမြစ်ကိုအဓိကထား၍ ထုတ်လုပ်သော သနပ်ခါးဖြင့် တိုင်းရင်းဆေးကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ကိုပါ သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးဝင်းထွန်း - မုံရွာ**



မြိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် တောင်ဘို့ကျေးရွာနေ ပြည်သူများကို သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းကို အောက်တိုဘာလဒုတိယပတ်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ စိန်မြိုင် (မြိုင်)

**မန္တလေးတိုင်းဒေသကြီး**

# ပဲတီစိမ်း မျိုးငါးမျိုးစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲ ညောင်ဦး၌ကျင်းပ




ညောင်ဦးတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ACIAR Project အစီအစဉ်ဖြင့် မိုးသီးနှံ ပဲတီစိမ်း မျိုးငါးမျိုးယှဉ်ပြိုင် စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၉ ရက်က ညောင်ဦးမြို့နယ် ကူရွာကျေးရွာအုပ်စု တောင်ရှေ့ကျေးရွာ တောင်သူ ဦးအောင်ချိန် ကွင်းအမှတ် ၁၅၃၇ ဦးပိုင် အမှတ် ၂၇/၁ စိုက်ကွက်၌ ကျင်းပ ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးနိုင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါ်ခင်ငွေးရီနှင့် စိုက်ပျိုးရေဝန်ထမ်းများ၊ စိုက်ပျိုးရေးသုတေသနအရာရှိ ဒေါ်မာမာချို၊ ခရိုင် ပိုးမွှားတာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံများနှင့် တောင်သူ ၄၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း၊ နည်းပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုသည့် အဓိကလုပ်ငန်းတာဝန်သုံးရပ်ကို အကောင်းအထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ယခုကဲ့သို့ မျိုးငါးမျိုးယှဉ်ပြိုင်ပြသကာ တောင်သူများအနေဖြင့် ဒေသရာသီနှင့် ကိုက်ညီပြီး ကြိုက်နှစ်သက်သောမျိုးကောင်းမျိုးသန့်များကို ကိုယ်တိုင်ရွေးချယ်၍ လေ့လာစိုက်ပျိုးနိုင်ရန် ရည်ရွယ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေးနိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ငွေးရီတို့က စိုက်ပျိုးရေးဦးစီးဌာနနှင့် ACIAR Project တို့ ပူးပေါင်းဆောင်ရွက်သည့် ပဲတီစိမ်းမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို တက်ရောက်လာကြသည့်တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ တောင်သူများကလည်း မိုးပဲတီစိမ်းမျိုးငါးမျိုးနှင့်ပတ်သက်၍ သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ စိုက်ပျိုးရေးသုတေသနအရာရှိ ဒေါ်မာမာချိုက အသေးစိတ်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

**မန္တလေးတိုင်းဒေသကြီး**

# တောင်သမန်ဘိုးဘိုးကြီး နတ်ပွဲတော်အထိမ်းအမှတ် လှေပြိုင်ပွဲကျင်းပ

နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေး အမရပူရမြို့နယ်ရှိ တောင်သမန်ကျေးရွာ တောင်သမန်ဘိုးဘိုးကြီး နတ်ပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၈ ရက်က တောင်သမန်အင်းကန်၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆီမီးထွန်းရွာမှ ပြန်လာပြီ ဗိုလ်မင်းနိုင်အသင်းနှင့် နွားနို့စု-ရွာသစ်ကျေးရွာမှ "မ"-ချစ်တဲ့မောင်လေး(က) အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်လှော်ခတ်ကြရာ ပြန်လာပြီ ဗိုလ်မင်းနိုင် အသင်းက နှစ်လားပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး "မ" ချစ်တဲ့ မောင်လေး(က) အသင်းကဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပြိုင်ပွဲဝင် "မ"ချစ်တဲ့မောင်လေး (ခ) အသင်းက တတိယရရှိသွားကာပြိုင်ပွဲဝင် လှေအသင်း ၁၂ သင်း ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုချီးမြှင့်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ တောင်သမန်သစ္စာကုမ္ပဏီမှ တာဝန်ရှိသူတို့က ပထမဆု ငွေကျပ် သုံးသိန်းခြောက်သောင်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းခြောက်သောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းခြောက်သောင်းနှင့် နှစ်သိမ့်ဆုရ လှေအသင်းလေးသင်းကို ငွေကျပ်ခြောက်သောင်းစီ ချီးမြှင့်ခဲ့သည်။

အဆိုပါ အမရပူရမြို့နယ် တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲတော်ကို တော်သလင်းလပြည့်ကျော် ၂ ရက်မှ ၁၀ ရက်အထိ နှစ်စဉ်ကျင်းပလျက်ရှိရာ လပြည့်ကျော် ၂ ရက်တွင် နတ်ကြီးပင့်ကာ လပြည့်ကျော် ၃ ရက်တွင် တောင်သမန်အင်းအလယ်၌ အစဉ်အလာမပျက်ဖောင်လှည့်ချီး ရေတော်သုံး၍ လပြည့်ကျော် ၄ ရက်မှ ၉ ရက်အထိ တက်ပွဲများကျင်းပကာ လပြည့်ကျော် ၁၀ ရက်တွင် ထိန်ခုတ်နှင့် ထန်းချိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။



ပွဲတော်ကာလရောက်ချိန်၌ အဝေးဒေသတွင် ရောက်ရှိနေကြသော တောင်သမန်အင်းသားများသည် မိမိဒေသနေရပ်သို့ ပြန်လည်လာရောက်ကာ တောင်သမန် ဘိုးဘိုးကြီး နတ်ပွဲတော်ကို ပါဝင်ပူဇော်ပသကြပြီး ဆုမွန်ကောင်းတောင်းခြင်းဖြင့် စီးပွားတက်၍ ဆုတောင်းပြည့်ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

လှေပြိုင်ပွဲတွင် တောင်သမန်အင်းဒေသ၌ အသက်မွေးဝမ်းကျောင်းပြုနေသည့် တောင်သူလယ်သမားများ၊ တံငါသည်များ၊ ဒေသခံ လူငယ်လူရွယ်များပါဝင်သော လှေအသင်း ၁၂ သင်းတို့က သမ္ဗန်လှေ အတက်တို့ဖြင့် လှေပွဲကိုလပြည့်ကျော် ၆ ရက်မှ ၁၀ ရက်အထိ တောင်သမန်အင်းကန်အတွင်း အစဉ်အလာမပျက် လှော်ခတ်ယှဉ်ပြိုင်ကြရာ ကြည့်ရှုအားပေးကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားခဲ့ပေသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့၏ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ပုလဲသွယ်စပ်မျိုး မိုးစပါး စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က လွယ်ဆောင်ကျေးရွာအုပ်စု ဘာထန်ကျေးရွာ တောင်သူ ဦးယားပါရှဲ၏ မိုးစပါးစံပြ စိုက်ခင်းသုံးဧက၌ ကျင်းပစဉ်။** (အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယုမောင်က စံကွက်ရိတ်သိမ်းမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း စပါးအစို ၁၉၅ တင်း ထွက်ရှိကြောင်း သိရသည်။)

**အောင်လွင်(ပြန်/ဆက်)**

**ရှမ်းပြည်နယ်**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထွန်စက်ငါးစီး လွှဲပြောင်းပေးအပ်

နိုင်ငံတော်သမ္မတ၏ အင်းလေးဒေသခရီးစဉ်အတွင်း လမ်းညွှန်ချက်အရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထွန်စက်ငါးစီးလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူနှင့် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက ထွန်စက်ငါးစီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းအောင်နှင့် ဦးအောင်ကြည်ဝင်းတို့က လက်ခံခဲ့ကြောင်း သိရသည်။


**မြတ်သူ(ညောင်ရွှေ)**



# အဖြေရှာနေကြတဲ့ ဘာစီလိုနာနဲ့သူ၏ပုစ္ဆာ

ဝေမိုးဆက်

**ဒီရာသီစပိန်လာလီဂါမှာ ဘာစီလိုနာရဲ့အဖြစ်က နည်းနည်းမက အဆန်းတကြယ်နိုင်တယ်။ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်(၇)မှာ ဆီဗီလာကို ရှုံးတယ်။ အဲဒီမတိုင်ခင် ပွဲစဉ်(၆)မှာကျတော့ တန်းတက် လက်ပ်ပဲမက်စ်ကိုတောင် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရအောင် မနည်းရုန်းကန်ခဲ့ရပြီး အဲဒီပွဲမတိုင်ခင် ပွဲစဉ်(၅)မှာတုန်းကလည်း ဆယ်တာဗီဂိုကို လေးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်ရှုံးတယ်ဆိုတော့ ဒီရာသီစပိန်လာလီဂါမှာ ဘာစီလိုနာရဲ့ ကယိမ်းကပါးနိုင်မှုက ထင်သာမြင်သာဖြစ်လာတဲ့အပြင် အဲဒါဟာ ဘာကြောင့် ဖြစ်တည်သလဲဆိုတာ တွေးဆစရာလည်းဖြစ်လာရတယ်။**







ဘာစီလိုနာတိုက်စစ်က အဆင့်မီ အရန်အင်အား မရှိသေးသလို အခုလို မက်ဆီ ဒဏ်ရာ ရသွားချိန်မှာ တည်ငြိမ်မှုကို ဆက်ထိန်းဖို့ခက်

ပြောမယ်ဆိုရင်ပေါ့။ ဘာစီလိုနာရဲ့ အဲဒီဖြစ်စဉ်အပေါ် တချို့က မက်ဆီရဲ့ ဒဏ်ရာပြဿနာကြောင့်ပါလို့ အကောက်အယူလုပ်ထောက်ပြကြတယ်။ တချို့ကလည်း ဘာစီလိုနာရဲ့ အဲဒီအဖြစ်အပျက်ဟာ အပြောင်းအရွှေ့ဈေးကွက် ပိတ်ပင်ခံရမှုကြောင့်ပါလို့ ထောက်ပြသုံးသပ်ကြတယ်။ ဒါပေမယ့် ကျွမ်းကျင်သူအများစုကတော့ ဘာစီလိုနာရဲ့ ဒီဖြစ်စဉ်ဟာ မက်ဆီဒဏ်ရာရရှိမှု ပြီးတော့ အပြောင်းအရွှေ့ဈေးကွက် ပိတ်ပင်ခံရမှုတွေဟာ လက်ရှိဘာစီလိုနာရဲ့ ပျက်ယွင်းမှုနဲ့ ပတ်သက်ဆက်နွှယ်တယ်ဆိုသော်ငြား အခြေခံကတော့ ဘာတိုမြူဦးဆောင်တဲ့ ဘုတ်အဖွဲ့အပေါ်မှာသာ တည်မှီတယ်လို့ ဆိုကြတယ်။

အထူးသဖြင့်ပေါ့။ ဘာစီလိုနာဟာ ဒီရာသီမှာ အပြောင်းအရွှေ့ဈေးကွက် ပိတ်ပင်ခံရမှုကြောင့် ကစားသမားသစ် ပေါင်းထုပ်ထည့်သွင်းနိုင်မှုမရှိဘူး။ အက်သလက်တီကို ကွင်းလယ်လူ တူရန်နဲ့ ဆီဗီလာ ခံစစ်မှူး အဲလက်စ်ဗီဒဲလ်တို့ကို ယူရို သန်း ၅၀ ကျော် အကုန်အကျခံခေါ်ယူခဲ့တယ်ဆိုသော်ငြား အပြောင်းအရွှေ့ဈေးကွက် ပိတ်ပင်ခံထားရမှုအရ အဆိုပါ ကစားသမားသစ်တွေကို ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အထိ သုံးစွဲခွင့်မရှိဘူး။ ဒါကြောင့် ဘာစီလိုနာဟာ အသင်းကို တိုးတက်ရာ တိုးတက်ကြောင်း ဖန်တီးနိုင်ခွင့်မရှိသလို မက်ဆီလို အဓိက ဦးဆောင်ဘောလုံးသမားတစ်ဦး ဒဏ်ရာရှိခဲ့မှုဟာလည်း အသင်းရဲ့ဟန်ချက်ကို အနည်းနဲ့အများ ထိခိုက်မှုရှိတယ်ဆိုတော့ အပြောင်းအရွှေ့ဈေးကွက် ပိတ်ပင်ခံရမှုနဲ့ မက်ဆီရဲ့ဒဏ်ရာပြဿနာဟာ လက်ရှိဘာစီလိုနာရဲ့ ပျက်ယွင်းမှုနဲ့ ပတ်သက်ဆက်နွှယ်မှုရှိပါတယ်လို့ ဆိုခြင်းဟာ အမှန်နဲ့နီးစပ်သော်ငြား လက်တွေ့မှာ အဲဒီထက်ပိုပြီး နက်နဲနိုင်ပါတယ်လို့ ကျွမ်းကျင်သူတွေက ယူဆလက်ခံကြတာပဲဖြစ်တယ်။

ပြောမယ်ဆိုရင်ပေါ့။ ဘာစီလိုနာဟာ သာမန်အသင်းတစ်သင်းမဟုတ်ဘူး။ သူတို့မှာ နေမာ၊ ဆွာရက်ဇ်၊ အင်နီယေစတာ၊ မက်ဆီ၊ ရာကီတစ်၊ ပီကေး၊ မာရှေယာနိုတို့လို ကမ္ဘာ့အဆင့်ကစားသမား အများအပြားရှိတယ်။ ပြီးတော့ ဘာစီလိုနာမှာ ပြိုင်ဘက်တိုင်းကို စိုးမိုးဖိအားပေးနိုင်ပြီး နားလည်မှုပြည့်ဝကာ အသားကျပြီး ထက်မြက်တဲ့ကစားဟန်ရှိတယ်။ မနှစ်ကဆိုရင် အဲဒီကစားသမားအင်အား၊ အဲဒီကစားဟန်နဲ့ပဲ စပိန်လာလီဂါဆုဖလား၊ စပိန်ဘုရင့်ဖလားနဲ့ ချန်ပီယံလိဂ်ဆု သုံးလုံးစလုံးကို တစ်ပြိုင်နက် သိမ်းပိုက်ပြခဲ့တာဆိုတော့။ အဲဒီလိုအသင်းတစ်သင်းဟာ အခုလောက်အထိ ယိုင်နဲ့သွားခြင်းရဲ့နောက်မှာ မက်ဆီဒဏ်ရာရမှု၊ အပြောင်းအရွှေ့ဈေးကွက် ပိတ်ပင်ခံရမှုဆိုတဲ့အချက်တွေထက်ပိုပြီး နက်နဲတဲ့အကြောင်းတရားတစ်ခု ရှိကိုရှိနိုင်တယ်ဆိုပြီး ကောက်ချက်ဆွဲထောက်ပြကြတယ်။

အထူးသဖြင့်ပေါ့။ ဒီနွေဈေးကွက်တုန်းက ဘာစီလိုနာဟာ အက်သလက်တီကို ကွင်းလယ်ကစားသမား အာဒါတူရန်ကိုခေါ်တယ်။ အဲဒီလိုခေါ်ယူချိန်မှာ ဘာစီလိုနာရဲ့ ဥက္ကဋ္ဌ ရွေးကောက်ပွဲမကျင်းပရသေးဘူး။ အဲဒီလိုအခြေအနေမှာ ဘာစီလိုနာက အက်သလက်တီကိုရဲ့ အာဒါတူရန်ကို ခေါ်ယူရာမှာ ဥက္ကဋ္ဌရွေးကောက်ပွဲကနေ အနိုင်ရတဲ့ ဥက္ကဋ္ဌကသာ အာဒါတူရန်ရဲ့အပြောင်းအရွှေ့ကို သဘောမကျရင် တူရန်ကို အက်သလက်တီကိုဆီ ပြန်ပို့နိုင်မယ်ဆိုတဲ့ သဘောတူညီမှုကို အရယူတယ်ဆိုတော့ ဘာစီလိုနာမှာ အပြောင်းအရွှေ့ကိစ္စရပ်တွေဟာ နည်းပြအန်နရီကေး စိတ်တိုင်းကျဖြစ်တည်မှုတွေလား။ ဒါမှမဟုတ် ဥက္ကဋ္ဌ ဘာတိုမြူဦးဆောင်တဲ့ ဘုတ်အဖွဲ့ရဲ့ ချုပ်ကိုင်မှုအောက်မှာ ရှိသလားဆိုတာက မေးခွန်းတစ်ခုလိုဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ အဲဒီတူရန်ရဲ့ အပြောင်းအရွှေ့ကိစ္စမှာ ဥက္ကဋ္ဌသစ်ရွေးကောက်တင်မြှောက်ပွဲ မတိုင်ခင် ဥက္ကဋ္ဌသစ် ဘယ်သူပဲဖြစ်ဖြစ် တူရန်ကို အက်သလက်တီကိုဆီ ပြန်မပို့ဘူးဆိုတဲ့သဘောတူညီမှု ပြန်ယူခဲ့သလို ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပွဲမှာလည်း ဘာတိုမြူနိုင်ခဲ့တာဆိုတော့ အသေအချာတွေးရင် ဘာစီလိုနာရဲ့အပြောင်းအရွှေ့ကိစ္စတွေဟာ ဥက္ကဋ္ဌ ဘာတိုမြူဦးဆောင်တဲ့ ဘုတ်အဖွဲ့ရဲ့ထိန်းချုပ်မှုအောက်မှာ အနည်းနဲ့အများရှိကို ရှိနိုင်တယ်လို့ အကောက်အယူလုပ်ကြသလို အဲဒီအချက်ကပဲ ဘာစီလိုနာကို ကျဆင်းစေတာဖြစ်တယ်လို့ ကောက်ချက်ဆွဲကြတာပဲဖြစ်တယ်။

အထူးသဖြင့်ပေါ့။ ဒီနွေဈေးကွက်မှာ ဘာစီလိုနာဟာ ဆိုခဲ့ပြီးတဲ့အတိုင်း အပြောင်းအရွှေ့ဈေးကွက်ပိတ်ပင်ခံရတယ်။ ဒါပေမယ့် အဲဒီကြားကမှ ဇာဗီနဲ့ အဖယ်လေတို့ကို အသင်းကနေထွက်ခွင့်ပေးတယ်။ မွန်တိုရာနဲ့ အဲလက်စ်ဆောင်းတို့ကို အငှားထပ်ချတယ်။ ဂျူလိုဖြူ ပက်ဒရိုတို့ကို ရောင်းထုတ်တယ်။ အရှင်းဆုံးပြောရရင် ကစားသမားအဝင်မရှိချိန်မှာ အဲဒီလိုကစားသမား အများအပြားကို ဆုံးရှုံးစေခဲ့ရမှုဟာ လက်ရှိဘာစီလိုနာရဲ့ ပျက်ယွင်းမှုအတွက် အခြေခံအကြောင်းတရားပဲဖြစ်တယ်လို့ ကောက်ချက်ဆွဲကြတာပဲဖြစ်တယ်။ ပြောချင်တာက ပက်ဒရို၊ ဇာဗီ၊ မွန်တိုရာတို့လို အသင်းကနေထွက်ခွာသွားတဲ့ ကစားသမားတွေဟာ အသင်းရဲ့ အဓိကကစားသမားတွေမဟုတ်ဘူးဆို သော်ငြားသူတို့ဟာ အဆင့်မီအရန်အင်အားစုတွေဖြစ်တယ်။ ပက်ဒရိုဆိုရင် ဆွာရက်ဇ်၊ နေမာ၊ မက်ဆီတို့ရှိနေလို့သာ ဘာစီလိုနာမှာ နေရာတစ်နေရာ ပိုင်ပိုင်နိုင်နိုင်မရခဲ့တာဖြစ်ပြီး သူဟာ ထိပ်တန်းအဆင့်ကစားသမားတစ်ဦးဆိုတာ ချယ်လ်ဆီးမှာ လက်ရှိကစားနေတဲ့ ခြေရည်ခြေသွေးကိုကြည့်ရုံနဲ့တင် သိသာထင်ရှားတယ်။

ပြောမယ်ဆိုရင်ပေါ့။ ပက်ဒရိုဟာ ချယ်လ်ဆီးကို မပြောင်းခင်ကလေးမှာတင် ဘာစီလိုနာကို ဥရောပစူပါဖလား ယူပေးခဲ့သူဖြစ်တယ်။ ဆီဗီလာနဲ့ ကစားခဲ့ရတဲ့ အဲဒီပွဲမှာ ပက်ဒရိုဟာ အချိန်ပိုရောက်မှ လူစားဝင်ကစားခွင့်ရခဲ့တာဖြစ်ပေမယ့် အဲဒီအချိန်ပိုအတွင်းမှာ အနိုင်ဂိုးသွင်းပေးခဲ့တာ။ ပြီးတော့ မနှစ်က ရာသီတုန်းကလည်း ပက်ဒရိုဟာ ဘာစီလိုနာမှာ ပြိုင်ပွဲအရပ်ရပ် မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ပြီးရင် စတုတ္ထမြောက် ဂိုးအများဆုံးသွင်းပေးခဲ့တဲ့ကစားသမား။ ဒါကြောင့်လည်း အန်နရီကေးက ပက်ဒရိုကို ဘာစီလိုနာမှာ ဆက်ရှိစေချင်ပါတယ်လို့ဆိုခဲ့တဲ့ကြားက ပက်ဒရိုကို ရောင်းထုတ်ခဲ့တော့ အားဖြည့်ဝင်ရောက်သူလည်း မရှိတဲ့အခါ ဘာစီလိုနာတိုက်စစ်က အဆင့်မီ အရန်အင်အားမရှိသေးသလို အခုလို မက်ဆီ ဒဏ်ရာရသွားချိန်မှာ တည်ငြိမ်မှုကို ဆက်ထိန်းဖို့ခက်သွားရတာပဲဖြစ်တယ်လို့တောင် ထောက်ပြကြတယ်။

ပြောရရင်။ ဇာဗီ၊ မွန်တိုရာတို့လည်း ဒီအတိုင်းပဲ။ အထူးသဖြင့် အပြောင်းအရွှေ့ဈေးကွက် ပိတ်ပင်ခံထားရလို့ ကစားသမားသစ် သုံးစွဲခွင့်မရှိတဲ့ ဒီလိုကာလမှာ အဲဒီလို ကစားသမားမျိုးတွေကို ဆက်ထိန်းသင့်ခဲ့ပေမယ့် ဆက်မထိန်းခဲ့တော့ အခုအင်နီယေစတာ ဒဏ်ရာရသွားချိန်မှာ ကွင်းလယ်ကိုဝင်ထိန်းပေးမယ့်သူ မရှိဖြစ်သွားတယ်။ မနှစ်က ဇာဗီရှိနေတော့ အင်နီယေစတာ၊ ဘက်စကွက်၊ ရာကီတစ်တို့နဲ့ အထိုင်ချတဲ့ကွင်းလယ်မှာ ဇာဗီနဲ့ အစားထိုး အပြောင်းအလဲလုပ်နိုင်တယ်။ ဒဏ်ရာရလို့ပဲဖြစ်ဖြစ်၊ အနားပေးလို့ပဲဖြစ်ဖြစ်၊ ဇာဗီနဲ့ ပြောင်းလဲသုံးစွဲနိုင်တယ်။ ဒီတော့ မာရှေယာနိုကို ခံစစ်မှာ ပုံသေသုံးနိုင်တဲ့အခါ ခံစစ်ကလည်း လုံသွားတယ်။ ဒါပေမယ့် အခုဇာဗီ မရှိတော့ ဆိုခဲ့ပြီးတဲ့အတိုင်း ကွင်းလယ်မှာ အစားထိုးအပြောင်းအလဲ လုပ်ဖို့ ခက်သွားတယ်။ အင်နီယေစတာ မပါဝင်နိုင်တဲ့အတွက် မာရှေယာနိုကို ကွင်းလယ်မှာ ပြန်သုံးတော့ ခံစစ်ကမလုံဘဲ ဆီဗီလာကိုရှုံးတယ်။ ရာကီတစ်ကို အနားပေးလိုတဲ့အခါ ဆာဂျီယို ရော်ဘတ်တို့ကို ထည့်သုံးပြန်တော့လည်း ကွင်းလယ်က သိသိသာသာကျပြီး ဆယ်တာဗီဂိုကို ဂိုးပြတ်ရှုံးတယ်။

တကယ်တော့။ ဇာဗီက နဂိုကတည်းက ရာသီမကုန်မီ ဘာစီလိုနာကထွက်မယ်လို့ အတိအလင်းပြောခဲ့တာကြောင့် ဇာဗီကိုအသင်းမှာ ဆက်မထိန်းနိုင်ခဲ့ခြင်းက ဘာစီလိုနာဘုတ်အဖွဲ့ရဲ့အပြစ်လို့ မဆိုနိုင်သော်ငြား ဝက်စ်ဟမ်းကနေ ပြန်ရောက်လာတဲ့ အဲလက်စ်ဆောင်းကို ဆက်မထိန်းထားဘဲ အငှားပြန်ချလိုက်တာကျတော့ ကစားသမားသစ်သုံးစွဲခွင့်မရှိတဲ့အချိန်မှာ အမှားတစ်ခုလိုဖြစ်သွားတယ်။ ပြောရရင်တော့ အဲလက်စ်ဆောင်းဟာ ထိပ်တန်းအဆင့်လို့ မဆိုနိုင်သော်ငြား သမ္ဘာရှိတယ်။ အရှင်းဆုံးပြောရရင် အခုလို အင်နီယေစတာ ဒဏ်ရာရသွားချိန်မှာရော အဓိက ကစားသမားတွေကို အနားပေးလိုတဲ့အခါမှာ ဘာစီလိုနာကွင်းလယ်အတွက် အဲလက်စ်ဆောင်းဟာ အားကိုးရနိုင်သူတစ်ဦးဆိုတော့။

အခုလာလီဂါမှာ ဘာစီလိုနာပျက်တယ်။ ဒါဟာ မက်ဆီကြောင့်လား အပြောင်းအရွှေ့ဈေးကွက်အပိတ်ခံရမှုကြောင့်လား။ အဓိကကတော့ ကစားသမားသစ်သုံးစွဲခွင့်မရှိချိန်မှာ အသင်းရဲ့ အရန်အင်အားကိုပါ လျှော့ချခဲ့တဲ့ အပြောင်းအရွှေ့ကိစ္စတွေကရော အန်နရီကေး စိတ်ကြိုက်လား၊ ဘာတိုမြူဦးဆောင်တဲ့ ဘုတ်အဖွဲ့ရဲ့ချုပ်ကိုင်မှုအောက်မှာလား။ သေချာတာကတော့ ဘာစီလိုနာဟာ အမှားပြင်နိုင်ဖို့ တူရန်ကစားခွင့်ရရေး အားကစားဖျန်ဖြေရေးတရားရုံးအထိ ဦးတည်နေရပြီဆိုတာပဲဖြစ်တယ်။ ။




# ကစားသမားဘဝ ကုန်ဆုံးချိန်အထိ ရီးရဲတွင် ရော်နယ်ဒို ဆက်ကစားဖြစ်လိမ့်မည်ဟု အန်ဆယ်လော့တီ ပြောဆို

ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုသည် သူ၏ ကစားသမားဘဝ ကုန်ဆုံးချိန်အထိ ရီးရဲမက်ဒရစ်တွင် ပါဝင်ကစားသွားရန် ရည်မှန်းထားကြောင်း ရီးရဲအသင်းနည်းပြဟောင်း ကားလော့စ်အန်ဆယ်လော့တီက ထုတ်ဖော် ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် မန်ယူ၊ ပီအက်စ်ဂျီအသင်းတို့၏ ခေါ်ယူရန် ဆက်သွယ်မှု ခံခဲ့ရသူ ပေါ်တူဂီကစားသမား ရော်နယ်ဒို (၃၀နှစ်)နှင့် ရီးရဲမက်ဒရစ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ် ဇွန်လတွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ရီးရဲမက်ဒရစ်အသင်းတွင် ရော်နယ်ဒိုနှင့် လက်တွဲခဲ့ဖူးသူ အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီက "ရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်အသင်းရဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်ထားတဲ့ ရီးရဲတိုက်စစ်မှူးဟောင်း ရာအူးလ်ရဲ့ သွင်းဂိုးပမာဏနဲ့ တူညီနေပြီမို့ သူဟာ ရီးရဲအသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ဖို့ အခွင့်အရေးရှိနေသူပါ။ သူဟာ ရီးရဲမက်ဒရစ်ကနေထွက်ခွာသွားလိမ့်မယ်လို့ကျွန်တော်မထင်ပါဘူး။ ရော်နယ်ဒိုက သူ့ရဲ့ ကစားသမားဘဝ ကုန်ဆုံးချိန်အထိ ရီးရဲမက်ဒရစ်မှာပဲ ဆက်ကစားဖြစ်ပါလိမ့်မယ်။ ရီးရဲမက်ဒရစ်အသင်းမှာ ရှိတဲ့လူတိုင်းကလည်း ရော်နယ်ဒိုကို ချစ်ခင်ကြပါတယ်"ဟု ပြောဆိုခဲ့သည်။

မန်ယူကစားသမားဟောင်း ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ် အသင်းအတွက် စုစုပေါင်း ၃၂၃ ဂိုးသွင်းယူထားပြီး ရီးရဲမက်ဒရစ် အသင်း သမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူ ရာအူးလ်၏ စံချိန်နှင့် တူညီနေသူဖြစ်သည်။ ၂၀၁၅ ခုနှစ် မေလ ၂၅ ရက်တွင် ရီးရဲမက်ဒရစ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသူ နည်းပြအန်ဆယ်လော့တီက အင်္ဂလန်ပရီမီယာလိဂ် ပြိုင်ပွဲသည် သူသွားရောက်တာဝန်ထမ်းဆောင်ဖြစ်ဖွယ်ရှိသည့် နေရာဖြစ်လာနိုင်ကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

လာမည့် ၂၀၁၆ ခုနှစ်တွင် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာရန် ရည်မှန်း ထားသူ အန်ဆယ်လော့တီသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပရီမီယာလိဂ် ကလပ် ချယ်လ်ဆီးအသင်းမန်နေဂျာအဖြစ် တာဝန်ယူခဲ့ဖူးပြီး ချယ်လ်ဆီးနှင့်အတူ ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကိုတစ်ကြိမ်စီ ရယူနိုင်ခဲ့သူဖြစ်သည်။

| စပိန်လီဂါပွဲစဉ်(၈) | | | |
|---|---|---|---|
| **စနေနေ့ (၁၇-၁၀-၁၅)** | | | |
| ည ၈း၃၀ | ရီးရဲ | - | လီဗန်တေး |
| ည ၁၀း၄၅ | အီဘာ | - | ဆီဗီလာ |
| နံနက် ၁း၀၀ (တနင်္ဂနွေနံနက်) | ဘာစီလိုနာ | - | ဗယ်လက်ကာနို |
| နံနက် ၂း၃၀ (တနင်္ဂနွေနံနက်) | ဗလင်စီယာ | - | မာလာဂါ |
| နံနက် ၂း၃၅ (တနင်္ဂနွေနံနက်) | ဘက်တစ် | - | အက်စ်ပန်ညို |
| **တနင်္ဂနွေနေ့ (၁၈-၁၀-၁၅)** | | | |
| ညနေ ၄း၃၀ | ဗီလာရီးရဲ | - | ဆယ်တာဗီဂို |
| ည ၈း၃၀ | ဆိုစီဒက် | - | အက်သလက် |
| ည ၁၀း၄၅ | ဂီတာဖေး | - | လက်ပဲလ်မတ်စ် |
| နံနက် ၁း၀၀ (တနင်္လာနံနက်) | ဒီပိုတီဗို | - | ဘီဘာအို |
| **တနင်္လာနေ့ (၁၉-၁၀-၁၅)** | | | |
| နံနက် ၁း၀၀ (အင်္ဂါနံနက်) | ဂီဂျွန် | - | ဂရန်နာဒါ |

## ဒေါ့မွန်အသင်းမှ ကစားသမားများကို ခေါ်ယူရန်မရှိဟု လီဗာပူးမန်နေဂျာ ဂျာဂျင်ကလော့ ပြောဆို

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်း မန်နေဂျာသစ် ဂျာဂျင်ကလော့ က လီဗာပူးအသင်းထံသို့ သူ၏ အသင်းဟောင်း ဒေါ့မွန်အသင်းထံမှ ကစားသမားများ ခေါ်ယူသွားရန် ရည်မှန်းထားခြင်းမရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၄၈ နှစ်အရွယ်ရှိ ဂျာမနီလူမျိုးနည်းပြ ဂျာဂျင်ကလော့သည် ပြီးခဲ့သည့် အောက်တိုဘာ ၈ ရက်တွင် လီဗာပူးအသင်းမန်နေဂျာအဖြစ် သုံးနှစ်သက်တမ်းရှိ စာချုပ်ဖြင့် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ မန်နေဂျာ ဂျာဂျင်ကလော့သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ် မေလအထိ ဒေါ့မွန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

"ဒေါ့မွန်အသင်း ကစားသမားတွေကို လီဗာပူးအသင်းဆီခေါ်ယူဖို့ ကျွန်တော် လုံးဝစဉ်းစားထားမှုမရှိပါဘူး"ဟု မန်နေဂျာ ဂျာဂျင်ကလော့က ဂျာမနီသတင်းစာ Bild နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးအစီအစဉ်တွင် ပြောဆိုခဲ့သည်။

လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်း ကစားသမားသစ် ခေါ်ယူရေး စီစဉ်ထားမှု ရှိမရှိ မေးမြန်းမှုကို မန်နေဂျာ ဂျာဂျင်ကလော့က "လက်ရှိအချိန်မှာ ဒီကိစ္စကို ကျွန်တော် စိတ်ဝင်စားမှု မရှိသေးပါဘူး။ အခုမှ အောက်တိုဘာလပဲရှိပါသေးတယ်။ ဆောင်းရာသီအားလပ်ရက်မတိုင်ခင် လီဗာပူးအသင်း ကစားရမယ့်ပွဲ ဘယ်လောက်ကျန်ရှိနေသေးတယ်ဆိုတာကို ကျွန်တော် မသိသေးဘူး။ ဒါပေမယ့် ပွဲက နည်းနည်းပဲ ကျန်မှာပါ။ လက်ရှိလီဗာပူးကစားသမားတွေအပေါ်မှာပဲ ကျွန်တော် လေ့လာအသုံးပြုသွားမှာဖြစ်ပါတယ်"ဟု ဖြေဆိုသွားသည်။ မန်နေဂျာ ဂျာဂျင်ကလော့သည် လီဗာပူးအသင်း၏ ပထမဆုံးပွဲအဖြစ် အောက်တိုဘာ ၁၇ ရက်တွင် စပါးအသင်းနှင့် ပရီမီယာလိဂ် အဝေးကွင်းပွဲ၌ စတင်တာဝန်ယူရမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပွဲစဉ် (၈)ကစားပြီးချိန်တွင် ရမှတ် ၁၂မှတ် ရရှိထားပြီး အမှတ်ပေးဇယား၏ အဆင့် ၁၀ နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

ဘရာဇီးအသင်းက ချီလီ၊ ဗင်နီဇွဲလားအသင်းတို့နှင့် ကစားခဲ့သော ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲများကို ဒဏ်ရာပြဿနာကြောင့်လွဲချော်ခဲ့ရသူ လီဗာပူးအသင်း ကွင်းလယ်ကစားသမား ကော်တင်ညိုသည် ပြီးခဲ့သည့် တနင်္လာနေ့တွင် ပြုလုပ်ခဲ့သော လီဗာပူးအသင်း၏ လေ့ကျင့်မှုအစီအစဉ် ပြန်လည် ပါဝင်လာခဲ့ခြင်းကြောင့် မန်နေဂျာ ဂျာဂျင်ကလော့အနေဖြင့် ကော်တင်ညိုအား စပါးနှင့်ပွဲတွင် ထည့်သွင်းအသုံးပြုနိုင်ဖွယ်ရှိနေသည်ဟု ဆိုသည်။

# မက်ဆီသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အကောင်းဆုံးကစားသမားဟု ပီလီမှတ်ချက်ပြု

ဘရာဇီးဂန္ထဝင်ကစားသမားကြီး ပီလီက အာဂျင်တီးနားနှင့် ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အကောင်းဆုံးကစားသမားဖြစ်ကြောင်း ချီးကျူးပြောဆိုလိုက်သည်။ ဆက်လက်၍ ပီလီ(၇၄နှစ်)က မက်ဆီ၏ ဘာစီလိုနာအသင်းဖော် ဘရာဇီးတိုက်စစ်မှူး နေမာနှင့် ရီးရဲမက်ဒရစ်တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုတို့ကိုလည်း ချီးကျူးစကား ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေစဉ် ပြုလုပ်ခဲ့သော အင်တာဗျူးအစီအစဉ်တစ်ခု၌ ပီလီက "မတူညီတဲ့ မျိုးဆက်တွေရဲ့ ကစားသမားတွေနဲ့ နှိုင်းယှဉ်ဖို့ဆိုတာက အလွန်ခက်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဆယ်စုနှစ် တစ်ခုတာအတွင်းမှာတော့ မက်ဆီက အကောင်းဆုံးကစားသမားပါ။ ခရစ္စတီယာနိုရော်နယ်ဒိုက တိုက်စစ်မှာ ကစားပြီး ဂိုးတွေသွင်းယူဖို့ ကြိုးစားချိန်မှာ မက်ဆီက ရော်နယ်ဒိုနဲ့ မတူညီတဲ့ ကစားပုံမျိုးနဲ့ ကစားနေခဲ့ပါတယ်။ ကျွန်တော်သာ အသင်းတစ်သင်းရဲ့ နည်းပြဆိုရင် မက်ဆီရော ရော်နယ်ဒိုကိုပါ ကျွန်တော့် အသင်းမှာ ရှိစေချင်ပါတယ်။ နောက်ပြီး အနာဂတ်မှာ အောင်မြင်မှုတွေရရှိဖို့ အလားအလာရှိနေတဲ့ နေမာကိုလည်း ကျွန်တော့် အသင်းမှာ ရှိစေချင်တယ်" ဟု ပြောသွားသည်။

ဆက်လက်၍ ပီလီက "မျက်မှောက်ခေတ် ဘောလုံးလောကက အရင်ကာလနဲ့ နှိုင်းယှဉ်ရန် ပိုမိုခက်ခဲလာတယ်ဆိုတာကို ဝန်ခံပါတယ်။ ဒါပေမယ့် ကစားသမားတစ်ဦးဟာ ကောင်းမွန်တဲ့ ဘောလုံးစွမ်းရည်တွေကို လက်ဆောင်ပေးအပ်ခြင်းခံထားရတယ်ဆိုရင် အဲဒီကစားသမားဟာ ဘယ်ခေတ်ကာလမှာမဆို အောင်မြင်နိုင်သူပါ။ ဘောလုံးအားကစားရဲ့ အရင်းခံက ကျွမ်းကျင်မှုဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော်ဘောလုံးကစားနေမယ်ဆိုရင်လည်း ကျွန်တော်ဟာ အောင်မြင်မှုရရှိနိုင်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌရာထူးအား မည်သူဆက်ခံနိုင်မည်ဆိုသည်နှင့် ပတ်သက်၍ မေးမြန်းမှုကို ပီလီက ဖြေဆိုရန် ငြင်းဆိုခဲ့ပြီး မိမိ အနေဖြင့်လည်း ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် အစီအစဉ်မရှိကြောင်း ပြောဆိုခဲ့သည်။ ဘောလုံးသမိုင်းကြောင်းတစ်လျှောက် အကောင်းဆုံးကစားသမား အဖြစ် သတ်မှတ်ခြင်းခံထားရသူ ပီလီသည် ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ၁၉၅၈၊ ၁၉၆၂ နှင့် ၁၉၇၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

